စိတ်ကူးချို့ချို့အနုပညာ

နိုင်ငံရပ်ခြား
လူငယ်လေး 'ရာမန်'
ပုံပြင်များ

အင်္ဂလိပ်-မြန်မာ

တီချယ်လှိုင်-ပြန်ဆိုတင်ဆက်သည်။

JENALI RAMAN

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချီချီစာပေ၊ ဂ၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချီချီပုံနှိပ်တိုက်၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းစျေး ၁၅၀၀ ကျပ်

၀၉၀·၀၃

နိုင်ငံရပ်ခြားလူငယ်လေး "ရာမန်" ပုံပြင်များ(အင်္ဂလိပ်-မြန်မာ)
တီချယ်လိုင် - နေ့ကုန်၊စိတ်ကူးချီချီစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၉၀၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) နိုင်ငံရပ်ခြားလူငယ်လေး "ရာမန်" ပုံပြင်များ(အင်္ဂလိပ်-မြန်မာ)

စိတ်ကူးချီချီစာအုပ်

နိုင်ငံရပ်ခြား လူငယ်လေး 'ရာမန်' ပုံပြင်များ

(အင်္ဂလိပ်-မြန်မာ)

Jenali Raman

တီချယ်လှိုင်

ပြန်ဆိုတင်ဆက်သည်။

ဥက္ကဋ္ဌ
(ဦးမြင့်စိုး)
ပညာတန်ဖေးဆောင်စာကြည့်တိုက်
အမှတ်(၆) ရပ်ကွက်၊ ပြည်ခိုင်မွန်အိမ်ရာ၊
ကမာရွတ်ပြို့နယ်။

ပထမအကြိမ်

မာတိကာ

၁။ ကာလီရဲ့လက်ဆောင်
Kali's Gift ၁

၂။ ပညာရှိကို အနိုင်ယူတဲ့ ရာမန်
Raman Beats The Scholar ၁၁

၃။ မှော်ဆရာရဲ့အမှား
The Magician's Mistake ၃၀

၄။ ငွေချေးသူကို လှည့်စားတဲ့ ရာမန်
Raman Tricks The Money Lender ၄၁

၅။ အဖော်ရသော သူခိုးများ
Helpful Thieves ၅၂

၆။ ဒေါသကြီးတဲ့ဘုရင်
The Angry King ၆၁

၇။ လုပ်ကြံသတ်ဖြတ်သူ
The Assassin ၆၈

၈။ ရွှေရောင်သရက်သီးများ
Golden Mangoes ၇၉

၉။ ရာဂျာဂုရုရဲ့ လက်စားချေမှု
Rajaguru's Revenge ၉၄

၁၀။ နီဇန်ရဲ့စိန်ခေါ်ချက်
The Nizam's Challenge ၁၀၄

၁၁။ နန်းတွင်းသားရဲ့ ဂုဏ်သိက္ခာ
The Courtiers' Pride ၁၁၉

၁၂။ ဘုရင်ကြီးနဲ့ ကြောင်
The King and The Cat ၁၂၅

၁၃။ အပျင်းကြီးတဲ့ ပန်းချီဆရာ
The Lazy Artist ၁၃၈

၁၄။ ရာမန်ရဲ့ အိမ်နီးချင်းများ
Raman's Neighbours ၁၅၀

၁၅။ ဘာမှမရှိတဲ့ဖလား
The Empty Bowl ၁၅၉

၁၆။ စိတ်ထားမွန်မြတ်တဲ့ ဦးလေး
The Generous Uncle ၁၆၈

၁၇။ ရာမန်ရဲ့ ကလဲစား
Raman's Revenge ၁၇၇

■

ကာလီရဲ့လက်ဆောင်
Kali's Gift

Most of the people in Tenali Raman's village depended on planting crops and selling the harvest to get money. For these people rain was the most important thing. Without rain their crops would dry up and die. If this happened, they would have no money and no food.

ရာမန်တို့ရဲ့ "တီနာလီ"ရွာက လူအများစုဟာ ကောက်ပဲသီးနှံ စိုက်ပျိုးရေးနဲ့ အဲဒီကောက်ပဲသီးနှံတွေကို ဝင်ငွေရအောင် ရောင်းချရေးအတွက် အဓိကမူတည်နေတဲ့ရွာတစ်ရွာဖြစ်တယ်။ အဲဒီရွာသားတွေအတွက် "မိုး"က အရေးအကြီးဆုံးပေါ့။ တကယ်လို့ မိုးသာမရွာခဲ့ရင် သူတို့ရဲ့ကောက်ပဲသီးနှံတွေ ခြောက်သွေ့ပြီး သေသွားတော့မှာပါ။ ဒီလိုဖြစ်လာပြီဆိုရင် သူတို့မှာ ပိုက်ဆံလည်းမရှိ၊ စားစရာလည်းမရှိ ဖြစ်သွားမှာပါ။

One year, when the summer was very bad, the village did not get any rain for a long time. The villagers, suffering from the heat and worried that their crops may die, prayed to the Gods to send rain.

တစ်နှစ်မှာ နွေရာသီက တော်တော်အခြေအနေဆိုးတဲ့အထိ ပူပြင်းနေချိန်မှာ မိုးကလည်း အချိန်အတော်ကြာကြာထိ မရွာနိုင်ဘူးတဲ့။ ရွာသားတွေက အပူဒဏ်ကိုလည်း ခံရတယ်။ သူတို့ရဲ့ သီးနှံပင်တွေ သေမှာကိုလည်း စိုးရိမ်နေရသတဲ့။ ဒီတော့ မိုးရွာဖို့ အတွက် နတ်ဘုရားဆီမှာ ဆုတောင်းခဲ့ကြတယ်။

One day an old Sanyasi who was travelling along the road visited Raman's village. It so happened that as soon as he walked into the village, dark clouds appeared and with a crash of thunder, it began to rain heavily. All the people were very happy and they believed that the Gods had sent the Sanyasi to bring them rain.

တစ်နေ့မှာ အသက်အရွယ်ကြီးတဲ့ "ဆန်ရာစီ"တစ်ဦးက လမ်းခရီးအတိုင်းခရီးသွားနေရင်း ရာမန်တို့ရဲ့ရွာကို အလည် ရောက်ခဲ့သတဲ့။ သူက ရွာထဲကိုလမ်းလျှောက်ဝင်လိုက်တာနဲ့ မည်းမှောင်တဲ့ မိုးသားတိမ်လိပ်တွေ တက်လာပြီး မိုးကြိုးပစ်လိုက်သတဲ့။ ဒီလိုနဲ့ မိုးတွေ သည်းသည်းမည်းမည်း ရွာချတော့တယ်။ လူတွေအားလုံး အလွန်ပျော်ရွှင်သွားကြတယ်။ ပြီးတော့ ဘုရား

သခင်က "ဆန်ရာစီ"ကိုလွှတ်ပြီး မိုးတွေ သယ်ဆောင်ခိုင်းတယ် လို့လည်း ယုံကြည်သွားကြတယ်။

The villagers of Tenali danced around the surprised Sanyasi shouting, "He is a truly holy man!" Raman saw what was happening and began to laugh because he had seen the dark clouds gathering, much before the holy man stepped into the village.

တီနာလီရဲ့ရွာသားတွေက တအံ့တသြဖြစ်နေတဲ့ "ဆန်ရာစီ" ကို ဝိုင်းပတ်ပြီး ကခုန်ကြတယ်။ ပြီးတော့ "သူက အမှန်တကယ် မြင့်မြတ်တဲ့ သူတော်စင်ပုဂ္ဂိုလ်ပဲ"လို့ အော်ဟစ်ပြောဆိုနေကြသတဲ့။ ရာမန်က ဘာတွေဖြစ်နေသလဲဆိုတာကို တွေ့ပြီး ရယ်မောနေတော့တယ်။ ဘာကြောင့်လဲဆိုတော့ မြင့်မြတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ် ရွာထဲမဝင်လာခင်ကတည်းက မိုးသားတိမ်လိပ်တွေ တက်နေတာကို သူကမြင်ထားတာကိုး။

The old Sanyasi knew that Raman was right. He realised that Raman was a very clever boy and decided to pass on his knowledge to Raman. He called Raman aside and said, "Tenali Raman, you are a very clever boy and someday you will be famous. I will teach you a mantra that you should chant one thousand times in front of the Goddess Kali. But make sure that you are alone inside the temple, only then will the Goddess appear and

bless you with gifts."

"ဆန်ရာစီ"က ရာမန်မှန်တယ်လို့ သိထားတယ်။ ရာမန်က လိမ္မာပါးနပ်တဲ့ လူငယ်လေးဖြစ်လို့ ဆန်ရာစီက သူ့ပညာဗဟုသုတတွေ ဝေငှဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီတော့ ဆန်ရာစီက ရာမန်ကို ဘေးမှာခေါ်ထိုင်ခိုင်းပြီး ခုလိုပြောလိုက်တယ်။ "တီနာလီရာမန် ... မင်းက တော်တော်လိမ္မာပါးနပ်တဲ့ လူငယ်လေးပဲ။ တစ်နေ့မှာ မင်း နာမည်ကျော်ကြားလာလိမ့်မယ်။ ငါ မင်းကို ဂါထာမန္တာန်တစ်ပုဒ် သင်ပေးမယ်။ အဲဒီဂါထာမန္တာန်ကို ကာလီနတ်ဘုရားမရဲ့ရှေ့မှောက်မှာ အကြိမ်တစ်ထောင်ရွတ်ပေးရမယ်။ ဒါပေမဲ့ ကာလီဘုရားကျောင်းထဲမှာတော့ မင်းတစ်ယောက်တည်း ရှိနေမှရမယ်။ နတ်ဘုရားမနဲ့ မင်း နှစ်ယောက်တည်းရှိနေရမယ်လို့ ပြောတာ။ နတ်ဘုရားမက မင်းကို ကောင်းချီးပေးပြီး ဆုလက်ဆောင်တွေ ချီးမြှင့်လိမ့်မယ်"

Raman was excited and rushed to the Maha Kali temple. Making sure he was alone, he began to chant the mantra. As soon as he had finished chanting one thousand times, there was a flash of light and the Goddess Kali appeared in a cloud of smoke. She had one thousand heads and held a spear in her hand.

ရာမန်လည်း စိတ်လှုပ်ရှားပြီးတော့ မဟာကာလီဘုရားကျောင်းထဲ ဝင်သွားခဲ့တယ်။ သူတစ်ယောက်တည်းဖြစ်တဲ့အထိ သေချာအောင်၊ လူရှင်းအောင် ခဏစောင့်လိုက်ပြီး ဆန်ရာစီ

သင်ပေးလိုက်တဲ့ ဂါထာမန္တာန်ကို စရွတ်လိုက်တယ်။ ဂါထာ အကြိမ်တစ်ထောင်ပြည့်သွားတာနဲ့ အလင်းတန်းတစ်ခုဖြစ်လာပြီး ကာလီနတ်ဘုရားမက တိမ်ခိုးတွေထဲမှာ ပေါ်လာခဲ့သတဲ့။ နတ်ဘုရားမက ဦးခေါင်းတစ်ထောင်ရှိပြီး လက်ထဲမှာ လုံကိုကိုင်ထားသတဲ့။

At first Raman was shocked and bent down in fear, but suddenly he began to laugh and laugh. Kali became angry and shouted, "Why are you laughing at me boy?" Trying hard to control his laughter Raman says, "Ha! Ha! I'm so sorry, O! Goddess Kali. Even though I only have one nose, I find it difficult to wipe my nose when I have a cold. I just imagined how difficult it would be for you to wipe your one thousand noses, if you got a cold. Ha! Ha!"

ပထမတော့ ရာမန်က ထိတ်လန့်ကြောက်ရွံ့သွားပြီး ဦးချအရှိအသေပေးလိုက်တယ်။ ဒါပေမဲ့ ရုတ်တရက် ရာမန်က ထရယ်လိုက်မိတယ်။ ကာလီနတ်ဘုရားမက ဒေါသထွက်သွားပြီး ခုလိုအော်လိုက်တယ် "မင်း ဘာကြောင့် ငါ့ကိုရယ်ရတာလဲ ကောင်လေး ..." ရာမန်က ရယ်တာကို ကြိုးစားထိန်းချုပ်လိုက်ပြီး "ဟာဟ ... ကျွန်တော် စိတ်မကောင်းပါဘူး နတ်ဘုရားမ ကာလီရယ်။ ကျွန်တော် နှာခေါင်းတစ်ခုတည်းရှိတာတောင် အအေးမိနှာစေးရင် အခက်တွေ့နေတာ။ တကယ်လို့များ ခင်ဗျား အအေးမိနှာစေးခဲ့ရင် နှာခေါင်းတစ်ထောင်ကို ဘယ်လိုများသုတ်နိုင်မှာလဲလို့

စဉ်းစားမိပြီး ရယ်လိုက်တာပါ" လို့ ပြောလိုက်သတဲ့။

The Goddess Kali stopped frowning and smiled. She admired the little boy's wit and honesty. Looking at Raman she said, "You are a very witty boy, Tenali Raman. Since you have made me smile, I will give you a gift." Saying this she waved her hand, and with a flash of light two bowls of milk appeared in front of Raman.

ကာလီနတ်ဘုရားမက မကျေမနပ်နဲ့ မျက်မှောင်ကြုတ်နေရာက ပြုံးလိုက်တယ်။ ပြီးတော့ သူမက ဟာသဉာဏ်ရှိပြီး ရိုးသားပွင့်လင်းတဲ့ကောင်လေးကို သဘောကျသွားသတဲ့။ ကာလီက ရာမန်ကိုကြည့်ပြီး "မင်းက တော်တော်ရယ်စရာပြောတတ်တဲ့သူပဲ ရာမန်။ မင်းက ငါ့ကို ပြုံးအောင်လုပ်နိုင်တဲ့အတွက် ငါမင်းကို လက်ဆောင်တစ်ခုပေးမယ်" လို့ ပြောလိုက်တယ်။ ကာလီက သူမရဲ့လက်ကို ဝှေ့ယမ်းလိုက်တယ်။ ဒီအခါမှာ အလင်းတန်းတစ်ခုနဲ့အတူ နွားနို့ထည့်ထားတဲ့ ဇလုံနှစ်လုံး ရာမန်ရှေ့မှာ ပေါ်လာသတဲ့။

Smiling at Raman she said, "Here are two bowls of milk. One contains the milk of knowledge and the other contains the milk of wealth. When choose a bowl and drink the milk, you will be blessed with wealth or knowledge for the rest of your life. Which bowl will you choose?"

ကာလီက ရာမန်ကို ပြုံးပြီး ခုလိုပြောလိုက်တယ် "ဒီမှာ နွားနို့ထည့်ထားတဲ့ ဇလုံနှစ်လုံးရှိတယ်။ တစ်လုံးက ချမ်းသာကြွယ်ဝမှုဖြစ်စေမယ့် နို့ထည့်ထားတယ်။ အခြားဇလုံတစ်လုံးမှာတော့ ပညာဗဟုသုတရစေမယ့် နို့တွေထည့်ထားတယ်။ မင်းက နွားနို့ဇလုံတစ်လုံးကို ရွေးချယ်ပြီး သောက်ရမယ်။ မင်းရဲ့ကျန်ရှိတဲ့ ဘဝခရီးမှာ ချမ်းသာကြွယ်ဝမှုဖြစ်ဖြစ်၊ ပညာဗဟုသုတဖြစ်ဖြစ် မင်းကိုကောင်းချီးပေးလိမ့်မယ်။ မင်း ဘယ်နို့ဇလုံကို ရွေးချယ်မှာလဲ။

Raman looked at the bowls, thought for a while and then said, "O! Kali! How can I choose the bowl without tasting the milk, to find out which one is better? Would you allow me to just taste the milk from each bowl, before deciding?"

ရာမန်က နို့ဇလုံနှစ်လုံးကို ကြည့်လိုက်တယ်။ ပြီးတော့ ခဏလောက် စဉ်းစားပြီး ကာလီကိုပြောလိုက်တယ် "အို ... ကာလီ ကျွန်တော်က နွားနို့ကို မြည်းမကြည့်ရဘဲနဲ့ ဘယ်လိုလုပ်ရွေးချယ်လို့ရမှာလဲ။ ဘယ်ဟာကပိုကောင်းမှန်း မသိဘူးလေ။ ဒါကြောင့် ကျွန်တော် မဆုံးဖြတ်ရသေးခင် နို့ဇလုံတစ်လုံးစီကနေ နည်းနည်းစီလောက် မြည်းကြည့်ခွင့်ပေးပါလား"

Kali's one thousand heads looked at one another, then looked at Raman and said, "No problem Raman. Go ahead and taste the milk from both bowls." With a gleeful giggle Raman quickly

picked up each bowl and took a two big mouths of milk from each. As he finished, he stood up and gave the Goddess a naughty smile.

ကာလီရဲ့ဦးခေါင်းတစ်ထောင်ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ကြည့်မိကြသတဲ့။ ပြီးတော့ ကာလီက ရာမန်ကိုကြည့်ပြီး "ကဲ ဇလုံနှစ်လုံးစလုံးက နွားနို့ကို သွားမြည်းတော့" လို့ ပြောလိုက်တာပေါ့။ ရာမန်က ဝမ်းသာအားရနဲ့ရယ်မောပြီး နွားနို့ဇလုံတစ်လုံးချင်းစီက နွားနို့တွေကို ပါးစပ်အပြည့် နှစ်ငုံစီငုံသောက်လိုက်သတဲ့။ သောက်ပြီးသွားတော့ သူက နတ်ဘုရားမကို ကလေးငယ်တစ်ယောက်ရဲ့ ရိုးသားတဲ့အပြုံးနဲ့ ပြုံးပြီးကြည့်နေသတဲ့။

Suddenly the Goddess realised that she had been tricked by Raman. She became furious and said, "How dare you trick me!" Raman quickly asked her forgiveness and said, "Forgive me O! Kali! But what is the use of knowledge without wealth. I will be able to do a lot more good if I had both."

ရုတ်တရက် နတ်ဘုရားမက သဘောပေါက်သွားတယ်။ ရာမန်က သူ့ကိုလှည့်စားလိုက်ပြီဆိုတာကိုပေါ့။ နတ်ဘုရားမကာလီက ဒေါသထွက်သွားပြီး "မင်းက ငါ့ကို လိမ်ညာလှည့်စားရဲ့တယ်ပေါ့"

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ကာလီ။ ဘာမှမချမ်းသာဘဲနဲ့ ပညာဗဟုသုတကို ဘယ်လိုအသုံးချမှာလဲ။ ကျွန်တော့်ဆီမှာ စီးပွား

ဥစ္စာရော၊ ပညာပါ နှစ်ခုစလုံးရှိနေရင် ဘိုပြီးကောင်းတာပေါ့လို့ ရာမန်က ပြန်ပြီးဆင်ခြေပေးလိုက်တယ်။

Once again the Goddess realised that Raman was being honest and forgave him. She blessed him and in a flash of light disappeared. From that day on Tenali Raman began his adventures using wit and knowledge to bring him great wealth.

ရာမန်ရဲ့စကားကိုကြားတော့ နတ်ဘုရားမက သဘောပေါက် နားလည်သွားပြီး ရာမန်ရဲ့ရိုးသားမှုကြောင့် ခွင့်လွှတ်ပေးလိုက်သတဲ့။ ကာလီက ရာမန်ကို ကောင်းချီးပေးပြီး အလင်းတန်းတစ်ခုထဲမှာ ပျောက်ကွယ်သွားခဲ့သတဲ့။ အဲဒီနေ့ကစပြီး တီနာလီရွာမှာ ရာမန်ဟာ သူ့ပညာ၊ ဗဟုသုတတွေကို အသုံးချရင်း ကြီးပွားချမ်းသာတဲ့ဘဝကို ရောက်ရှိသွားသတဲ့ကွယ်။

■

Tenali Raman grew up to be famous for his wit and knowledge in his village. But very soon he wanted to move out of his village and into the capital, Vijayanagar, where the King Krishnadevaraya lived. He knew that if he could get to visit the King, he would impress the King with his wit and knowledge. And hopefully Krishnadevaraya would give Raman a place in his court, since he was famous for promoting learning and art.

တီနာလီရာမန်ဟာ သူ့ရဲ့ပညာဉာဏ်ကြောင့် ရွာထဲမှာ ထင်ပေါ်ကျော်ကြားစွာနဲ့ ကြီးပြင်းခဲ့ရတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ရွာကနေထွက်ခွာပြီး မြို့တော်ကို သွားချင်ခဲ့သတဲ့။ အဲဒီမြို့တော်ကတော့ ဘုရင်မင်းမြတ် 'ခရစ်ရှနာဒီဗာရာယ'နေထိုင်တဲ့ ဗီဇျေး

ရာနာဂါ'ဆိုတဲ့ မြို့တော်ပဲပေါ့။ တကယ်လို့ သူက ဘုရင်မင်းမြတ်ဆီ အလည်သွားပြီး ဘုရင်အထင်ကြီးအောင် သူ့ရဲ့ဇဝနဉာဏ်ကို အသုံးချမယ်၊ ဒီတော့ ဘုရင်ကသူ့ကို နန်းတွင်းရုံးတော်မှာ နေရာပေးပြီးရာထူးခန့်အပ်မယ်ဆိုတဲ့ မျှော်လင့်ချက်အပြည့်နဲ့ တွေးနေသတဲ့။ ဒီလိုဖြစ်လာရင် သူက ရာထူးတွေတက်ပြီး အနုပညာဘက်မှာ ပိုပြီးသင်ယူနိုင်တော့မှာပေါ့။

One day Raman found out that the King's most favourite subject, Rajaguru was visiting his friends in a town near Raman's village of Tenali. Rajaguru was an old scholar who had taught the King when he was a child. Raman knew that if he could impress Rajaguru, he would definitely get to meet the King. Without hesitating, Raman picked up his collection of poems and writings and rushed to meet Rajaguru. When he arrived at the house where Rajaguru was staying, he convinced the guards to let him meet Rajaguru.

ဘစ်နေ့မှာ ဘုရင်ကြီးရဲ့မျက်နှာသာအပေးခံရဆုံးဖြစ်တဲ့ 'ရာဂျာဂုရု'ဆိုသူက ရာမန်တို့ရွာအနီးက မြို့တစ်မြို့မှာရှိတဲ့ သူငယ်ချင်းဆီကို အလည်လာသတဲ့။ ဒါကို ရာမန်က တွေ့လိုက်တယ်။ 'ရာဂျာဂုရုက အသက်အရွယ်အိုမင်းတဲ့ ပညာရှိတစ်ဦးဖြစ်ပြီး ဘုရင် ငယ်ငယ်လေးကတည်းက ပညာသင်ပေးခဲ့သူဖြစ်တယ်။ တကယ် လို့ 'ရာဂျာဂုရု'ကို မြှောက်ပင့်ပေးလိုက်မယ်ဆိုရင် သူ

အမှန်တကယ် ဘုရင်နဲ့တွေ့ခွင့်ရမယ်လို့ ရာမန်ကစဉ်းစားမိတယ်။ ဒီတော့ ဘာမှတုံ့ဆိုင်းမနေတော့ဘဲနဲ့ ရာမန်က သူ့ကဗျာ စာတိုပေစတွေကို စုဆောင်းလိုက်တယ်။ ပြီးတော့ မြန်မြန်ဆန်ဆန်ပဲ 'ရာဂျာဂုရု' ဆီသွားတွေ့တယ်။ ရာဂျာဂုရုတည်းခိုနေတဲ့ အိမ်ကို ရောက်တော့ အစောင့်တွေကို ရာဂျာဂုရုနဲ့တွေ့ခွင့်ပေးဖို့ ခွင့်တောင်းသတဲ့။

At first Rajaguru laughed when he saw the thin young man from Tenali. Then he asked Raman, "So, how can I help you young man?" Raman replied without hesitation, "Sir, I would like to impress you with my wit and knowledge so that you will introduce me to the King. I have always dreamed of being a subject in the King's court."

တီနာလီရွာကလာတဲ့ လူငယ်ပိန်ပိန်သေးသေးလေးကို တွေ့လိုက်ရလို့ ပထမတော့ ရာဂျာဂုရုက ရယ်လိုက်တာပေါ့။ နောက်တော့ ရာမန်ကို စမေးတယ် "ငါ ဘာကူညီရမလဲ ကောင်လေး" ရာမန်က မဆိုင်းမတွဘဲ ပြန်ဖြေလိုက်တယ် "ဆရာ့ကို ကျွန်တော့်ရဲ့ ဇဝနဉာဏ်နဲ့ ပညာ၊ ဗဟုသုတတွေ ထုတ်ပြပါရစေ။ ပြီးရင် ကျွန်တော့်ကို ဘုရင်ကြီးနဲ့ မိတ်ဆက်ပေးပါ။ ဘုရင်ကြီးရဲ့ နန်းတွင်း ရုံးတော်မှာ အမှုထမ်းဖြစ်ဖို့ ကျွန်တော် အမြဲတမ်း စိတ်ကူးယဉ်ခဲ့ပါတယ်"

Rajaguru and his friends began laughing

loudly. When they stopped, one of Rajaguru's friends said, "Silly young man! How are you going to impress Rajaguru? He is one of the oldest, wisest scholars in the Kingdom."

ရာဂျာဂုရုနဲ့ သူ့သူငယ်ချင်းက ကျယ်လောင်စွာ ရယ်မော လိုက်ကြတာပေါ့။ အရယ်ရပ်သွားတဲ့အချိန်မှာ ရာဂျာဂုရုရဲ့ သူငယ် ချင်းတစ်ယောက်က ခုလိုပြောသတဲ့။ "မိုက်လိုက်တဲ့လူငယ်ပဲ၊ ရာဂျာဂုရုကို မင်းဘယ်လို ပညာပြလို့ရမှာလဲ။ သူက ဘုရင့်နေ ပြည်တော်ထဲမှာ အသက်အကြီးဆုံး၊ ပညာအရှိဆုံးပဲကွ"

Raman ignored the man and took out his poems and writings. As he read them to Rajaguru and his friends, they realised that Raman was no ordinary young man. When he had finished reading, Raman began cracking witty jokes that made Rajaguru and his friends laugh till tears came from their eyes. When he had finished, the Rajaguru promised to speak to the King and get Raman into the King's court.

ရာမန်က ဘယ်သူဘာပြောပြော ဥပေက္ခာပြုပြီး သူ့ရဲ့ကဗျာ တွေ၊ စာတွေကို ထုတ်လိုက်တယ်။ ပြီးတော့ ရာမန်က ရာဂျာဂုရုနဲ့ သူ့သူငယ်ချင်းတွေကို ဖတ်ပြလိုက်တယ်။ ရာမန်က သာမန်လူငယ် လေးမဟုတ်ဘူးဆိုတာကို သူတို့သဘောပေါက်သွားကြသတဲ့။ ရာမန်က စာတွေ၊ ကဗျာတွေဖတ်ပြပြီးချိန်မှာ ရာဂျာဂုရုနဲ့ သူ့ သူငယ်ချင်းတွေက မျက်ရည်ကျတဲ့အထိ ရယ်မောခဲ့ကြတယ်။

ရာဂျာဂုရုက ဘုရင်ကိုပြောပြပေးမယ်၊ ပြီးရင် ဘုရင့်ရုံးတော်ကို ခေါ်သွားပေးမယ်လို့ ကတိပေးသတဲ့။

Raman waited patiently for many days to hear from Rajaguru. But after one month he realised that Rajaguru had not kept his promise. He had probably forgotten Raman when he returned to Vijayanagar.

ရာမန်ဟာ ရာဂျာဂုရုဆီက သတင်းကောင်းကြားရဖို့ ရက်အတော်ကြာကြာ စိတ်ရှည်လက်ရှည် စောင့်နေခဲ့သတဲ့။ ဒါပေမဲ့ အချိန်တစ်လကျော်လာပြီဆိုတော့ ရာဂျာဂုရု ကတိမတည်ဘူးလို့ နားလည်သွားတယ်။ သူက ဗီဂျေးရာနာဂါကို ပြန်ရောက်သွားတာနဲ့ ရာမန်ကို မေ့သွားလေရော့လားမသိ။

Determined to meet the King, Raman sold his house in Tenali and left for Vijayanagar with his family. When he arrived in Vijayanagar, Raman asked for directions to Rajaguru's house. He found the house, but the guards stopped him. Luckily, one of them recognised him as the young man from Tenali and said to the others, "He's the funny man from Tenali. Rajaguru knows him. Let him through."

ဘုရင်နဲ့တွေ့ဖို့ ဆုံးဖြတ်လိုက်ပြီး ရာမန်က တီနာလီမှာရှိတဲ့ သူ့အိမ်ကိုရောင်းပြီး မိသားစုနဲ့အတူ ဗီဂျေးရာနာဂါမြို့ကို ထွက်လာခဲ့တယ်။ အဲဒီမြို့ကိုရောက်တော့ ရာမန်က ရာဂျာဂုရုရဲ့အိမ်

သွားမယ့်လမ်းကို မေးလိုက်တယ်။ အဲဒီအိမ်ကိုရှာတွေ့တော့ အစောင့်တွေက တားတယ်။ ကံကောင်းချင်တော့ အစောင့်တစ်ယောက်က တီနာလီကကောင်လေးဆိုပြီး မှတ်မိသွားတယ်။ ဒီအစောင့်က သူ့လူတွေကိုပြောလိုက်တယ်။ "သူက တီနာလီကကောင်လေးလေ၊ တကယ်ရယ်ရတဲ့ကောင်လေးပါ။ သူ့ကို သွားခွင့်ပေးလိုက်"လို့ ပြောသတဲ့။

When the guards took Raman to Rajaguru, he was shocked! He did not think that the young man from Tenali would have the courage to visit him, in the King's capital.

အစောင့်တွေက ရာမန်ကို ရာဂျာဂုရုဆီခေါ်သွားတော့ ရာဂျာဂုရုက တော်တော်ကြီး ထိတ်လန့်သွားသတဲ့။ တီနာလီက လူငယ်ကလေး ဘုရင့်နေပြည်တော် သူ့ဆီအလည်လာဖို့ ဒီလောက် သတ္တိရှိမယ်မှန်း သူမထင်ခဲ့ဘူးတဲ့။

He was secretly afraid that if he introduced the witty and intelligent Raman to the King, he might lose his place as the King's favourite subject.

ရာမန်က ဘုရင်ကို ဉာဏ်ရည်ထက်ထက်မြက်မြက်နဲ့ မိတ်ဆက်လိုက်ရင် ဘုရင်က သူ့အပေါ်မျက်နှာသာမပေးတော့ဘဲ နန်းတွင်းမှာ နေရာပျောက်သွားတော့မယ်လို့တွေးပြီး ရာဂျာဂုရုက တိတ်တဆိတ် စိတ်ပူပင်ကြောက်လန့်နေသတဲ့။

In anger he shouted at his guards, "How dare you let this man in without my permission? Can't you see that he is just a villager? Look at him! He looks like a thief! Throw him out at once." Even though Raman protested and pleaded with Rajaguru, the guards threw him out. Raman realised that Rajaguru was jealous of him, and decided to teach Rajaguru a lesson.

ရာဂျာဂုရုက ဒေါသထွက်ထွက်နဲ့ အစောင့်တွေကို အော်လိုက်တယ်။ "ငါ့အမိန့် မရဘဲနဲ့ မင်းတို့ ဒီလူကို ခေါ်သွင်းရဲကြသလား။ ဒါက ကျေးတောသားတစ်ယောက်ဆိုတာ မင်းတို့မသိကြဘူးလား။ သူ့ကိုကြည့်စမ်း သူခိုးနဲ့မတူဘူးလား။ ချက်ချင်း မောင်းထုတ်လိုက်ကြစမ်း" ရာမန်က တောင်းတောင်းပန်ပန်နဲ့ ပြောနေတဲ့ကြားက အစောင့်တွေက သူ့ကို မောင်းထုတ်လိုက်ကြသတဲ့။ ရာဂျာဂုရု သူ့ကိုမနာလိုဖြစ်နေပြီဆိုတာကို ရာမန် သဘောပေါက်သွားပြီ။ ဒီတော့ သူ့ကို သင်ခန်းစာပေးဖို့ ရာမန်က ဆုံးဖြတ်လိုက်တယ်။

The next day when the King's court was in session, Raman managed to make his way in. Hiding among the crowds of people who entered the King's court to watch the events that took place.

နောက်တစ်နေ့ ဘုရင့်ရုံးတော်မှာ ညီလာခံကျင်းပနေချိန်မှာ ရာမန် သူ့နည်းသူ့ဟန်နဲ့သူ ဝင်နိုင်ဖို့ ကြိုးစားလိုက်တယ်။ ဘုရင့်



ရုံးခန်းထဲက အဖြစ်အပျက်၊ အခြေအနေတွေကို လေ့လာ၊ စောင့်ကြည့်နေတဲ့သူတွေရဲ့ကြားမှာ ရာမန်က ဝင်ရောပြီး ပုန်းနေလိုက်တယ်။

Since King Krishnadevaraya was fond of learning, art and humour, he invited people from far and wide to visit his court and perform for him. On that particular day, a famous Scholar from Varanasi was visiting the King. After talking to the King on various topics like religion, education and astronomy, the Scholar asked the King, "Your Majesty, I have heard so much about your Kingdom. Most importantly I have heard that you encourage your people to be knowledgeable and intelligent. Since I am a famous Scholar, I would like to challenge one of your people to a debate, on any topic, to test their intelligence. Do I have your permission O Great King?"

ဘုရင်ကြီး ခရစ်ရှနာဒီဗာရာယဟာ အနုပညာနဲ့ ဟာသပညာကိုသင်ယူရတာ တအားနှစ်သက်တဲ့သူဖြစ်တာကြောင့် ရပ်နီးရပ်ဝေးကလူတွေအားလုံးကို သူ့နန်းတော်ဆီ ဖိတ်ခေါ်ပြီး သူ့ကို ဖျော်ဖြေပညာပြခိုင်းသတဲ့။ သတ်မှတ်ထားတဲ့နေ့ရောက်တော့ ဗာရာဏသီပြည်က နာမည်ကျော်ပညာရှိတွေ ဘုရင်ကြီးထံ ရောက်လာကြတာပေါ့။ ဘုရင်ကြီးနဲ့ ဘာသာရေး၊ ပညာရေး၊ နက္ခတ်ဗေဒင်ပညာ စတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ ပြောဆိုဆွေးနွေးကြ

ပြီးတဲ့နောက် ပညာရှိတစ်ဦးက ဘုရင်ကြီးကိုမေးလိုက်တယ်။ "မင်းကြီး ... သင့်နေပြည်တော်နဲ့ပတ်သက်ပြီး ကျွန်တော်မျိုးတို့ အများကြီးကြားဖူးနားဝရှိပါတယ်။ အရေးအပါဆုံးကတော့ သင်မင်းကြီးက သင့်တိုင်းသူပြည်သားတွေကို ပညာဗဟုသုတ ပြည့်စုံဖို့နဲ့ ဉာဏ်ရည်ထက်မြက်ဖို့ အမြဲအားပေး၊ တိုက်တွန်းတယ်ဆို။ ကျုပ်က နာမည်ကျော်ပညာရှိတစ်ယောက်ဆိုတော့ သင့်လူတစ်ယောက်ယောက်နဲ့ စကားစစ်ထိုးချင်တယ်။ ဘယ်ခေါင်းစဉ်နဲ့ ပဲဖြစ်ဖြစ်ပေါ့။ သူတို့ကို ဉာဏ်ရည်ကောင်းမကောင်း စမ်းချင်လို့ပါ။ သင့်ဆီကနေ ခွင့်ပြုချက်တောင်းခံနေတာပါ မင်းကြီး"

The King looked surprised, but knew that if he refused, he and his Kingdom would lose their pride. At once he and everyone else in the room looked towards Rajaguru, who was known as the most learned scholar in the Kingdom.

ဘုရင်ကြီးက အံ့အားသင့်သွားတယ်။ တကယ်လို့ သူက စကားစစ်ထိုးပွဲကို ငြင်းလိုက်မယ်ဆိုရင် သူနဲ့ သူ့နန်းတော်ထဲကသူအားလုံး ဂုဏ်သိက္ခာကျဆင်းမယ်။ ဒီတော့ ဘုရင်ကြီးနဲ့ ကျန်တဲ့သူတွေအားလုံး နန်းတွင်းထဲမှာ ပညာအတတ်ဆုံးအဖြစ် လူသိများတဲ့ ပညာရှိ ရာဂျာဂုရုဘက်ကိုကိုင်းပြီး လှည့်ကြည့်ကြတယ်။

Rajaguru's eyes opened wide in fear. He was being put to the test, and he did not like it. He could not raise his eyes to look at the King. The King said, "Of course Scholar, my favourite

subject, Rajaguru, will debate with you on any topic."

ရာဂျာဂုရုရဲ့ မျက်စိနှစ်လုံးက ကြောက်လန့်တကြားနဲ့ ပြူးကျယ်သွားသတဲ့။ သူက အစမ်းသပ်ခံရတော့မှာပါလား။ သူက ဒါကိုမကြိုက်ဘူး။ ဘုရင်ကိုလည်း မော်မကြည့်ရဲဘူးလေ။ ဘုရင်ကြီးက "ငါ့အခင်ဆုံး ပညာရှိ ရာဂျာဂုရုက ဘယ်ခေါင်းစဉ်နဲ့ပဲ ဖြစ်ဖြစ် စကားစစ်ထိုးပါလိမ့်မယ်"လို့ ကြေညာလိုက်တော့တယ်။

Hearing this Rajaguru, overcome by fear, pretended to faint. The King rushed up to, picked him up and shook him up. "Wake up Rajaguru, what happened to you? You have GOT to debate with the Scholar!" said the King. Rajaguru replied in a weak trembling voice, "I am not feeling too well your Majesty. I think I have a fever."

Disappointed, the King threw him aside and shouted out to the crowd, "Will anyone else dare to come forward and defend the honour of our Kingdom?"

There was total silence in the room.

မင်းကြီးရဲ့စကားကိုကြားလိုက်ရတော့ ရာဂျာဂုရု အကြောက်လွန်ပြီး မေ့လဲချင်ယောင်ဆောင်လိုက်သတဲ့။ ဘုရင်ကြီးက သူ့အနား အပြေးအလွှားရောက်လာပြီး နှာနှပ်ပေးတယ်။ "ရာဂျာဂုရု ဘာဖြစ်လို့လဲ၊ သတိထားပါ ရာဂျာဂုရု။ မင်း ဟိုကပညာရှင်နဲ့

စကားစစ်ထိုးရမယ်လေ" ရာဂျာဂုရုက ကြောက်ရွံ့တုန်လှုပ်တဲ့ လေသံနဲ့ မင်းကြီးကို ပြန်ဖြေလိုက်တယ် "ကျွန်တော်မျိုး သိပ် နေမကောင်းပါဘူး မင်းကြီး၊ ဖျားနေပြီထင်တယ်" မင်းကြီး တော် တော် စိတ်ပျက်သွားတယ်။ ပြီးတော့ ရာဂျာဂုရုကို ဘေးတွန်းထုတ် ပြီး ပရိသတ်ကိုခုလိုကြေညာလိုက်တယ် "ငါတို့တိုင်းပြည်နဲ့ နန်း တော်ရဲ့ဂုဏ်သိက္ခာကို ဘယ်သူကာကွယ်နိုင်မလဲ။ ကာကွယ်နိုင် မယ့်လူရှိလား" နန်းတွင်းက ရုံးတော်တစ်ခုလုံးမှာ လုံးဝတိတ်ဆိတ် ငြိမ်သက်သွားတယ်။

Raman watched what had happened and knew that this was the opportunity he had been waiting for. He pushed his way through the crowd and stepped out in front of the King. Folding his hands humbly, in front of the King he said, "Just give me the opportunity my King and I'll defend the honour of our Kingdom."

The King looked shocked and shouted, "Who are you?"

ရာမန်က အခြေအနေ အဖြစ်အပျက်တွေကို စောင့်ကြည့်ပြီး ဒါဟာ သူ့အတွက် စောင့်ဆိုင်းနေခဲ့ရတဲ့အခွင့်အရေးပဲလို့ နား လည်လိုက်တယ်။ ရာမန်က လူအုပ်ကြားမှဖြတ်ပြီး မင်းကြီးရှေ့ မှောက် ရောက်အောင်သွားလိုက်တယ်။ သူက မင်းကြီးကို လက် နှစ်ဖက်နဲ့ အရိုအသေပေးပြီး ခုလိုပြောလိုက်တယ် "မင်းကြီး ကျွန်တော်မျိုးကို အခွင့်အရေးတစ်ခုလောက်ပေးပါ။ ကျွန်တော်မျိုး

တို့ရဲ့တိုင်းပြည်နဲ့ နန်းတော်ကြီးတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာကို ကျွန်တော်မျိုး ကာကွယ်ပေးပါ့မယ်" မင်းကြီးက ရုတ်တရက် ထိတ်လန့်သွားပြီး အော်လိုက်တယ်။ "မင်းက ဘယ်သူလဲ ..."

Raman bowed even lower and said, "I am Raman, a simple villager from Tenali, but I am confident that I can beat this Scholar in a debate O! King."

ရာမန်က ဦးခေါင်းကို ပိုနှိမ့်ပြီး ဦးညွတ်လိုက်တယ်။ ပြီးတော့ ... "ကျွန်တော့်နာမည် ရာမန်ပါ။ တီနာလီဆိုတဲ့ဒေသက သာမန်ဆင်းရဲသား ကျေးတောသားတစ်ဦးပါ။ ဒါပေမဲ့ ဒီပညာရှိကို စကားစစ်ထိုးပွဲမှာ အနိုင်ရရမယ်လို့ ကျွန်တော့်မှာ ယုံကြည်ချက် ရှိပါတယ် မင်းကြီး"လို့ ပြောလိုက်သတဲ့။

The King looked suspicious, but said, "Very well then. You may debate with the Scholar. But I must warn you; the honour of our Kingdom is at stake. If you lose, I will have you thrown in prison for the rest of your life. If you win, I will give you a bag of gold and make you one of my subjects."

ဘုရင်ကြီးက မယုံသင်္ကာနဲ့ ရာမန်ကိုကြည့်ပြီး "ကောင်းပြီလေ ...၊ မောင်မင်း ပညာရှိနဲ့စကားစစ်ထိုးမယ်ဆို ထိုးပေါ့။ ဒါပေမဲ့ မင်းကို သတိပေးထားရမယ်။ ငါတို့တိုင်းပြည် နန်းတော်ရဲ့ အခြေအနေက မအောင်မြင်ခဲ့ရင်သွားပြီ။ မင်းရှုံးသွားခဲ့ရင် ငါမင်းကို တစ်သက်တစ်ကျွန်း ထောင်ဒဏ်ပေးမယ်။ မင်းနိုင်ခဲ့ရင်တော့

ရွှေတစ်အိတ်ပေးပြီး ငါ့ရဲ့အခင်ဆုံးမိတ်ဆွေအဖြစ် သတ်မှတ်မယ်" လို့ ပြောလိုက်တယ်။

Raman bowed gracefully and thanked the King. Then he approached one of the guards and whispered something to him. The guard left the courtroom. There was total silence as everyone waited to see what the strange young man from Tenali would do.

ရာမန်က မင်းကြီးကို အသေအချာအရိုအသေပေးပြီး ကျေးဇူးတင်စကားပြောလိုက်တယ်။ ဒီနောက် ရာမန်က အစောင့်တစ်ယောက်နားကပ်သွားပြီး တီးတိုးစကားတစ်ခုပြောလိုက်သတဲ့။ အစောင့်က ပရိသတ်တွေရှိနေတဲ့ နန်းတော်ရုံးတော်ထဲက ထွက်သွားတယ်။ ပရိသတ်တွေဟာ တီနာလီက ထူးဆန်းတဲ့ လူငယ်လေး ဘာလုပ်မလဲ၊ ဘာပြောမလဲဆိုတာကို တွေ့မြင်ရဖို့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ စောင့်ဆိုင်းနေကြသတဲ့။

The guard entered the room carrying a big bundle of something that looked like bundles of paper. Raman sat near the bundle and requested the Scholar to be seated.

စောစောက အစောင့်က ရုံးခန်းထဲ ပြန်ဝင်လာပြီး တစ်ခုခုပတ်ထားတဲ့ အလိပ်ကြီးတစ်ခုကို သယ်လာခဲ့သတဲ့။ ကြည့်ရတာ စက္ကူလိပ်နဲ့တူပါရဲ့။ ရာမန်က အဲဒီအလိပ်ကြီးအနားမှာထိုင်ပြီး ပညာရှိဆိုသူကို ထိုင်ဖို့တောင်းဆိုလိုက်တယ်။

He looked at the Scholar and said, "O learned one, I am a simple man and so I would like to debate with you on a simple topic. I have decided to debate on a simple piece of work called the Tilakashtha Mahisha Bandhana. "

ရာမန်က ပညာရှိကိုကြည့်ပြီး ခုလိုပြောလိုက်တယ်။ "အိုး... ပညာရှိကြီး ကျွန်တော်က သာမန်လူတစ်ယောက်ပါ။ ဒါကြောင့် ခင်ဗျားနဲ့ ရိုးရှင်းတဲ့ခေါင်းစဉ်ပဲ စကားစစ်ထိုးလိုပါတယ်။ ကျွန်တော်ကတော့ တီလာကာရှ်သာ့မာဟီရှာ ဘန်ဒါနာလို့ခေါ်တဲ့ ရိုးရှင်းတဲ့ပုံစံနဲ့ပဲ စကားစစ်ထိုးဖို့ ဆုံးဖြတ်ထားတယ်"

The Scholar's eyes opened wide. He had never heard of such a piece of work. He looked around helplessly knowing that he could not display his ignorance. With a nervous smile he said, "er...Oh...the...the Tilakashtha Mahisha Bandhana is the only piece of work that I haven't studied."

ပညာရှိဆိုတဲ့လူ မျက်လုံးပြူးသွားသတဲ့။ သူက ဒါကို တစ်ခါမှမကြားဖူးဘူးလေ။ သူက ကူညီရာမဲ့ဖြစ်သွားပြီး ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တယ်။ ဒီတော့ ရိုးရိုးရှင်းရှင်းပဲ ပြန်ဖြေပါတယ်။ "အာ ... အို ... ဒါ ... ဒါ ... ဒါ ... က ကျွန်တော် မလေ့လာရသေးတဲ့ ပညာရပ်ပါ"

Raman pretended to look shocked. He exclaimed, "What?!! You don't know the

Tilakashtha Mahisha Bandhana? Even the cowherds in our Kingdom are familiar with the Tilakashtha Mahisha Bandhana!!

ရာမန်က ထိတ်လန့်သွားတဲ့ပုံစံနဲ့ ဟန်ဆောင်လိုက်ပြီး ခုလို ပြောလိုက်တယ် "ဘာပြောတယ် ...၊ ခင်ဗျားက တီလာကာရှ်သာ မာဟီရှာ ဘန်ဒါနာကို မသိဘူး ဟုတ်လား။ ကျုပ်တို့နိုင်ငံက နွားကျောင်းသားတွေတောင် တီလာကာရှ်သာ မဟီရှာဘန်ဒါနာနဲ့ အမြဲ ကျွမ်းဝင်ထိတွေ့နေတာ"

The Scholar was afraid that he had asked for too much, so he said, "I am so sorry your Majesty. I accept defeat, but promise to study the Tilakashtha Mahisha Bandhana and return for a debate." With that he left the King's court in a hurry. The crowd cheered Raman and booed the Scholar.

ပညာရှိက မေးခွန်းတွေအများကြီးမေးခံရလို့ ကြောက်နေပြီး ခုလိုပြောသတဲ့ "ကျွန်တော်မျိုး အရမ်းစိတ်မကောင်းဖြစ်မိပါတယ် မင်းကြီး။ ကျွန်တော်က ယှဉ်ပြိုင်တိုက်ခိုက်တာကိုလက်ခံပါတယ်။ ဒါပေမဲ့ တီလာကာရှ်သာမာဟီရှာ ဘန်ဒါနာကို လေ့လာပြီး စကား စစ်ထိုးဖို့ ပြန်လာခဲ့ပါ့မယ်" ပညာရှိဟာ ပြောပြောဆိုဆိုနဲ့ ဘုရင့်ရုံး တော်ထဲကနေ ကပျာကယာထွက်သွားလိုက်တယ်။ လူထုပရိသတ်က ရာမန်ကို ချီးကျူးအားပေးကြတာပေါ့။ ပညာရှိကြီးကိုတော့ ဝိုင်းဝန်းလှောင်ပြောင်လိုက်ကြသတဲ့။

The King was overjoyed. He hugged Raman, gave him a bag of gold and said, "Well done Raman of Tenali. From today you will be one of my subjects. Now tell me what is this **Tilakashtha Mahisha Bandhana** ? I have never heard of it." This was Raman's moment of glory. He looked at Rajaguru, who looked like he had recovered, and said, "Why don't you ask your favourite subject, Rajaguru?"

The King turned to Rajaguru and asked him if he knew the answer. Rajaguru could not lie, so he said to the King, "No Majesty, I have not heard of this Tilakashtha Mahisha Bandhana."

ဘုရင်ကြီးက တော်တော်သဘောကျသွားတယ်။ ဘုရင်က ရာမန်ကို ပွေ့ဖက်လိုက်ပြီး ရွှေတစ်အိတ်ပေးလိုက်သတဲ့။ ပြီးတော့ "ကောင်းပြီ တီနာလီရဲ့ရာမန်ရေ ...၊ ဒီနေ့ကစပြီး မင်းက ငါ့ရဲ့ အခင်ဆုံးမိတ်ဆွေဖြစ်သွားပြီ။ အခု ငါ့ကို တီလာကာရှ်သာမာဟီရှ ဘန်ဒါနာဆိုတာ ဘာလဲဆိုတာ ပြောပြပါ။ ငါ တစ်ခါမှမကြား ဖူးလို့ပါ"လို့ ပြောသတဲ့။ ဒီအချိန်ကတော့ ရာမန်ရဲ့တင့်တယ်မှုကို ပြရတော့မယ့်အချိန်ပဲလေ။ ရာမန်က ပြန်ပြီးသက်သာလာတဲ့ ရာဂျာဂုရုကိုကြည့်ပြီး "ခင်ဗျား ဘာလို့ ဘာမှမမေးရတာလဲ"ဆိုတော့ မင်းကြီးက ရာဂျာဂုရုဘက်လှည့်ကြည့်ပြီး "အဖြေသိသလား"လို့ မေးသတဲ့။ ရာဂျာဂုရုက မလိမ်နိုင်တော့ မင်းကြီးကို ခုလိုပြောလိုက်တယ်။ "မသိပါဘူး မင်းကြီး၊ ကျွန်တော်မျိုး တီလာ

ကာရ်သာ မာဟီရာ ဘန်ဒါနာဆိုတာ တစ်ခါမှ မကြားဖူးပါဘူး"

All eyes turned to Raman who smiled and said, "Simple." He opened the bundle that the guard had brought in. It contained bundles of sesame plant stalks tied with rope.

မျက်လုံးတွေအားလုံးက ရာမန်ဘက်ကို စုပြုံရောက်လာကြတယ်။ ရာမန်က ပြုံးပြီး အစောင့်ယူလာတဲ့ အစည်းကြိုးကို ဖြည်လိုက်တယ်။ အဲဒီထဲမှာ နှမ်းပင်ရိုးတံကို ကြိုးနဲ့စည်းထားတာကို တွေ့ရသတဲ့။

He explained, "Tilakashthas, are the stalks of the sesame plant and Mahisha Bandhana, are the ropes with which they are tied. Cowherds use these ropes to tie their cows and they use the stalks to feed their cows."

ရာမန်က ရှင်းပြတယ်။ "တီလာကာရ်သာဆိုတာ နှမ်းပင်ရဲ့ ရိုးတံကိုခေါ်တယ်၊ မာဟီရာဘန်ဒါနာဆိုတာ နွားကျောင်းသားတွေက သူတို့ရဲ့နွားတွေကိုချည်ဖို့နဲ့ နှမ်းပင်ရိုးတံကတော့ နွားတွေကို အစာကျွေးဖို့ပါ"

The whole court burst out laughing. They knew that Tenali Raman had used his wit intelligently to beat the Scholar.

From that day onwards Tenali Raman became

one of the King's favourite subjects, even though Rajaguru did not like it one bit.

ဘုရင့်နန်းတွင်းရုံးတော်ထဲမှာ ဝေါကနဲဆိုတဲ့ ရယ်သံကြီးတွေ ကျယ်လောင်စွာထွက်လာခဲ့တယ်။ တီနာလီရဲ့ရာမန်က သူ့ရဲ့ ဇဝနဉာဏ်ကောင်းကောင်းနဲ့ ပညာရှိကြီးကို အနိုင်ယူလိုက်တယ် ဆိုတာ အများကသိသွားကြသတဲ့။ အဲဒီနေ့ကစပြီး ရာမန်ဟာ ဘုရင့်အခင်ဆုံးမိတ်ဆွေ ဖြစ်ခဲ့ရတယ်။ ရာဂျာဂုရုက သူ့ကို ကြိုက်ကြိုက် မကြိုက်ကြိုက်ပေါ့လေ။

■

Tenali Raman became a regular member of the King's court. He displayed his wit and intelligence repeatedly. Each time the King would reward Raman with gold and gifts.

တီနာလီရာမန်ဟာ ဘုရင့်ရုံးတော်ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့တယ်။ သူက ဇဝနဉာဏ်ထက်မြက်မှုကို အထပ်ထပ်အခါခါထုတ်ပြတတ်သတဲ့။ တစ်ကြိမ်ပညာပြလိုက်တိုင်း ဘုရင်ကြီးက ရာမန်ကို ရွှေနဲ့လက်ဆောင်တွေ ဆုချလေ့ရှိတယ်။

Rajaguru saw what was happening and feared that Raman would replace him as the King's favourite subject.

ရာဇ္ဇာဂုရုက ဖြစ်နေတဲ့အနေအထားတွေကိုမြင်ပြီး သူ့နေရာ

မှာ ရာမန်ကို အစားထိုးလို့ ဘုရင့်အနှစ်သက်ဆုံး နန်းတွင်း မိတ်ဆွေ ဖြစ်သွားမှာကို စိုးရိမ်နေတာပေါ့။

Rajaguru decided that he had to teach Raman a lesson. So he contacted his friend, the famous magician Zoomba, and asked him to pay the King a visit. Zoomba was the best magician in the country. No other magician could defeat him in a test of skill. Those who had tried to defeat him were driven mad when they failed. Rajaguru hope that if Zoomba threw an open challenge in the court, Tenali Raman would accept it and would be driven mad.

ရာဂျာဂုရုက ရာမန်ကို ပညာပေးရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီတော့ သူ့မိတ်ဆွေဖြစ်တဲ့ နာမည်ကျော်မှော်ဆရာ ဇွန်ဘာကို ဆက်သွယ်လိုက်တယ်။ ပြီးတော့ အဲဒီမှော်ဆရာကို ဘုရင့်ဆီ အလည်လာဖို့ပြောသတဲ့။ ဇွန်ဘာက တိုင်းပြည်တစ်ခုလုံးမှာ အတော်ဆုံးမှော်ဆရာတစ်ယောက်ပေါ့။ သူ့ရဲ့ကျွမ်းကျင်မှုကို ပညာစမ်းရင် ဘယ်သူမှ မယှဉ်နိုင်ကြဘူးတဲ့။ သူ့ကို ပညာစမ်းဖို့ ကြိုးစားတဲ့သူအားလုံး ရှုံးနိမ့်ပြီး ရူးသွားကြတာချည်းပဲ။

တကယ်လို့ ဇွန်ဘာက နန်းတွင်းထဲမှာ တစ်ယောက်ယောက်ကို စိန်ခေါ်ရင် တီနာလီရာမန်က စိန်ခေါ်တာကို လက်ခံပြီး ယှဉ်ပြိုင်လိမ့်မယ်။ ဒီအခါမှာ ရာမန်ရှုံးပြီး ရူးသွားမယ်လို့ ရာဂျာဂုရုက စဉ်းစားမျှော်လင့်မိသတဲ့။

When Zoomba entered King Krishnadevaraya's court, Rajaguru pretended not to know him. Zoomba introduced himself to the King, "I am Zoomba O' King. And I am here to prove you that I am the greatest magician alive. Do I have your permission to perform my tricks?" The king loved any form of art, even magic, so he said to the magician, "It is my pleasure to welcome you to the Kingdom of Vijayanagar. Go ahead and prove to me that you are the greatest magician alive."

ဇွန်ဘာက ဘုရင့်ရုံးတော်ကို ဝင်ရောက်လာတဲ့အချိန်မှာ ရာဂုဂုရုက သူ့ကို မသိဟန်ဆောင်ပြီးနေလိုက်သတဲ့။ ဇွန်ဘာက ဘုရင်ကြီးရှေ့မှာ သူ့ကိုယ်သူ မိတ်ဆက်လိုက်တယ်။ "ကျွန်တော်က ဇွန်ဘာပါ မင်းကြီး။ ကျွန်တော်မျိုး ဒီကိုရောက်လာတာ ကျွန်တော်က အတော်ဆုံးမှော်ဆရာဖြစ်ကြောင်း သက်သေပြဖို့ပါ။ ကျွန်တော့်ရဲ့ မျက်လှည့်ပြကွက်တွေကို တင်ဆက်ပြသဖို့ ဘုရင်ကြီးဆီမှာ ခွင့်တောင်းလိုပါတယ်" ဘုရင်ကြီးက ဘယ်အနုပညာရပ်ဖြစ်ဖြစ်၊ မျက်လှည့်ပညာပဲဖြစ်ဖြစ် စိတ်ဝင်တစား နှစ်နှစ်ခြိုက်ခြိုက် ကြည့်တတ်သတဲ့။ ဘုရင်ကြီးက မှော်ဆရာကို ခုလိုပြောလိုက်တယ်။ "ဗီဂျေးရာနာဂါနန်းတော်ကို ရောက်လာတဲ့သင့်ကို လှိုက်လှိုက်လဲလဲ ကြိုဆိုပါတယ်။ ကဲ မင်းရဲ့လှည့်ကွက် ပြကွက်တွေကို ကြည့်ချင်လို့ ပြပါဦး"

The magician began his tricks. He turned

stones into birds. He made silver pots disappear under a black cloth. And he even managed to get three soldiers to fly in the air. The king was really pleased and clapped after each trick. All the people in the room followed the King's actions and clapped as well.

မှော်ဆရာက သူ့ရဲ့မျက်လှည့်ပညာကို စပြီးတင်ဆက်ပါတော့တယ်။ ကျောက်ခဲကလေးတွေကို ငှက်ကလေးအဖြစ် ပြောင်းပြတယ်။ ငွေအိုးတွေကို အမည်းရောင်အဝတ်စအုပ်ပြီး ဖျောက်ပြတယ်။ ပြီးတော့ သူက စစ်သား ၃ ယောက်ကို လေထဲမှာပျံနေတဲ့ ပုံစံ ဖန်တီးပြသပေးတယ်။ ဘုရင်ကြီးက တော်တော်လေးကို သဘောကျနေပြီး ပြကွက်တစ်ခါပြီးတိုင်း လက်ခုပ်တစ်ခါတီးသတဲ့။ ရုံးတော်ထဲမှာရှိတဲ့ လူတွေအားလုံးလည်း ဘုရင်ပြုမူတဲ့အတိုင်း လိုက်လုပ်ကြတာပေါ့။

When he had finished Zoomba said to the King, "O' Gracious King, you have seen all my tricks, but I have not proved to you that I am the best magician alive. To do that I would like to challenge anyone in your Kingdom. They will have to perform a trick that I will not be able to perform. If they succeed I will give them a gold shield from Africa. But if they fail I will use my magic to drive them mad."

မျက်လှည့်ပြကွက်တွေ ပြီးသွားတော့ ဇွန်ဘာက မင်းကြီးကို ပြောလိုက်တယ်။ "ဘုန်းတော်ကြီးမြတ်လှပါတဲ့ မင်းကြီး၊ ကျွန်ုပ်၏ အံ့မခန်းပြကွက်များကို သင် ရှုစားခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကျွန်ုပ်က အတော်ဆုံးမှော်ဆရာဆိုတာကို မပြရသေးဘူး။ ဒီလိုပြဖို့အတွက် သင့်နန်းတော်ထဲက ဘယ်သူနဲ့ပဲဖြစ်ဖြစ် ယှဉ်ပြိုင်ဖို့ စိန်ခေါ်ချင်တယ်။ ပြိုင်မယ့်သူက ကျွန်တော်မျိုး ဘာပြကွက်မှမလုပ်နိုင်အောင် ပြရ မှာဖြစ်တယ်။ တကယ်လို့ သူနိုင်သွားခဲ့ရင် ကျွန်တော်မျိုးက အာဖရိကကလာတဲ့ ရွှေနဲ့လုပ်ထားတဲ့ ဒိုင်းတစ်ခုပေးမယ်။ တကယ်လို့ ကျွန်တော့်ပြိုင်ဘက်ကရှုံးရင် သူ့ကို ရှုံးသွားစေမယ့် မှော်ပညာကို အသုံးပြုရပါလိမ့်မယ်"

The King agreed, but none of his subjects would step forward. For once Tenali Raman kept quiet. He knew that he could not match the magic of Zoomba. But Rajaguru was determined to get rid of Raman, so he called out to the King, "Why don't you ask the great Tenali Raman to defeat Zoomba your Majesty?" The king frowned at Rajaguru because he knew that Raman was no match for Zoomba. But before he could protest the eager Raman stepped forward and said, "I will be honoured to accept the challenge your Majesty." The King liked Raman a lot, so he said, "Be careful Raman, Zoomba is a powerful man. If he drives you mad, I will not be able to keep

you in my court."

ဘုရင်ကြီးက သဘောတူလိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့အခင်ဆုံးဆိုတဲ့ နန်းတွင်းအရာရှိ တစ်ယောက်ကမှ ရှေ့ကို ခြေတစ်လှမ်း မတိုးရဲကြဘူးတဲ့။ တီနာလီရာမန်ကလည်း နှုတ်ဆိတ်နေသတဲ့။ မှော်ဆရာဇွန်ဘာက သူ့ရဲ့ပြိုင်ဘက်မဟုတ်ဘူးဆိုတာကို သူသိတယ်။ ဒါပေမဲ့ ရာဂျာဂုရုကတော့ ရာမန်ကို အပြတ်ရှင်းဖို့ စီစဉ်ထားပြီးသားလေ။ ဒီတော့ ဘုရင်ကြီးကို လျှောက်လိုက်တယ်။ "မင်းကြီး ...၊ ဘာကြောင့် တီနာလီရာမန်ကို ဇွန်ဘာနဲ့ပြိုင်ဖို့ မပြောတာလဲ" ဘုရင်ကြီးက မျက်မှောင်ကြုတ်ပြီး ရာဂျာဂုရုကို တစ်ချက်ကြည့်လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ရာမန်က ဇွန်ဘာနဲ့ပြိုင်ဆိုင်ဖို့ မလိုက်ဖက်ဘူးဆိုတာ သူသိတယ်လေ။ ဘုရင်ကြီးက ရာမန်အတွက် ကာကွယ်ပြီးပြောမလိုအလုပ်မှာ စိတ်ဓာတ်တက်ကြွပြင်းထန်တဲ့ ရာမန်က ရှေ့ထွက်ပြီး "ကျွန်တော်မျိုး စိန်ခေါ်တာကို လက်ခံလိုက်ရင် ကျွန်တော့်ကို ဂုဏ်ပြုမှာလား မင်းကြီး" လို့ပြောတော့ ဘုရင်ကြီးက ရာမန်ကို တော်တော်သဘောကျသွားတယ်။ "သတိထားနော် ရာမန်၊ ဇွန်ဘာက အစွမ်းရှိတဲ့ပုဂ္ဂိုလ်နော်။ သူက မင်းကို ရူးအောင်လုပ်လိုက်ရင် ငါမင်းကို နန်းတော်ထဲမှာ ဆက်ထားနိုင်တော့မှာမဟုတ်ဘူး"

Raman smiled at the King and walked towards the magician. He looked Zoomba directly in the eye and said, "Since you have already shown us that you are a great magician, I will now prove that I am greater by doing a trick that you will not be able to do." Saying this he walked out of the

courtroom, returning with small bag under his arm. Raman did not seem to impress Zoomba.

ရာမန်က ဘုရင်ကြီးကို ပြုံးပြလိုက်ပြီး မှော်ဆရာရှိရာဘက် လျှောက်သွားလိုက်တယ်။ သူက မှော်ဆရာကို မျက်လုံးချင်း တေ့တေ့ဆိုင်ဆိုင်ဖြစ်အောင်ကြည့်ပြီး ပြောလိုက်တယ်။ "ခင်ဗျားက အင်မတန်တော်တဲ့ မှော်ဆရာဖြစ်တယ်ဆိုတာ ကျုပ်ကိုပြပြီးသွားပြီ။ အခု ကျုပ်က ခင်ဗျား ဘာဆိုဘာမှလုပ်လို့မရအောင် လှည့်ကွက်တွေ ပြတော့မယ်" ရာမန်က ရုံးတော်ထဲကနေ ခဏထွက်သွားပြီး ပြန်ရောက်လာတော့ အိတ်ကလေးတစ်လုံး ချိုင်းကြားညှပ်ပြီး ပါလာသတဲ့။ ရာမန်က မှော်ဆရာကို ပြမယ့်ဟာတော့ ဟုတ်မယ်မထင်ပါဘူး။

Raman walked up to the magician and said, "Zoomba, I will now perform a trick with my eyes closed. To beat me all you have to do is perform the same trick with your eyes open. Do you agree?" Zoomba let out a loud laugh and said, "Of course I agree silly man. I am the greatest magician alive and I will be able to do the same trick with my eyes open."

ရာမန်က မှော်ဆရာဆီလျှောက်သွားပြီး ပြောလိုက်တယ်။ "ကျုပ်အခု မျက်စိမှိတ်ပြီးမျက်လှည့်ပြမယ်။ ခင်ဗျားကတော့ မျက်လုံးဖွင့်လျက်ပဲ ကျုပ်အခုပြနေတဲ့ ပြကွက်အတိုင်းပြပြီး ကျုပ်ကို အနိုင်ယူပါ။ သဘောတူသလား" ဖွန်ဘာက ကျယ်လောင်စွာ

ရယ်မောလိုက်ပြီး "ကောင်းပြီ ငါသဘောတူတယ်။ ငမိုက်သား ရယ်၊ ငါက မျက်လုံးမပိတ်ရဘဲ မင်းလုပ်တဲ့ ပြကွက်အတိုင်း လုပ် ရမှာပေါ့"လို့ ပြောတာပေါ့။

The King, Rajaguru and everyone in the court stared at Raman, expecting to seem go mad any minute. Raman removed the small bag from under his arm and opened it. The bag contained smooth sand. Raman reached into the bag, took out some sand. Closing his eyes tightly he threw the sand into his shut-eyes. Since his eyes were closed the sand did not hurt him at all. Opening his eyes he looked at Zoomba, smiled and said, "Now it's your turn great magician. Do the same trick with your eyes open."

ဘုရင်ကြီးရယ်၊ ရာဂျာဂုရုရယ်၊ အခြားသူတွေအားလုံးက ရာမန်ကို မျက်လုံးပြူးပြီး ဝိုင်းကြည့်ကြတယ်။ သူ အချိန်တစ်ခဏ အတွင်းမှာ ရူးသွားတော့မှာပဲဆိုပြီး မျှော်လင့်နေကြတာပေါ့။ ရာမန်က သူ့ချိုင်းကြားက အိတ်ကလေးဖွင့်လိုက်တယ်။ အိတ်ထဲ မှာ ချောမွတ်တဲ့သဲကလေးတွေပါသတဲ့။ ရာမန်က အိတ်ထဲကို လက်နှိုက်ပြီး မျက်လုံးထဲ ပက်ထည့်လိုက်သတဲ့။ သူက မျက်လုံး ပိတ်ထားတာဆိုတော့ ဘယ်သဲစေ့မှ အထဲမဝင်နိုင်ဘူးပေါ့။ ရာမန် က မျက်လုံးကိုဖွင့်လိုက်ပြီး ဇွန်ဘာကို ကြည့်လိုက်တယ်။ ပြီးတော့ ပြုံးပြီး ခုလိုပြောလိုက်တယ်။ "ကဲ အခု ခင်ဗျားအလှည့်ရောက်ပြီ။ နာမည်ကျော်မှော်ဆရာကြီးရေ ...၊ ခင်ဗျားမျက်လုံးဖွင့်လျက်

အတိုင်း ကျူပ်ပြတဲ့ပြကွက်အတိုင်း လုပ်ရမှာနော်"

Zoomba screamed in fear for he knew that he had been tricked by Raman's intelligence. He knew that if he threw the sand into his eyes he would go blind. And if he became blind he would lose his magical powers. Falling down at Raman's feet he said, "You are truly great Tenali Raman. I accept defeat, I will not be able to perform that trick with my eyes open."

ရာမန်ရဲ့ ထက်မြက်လှတဲ့ ဇဝနဉာဏ်ကြောင့် သူလှည့်စားခံ လိုက်ရပြီဆိုတာ သိသွားပြီး ဇွန်ဘာက ကြောက်ကြောက်နဲ့ ငယ်သံ ပါအောင် အော်လိုက်တယ်။ တကယ်လို့ မျက်လုံးထဲ သဲတွေပက် ထည့်လိုက်ရင် မျက်လုံးကန်းသွားမယ်။ မျက်လုံးကန်းသွားရင် သူ့ရဲ့မှော်အစွမ်းတွေ ပျောက်သွားမယ်ဆိုတာကို ဇွန်ဘာက သိ တယ်။ သူက ရာမန်ရဲ့ခြေထောက်ရှေ့မှာ ဒူးထောက်ပြီး ခုလိုပြော လိုက်တယ်။ "သင်က တကယ့်ကို တိနာလီရာမန်ပါပဲ။ ကျူပ်ရှုံး သွားတာကို လက်ခံပါတယ်။ ဒီပြကွက်ကို ကျူပ် မျက်လုံးဖွင့်လျက် နဲ့ မပြနိုင်တော့ပါဘူး"

Raman reached out and took the gold shield from Zoomba and held it up as the crowd cheered him on. Zoomba rushed up to Rajaguru, abused him and ran out of the courtroom.

ရာမန်က ဇွန်ဘာဆီက ဒိုင်းကိုလှမ်းယူပြီး သူ့ကိုအားပေးနေ

တဲ့ ပရိသတ်ကြီးကို မြှောက်ပြလိုက်တယ်။ ဒုန်ဘာက ရာဂျာဂုရုဆီသွားပြီး ဆဲဆိုကြိမ်းမောင်းလိုက်တယ်။ ပြီးတော့ ရုံးတော်ထဲက တစ်ခါတည်း ထွက်သွားတော့တယ်။

Once again Raman had used his intelligence and wit to outsmart Rajaguru's wicked plan to remove him from the King's court.

ရာမန်ဟာ သူ့ရဲ့ထက်မြက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ဇဝနကို နောက်တစ်ကြိမ် လှလှပပအသုံးချနိုင်ခဲ့ပြန်ပါပြီ။ သူ့ကို ဘုရင့်နန်းတော်ထဲကနေ ဖယ်ရှားဖို့ကြံနေတဲ့ ရာဂျာဂုရုရဲ့ ကောက်ကျစ်တဲ့အကြံအစည်ကို ထပ်ပြီးအနိုင်ယူခဲ့ပြန်ပြီပေါ့။

■

ငွေချေးသူကို လှည့်စားတဲ့ ရာမန်
Raman Tricks The Money Lender

Vijayanagar, the capital of King Krishna-devaraya's Kingdom was a big city. Full of shops, dancehalls and hotels. Just like any other city, people would visit to see the wonderful sights. Travellers would come from far and wide to perform in the city and earn some money. There was always some activity happening.

ဗီဂျေးရာနာဂါအမည်ရှိတဲ့ မြို့တော်ဟာ ခရစ်ရှ်နာဒီဗာရာယ ဘုရင်ကြီး အုပ်ချုပ်စိုးစံတဲ့ မြို့တော်တစ်ခုဖြစ်တယ်။ အဲဒီမြို့တော်မှာ ဈေးဆိုင်တွေ၊ ကပွဲရုံတွေ၊ ဟိုတယ်တွေ များစွာရှိပြီးတော့ လူတိုင်းက ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ မြင်ကွင်းတွေကိုကြည့်ရဖို့အတွက် လာရောက်လည်ပတ်တတ်ကြတယ်။ ခရီးသွားတွေဟာ

ရပ်ဝေးရပ်နီးကနေ လာရောက်ပြီး မြို့တော်ထဲမှာ လုပ်ငန်းမျိုးစုံနဲ့ ဝင်ငွေရှာတတ်ကြတယ်။ ဒါကြောင့် အဲဒီမြို့တော်မှာ အမြဲတစေ လူပ်ရှားမှုတစ်ခုခုကတော့ ရှိနေစမြဲတဲ့။

Raman often wandered through the lanes in the city, checking out the latest programmes, hotels and shops. He was witty and intelligent, but Tenali Raman was not very good at saving money. He would waste a lot of money on food and gifts for his family and friends. He had a large heart and if a poor man asked him for money, Raman would always give him more than he had asked for.

ရာမန်ကတော့ မြို့ထဲက လမ်းကြိုလမ်းကြားတွေထဲ မကြာခဏ လျှောက်သွားတတ်သတဲ့။ သူက ဟိုတယ်တွေ၊ ဈေးဆိုင်တွေရဲ့ နောက်ဆုံးပေါ်အစီအစဉ်တွေ ဘာတွေလဲဆိုတာသိရဖို့ စစ်ဆေးလေ့ရှိတယ်။ ရာမန်က ဉာဏ်ရည်ထက်မြက်ပြီး ဇဝနဉာဏ်ရှိတယ်။ ဒါပေမဲ့ သူက ပိုက်ဆံကို ကောင်းကောင်းစုနိုင်တဲ့သူမဟုတ်ဘူး။ သူက မိသားစုနဲ့ သူငယ်ချင်းတွေအတွက် အစားအသောက်နဲ့ လက်ဆောင်တွေဝယ်ရင်း ပိုက်ဆံဖြုန်းတီးတတ်တယ်။ သူက သိပ်သဘောကောင်းပြီး လက်ဖွာတော့ ဆင်းရဲသားတွေက သူ့ကို တွေ့ရင် ပိုက်ဆံတောင်းတတ်ကြတယ်။ ရာမန်ကလည်း အမြဲတစေ တောင်းတာထက်ပိုပြီး ပေးတတ်လေ့ရှိတယ်။

Raman's friends knew his weakness and often approached him for small loans that they would

never repay, since Raman would forget anyway. So very often Raman found himself without any money. In spite of all the gold that the King would give him, he had to ask moneylenders for money. They would charge him a very big interest knowing that Raman would definitely pay them back.

ရာမန်ရဲ့သူငယ်ချင်းတွေက ရာမန်ရဲ့အားနည်းချက်ကိုသိပြီး ငွေချေးဖို့ မကြာခဏချဉ်းကပ်ကြတယ်။ ချေးပြီးရင် သူတို့က ဘယ်တော့မှပြန်မပေးကြဘူး။ ရာမန်ကလည်း တစ်နည်းနည်းနဲ့ မေ့သွားတတ်တယ်။ ဒါကြောင့် မကြာခဏ ရာမန်မှာ ငွေပြတ်ပြတ်သွားတတ်သတဲ့။ ဘုရင်ကြီးက သူ့ကို ရွှေတွေအားလုံး ပေးထားတဲ့ကြားက ငွေချေးသုံးနေရတတ်တယ်။ ငွေချေးလိုက်တဲ့သူကလည်း ရာမန်တိတိကျကျပြန်ပေးမှာကိုသိလို့ အတိုးနှုန်းများများနဲ့ ချေးကြသတဲ့။

One of the moneylenders, a proud man called Deema, hated Tenali Raman because Raman had found favour with the King. Deema was always looking for an opportunity to take away all the wonderful gifts the king gave Raman.

ဒီးမားလို့ခေါ်တဲ့ မာနထောင်လွှားသူ ငွေချေးသူကတော့ တီနာလီရာမန်ကို မုန်းတီးနေသတဲ့။ ဘာလို့လဲဆိုတော့ ရာမန်ကို ဘုရင်ကြီးကအရေးပေးနေလို့လေ။ ဒီးမားက ရာမန်အတွက် ဘုရင်ကြီးပေးထားတဲ့လက်ဆောင်တွေကို ရယူဖို့အခွင့်အရေး

စောင့်နေတာပေါ့။

One day the King gave Raman a wonderful white Arabian horse. In those days, when there were no cars, owning a good-looking horse, would mean that the owner was prosperous. Deema was jealous and desperately wanted to make sure that Raman lost the horse.

တစ်နေ့မှာ ဘုရင်ကြီးက ရာမန်ကို အဲ့ဩစရာကောင်းလှတဲ့ အာရပ်မြင်းဖြူကြီးတစ်ကောင် ပေးလိုက်သတဲ့။ အဲဒီခေတ်ကာလမှာ ကားတွေ ဘာတွေ မရှိသေးတော့ မြင်းလှလှတစ်ကောင် ပိုင်ဆိုင်တဲ့သူက သူဋ္ဌေးပဲလေ။ ဒီးမားက ရာမန်ကို မနာလိုဝန်တိုစိတ်ဖြစ်ပြီး ရာမန်ရဲ့မြင်း ပျောက်ဆုံးသွားတာ ဖြစ်စေချင်ခဲ့သတဲ့။

To his luck Raman wasted all his money and needed a loan to clear some debts. Deema heard about this and before Raman could approach him, Deema visited Raman's house. He pretended to be passing by and said, "Hello Raman my good friend! How are you? I was just passing by and decided to say hello to you." Raman knew that Deema was lying, but decided to play along with him.

ရာမန်က သူ့ပိုက်ဆံတွေအားလုံးကို သုံးဖြုန်းပြီးပြန်တော့ အကြွေးကျန်တာဆပ်ဖို့အတွက် ငွေချေးဖို့လိုလာပြန်ပြီပေါ့။ ဒီးမားက ဒါကိုကြားသိထားပြီး ရာမန်သူ့ဆီမလာခင် သူက ရာမန်ရဲ့အိမ်

ကို အရင်ဦးအောင်သွားလိုက်တယ်။ ပြီးတော့ ဒီးမားက ခရီးသွားဟန်လွဲပုံစံနဲ့ "သူငယ်ချင်း ....၊ နေကောင်းလား" လို့ မေးလိုက်တယ်။ ပြီးတော့ သူကဆက်ပြီး "ငါ ဒီနားဖြတ်သွားရင်းနဲ့ မင်းကိုနှုတ်ဆက်ဖို့ ဝင်လာတာ" လို့ ပြောပြန်တယ်။ ဒီးမား လိမ်ပြောနေတယ်ဆိုတာကို ရာမန်က သိတယ်။ ဒါကြောင့် သူနဲ့ ဉာဏ်ကစားဖို့ ဆုံးဖြတ်လိုက်သတဲ့။

Raman smiled and said, "Hello Deema! God has sent you to meet me! I need some money very urgently to repay some debts. Can you help me out?"

Deema smiled gleefully and said, "Of course Raman, that's what friends are for."

ရာမန်က ပြုံးပြီးမေးလိုက်တယ်။ "ဟယ်လို ... ဒီးမား၊ ဘုရားသခင်က ခင်ဗျားကို ကျုပ်နဲ့တွေ့ဖို့ လွှတ်လိုက်တာပဲ။ ကျွန်တော် အကြွေးနည်းနည်းလောက်ပေးစရာရှိလို့ ငွေအရေးတကြီးလိုနေတယ်။ ကျွန်တော့်ကို ကူညီနိုင်မလား" ဒီမားက ပြုံးပြီး ခုလိုပြန်ပြောလိုက်တယ်။ "ကူညီရမှာပေါ့ ရာမန်၊ ဒီအတွက် သူငယ်ချင်းဖြစ်နေတာလေ"

Raman asked for fifty gold coins. Deema readily agreed but said, "I will give you the money Raman, on one condition. If you fail to repay the full amount in exactly two weeks, you will have to sell your beautiful white Arabian horse and give

မြင်း

me whatever money you get from it. Do you promise to do that?"

ရာမန်က ဒီးမားဆီကနေ ရွှေဒင်္ဂါး ၅၀ တောင်းတယ်။ ဒီးမားက အလွယ်တကူပဲသဘောတူလိုက်သတဲ့။ "ငါမင်းကို ငွေပေးလိုက်မယ် ရာမန်၊ တကယ်လို့ မင်းက နှစ်ပတ်အတွင်း ပြန်ပေးရမယ့်ငွေကို တိတိကျကျပြန်ပေးဖို့ ပျက်ကွက်ခဲ့ရင် မင်းရဲ့လှပတဲ့ အာရပ်မြင်းဖြူကြီးကိုရောင်းပြီး ငါ့ငွေတွေကို ပြန်ပေးရမယ်။ မင်း ဒါကို ကတိပေးနိုင်သလား"

Raman smiled, for he knew that Deema was trying to trick him. The horse was worth over hundred gold coins. Much more than the fifty gold coins that Deema had given him. To Deema's utter surprise Raman agreed. Deema thought to himself, "What a fool this Raman is. I know that he will not be able to repay me in two weeks."

ရာမန်က ပြုံးလိုက်တယ်။ ဒီမားက သူ့ကို လှည့်စားဖို့ကြံစည်နေတယ်ဆိုတာ ... ရာမန်ရဲ့အာရပ်မြင်းဖြူကြီးက ရွှေဒင်္ဂါး ၁၀၀ ကျော်တန်တယ်။ ဒီးမား သူ့ကိုပေးထားတဲ့ငွေတွေထက်ပေါ့။ ရာမန်ကသဘောတူတယ်ပြောလိုက်တော့ ဒီးမား တော်တော်အံ့သြသွားတယ်။ ဒီးမားက သူ့ဘာသာ တစ်ယောက်တည်း စဉ်းစားလိုက်တယ်။ "ဒီရာမန်ဆိုတဲ့ကောင် တော်တော်တုံးတာပဲ။ နှစ်ပတ်အတွင်း ဒီကောင် ပိုက်ဆံပြည့်အောင် ပေးနိုင်မှာမဟုတ်ဘူးဆိုတာ သေချာတယ်"

Deema was right. At the end of two weeks Raman did not have enough money to pay Deema back in full. So as promised Raman, along with Deema took the beautiful white Arabian horse to the market to sell it. Before they left Raman picked up a stray kitten from near his house and put it on the horse's back. Deema thought that this was strange, but did not mind.

ဒီးမားထင်တာလည်း မှန်ပါတယ်။ နှစ်ပတ်လောက်ကြာတဲ့အထိ ရာမန်က ဒီးမားကိုပြန်ပေးဖို့ ငွေမလုံလောက်သေးပါဘူး။ ဒီတော့ ကတိစကားအတိုင်းပဲ ရာမန်က ဒီးမားကိုပါ တစ်ခါတည်း ခေါ်ပြီး ဈေးမှာ အာရပ်မြင်းကြီးကိုသွားရောင်းဖို့ ထွက်လာခဲ့တယ်။ ရာမန်က ဈေးကိုမသွားခင် အိမ်အနားကကြောင်အလေ အလွင့်ကလေးတစ်ကောင်ကို မြင်းရဲ့ကျောပေါ် တင်ခေါ်လာခဲ့သတဲ့။ ဒီးမားက ဒါ တစ်ခုခုထူးခြားတယ်လို့ တွေးမိပေမယ့် စိတ်ထဲမထားဘဲ မေ့လိုက်တယ်။

As soon as they entered the market Raman began shouting, "Listen, listen everyone! I am selling a small kitten. Is anyone interested in buying it?"

သူတို့ ဈေးထဲကို ဝင်ဝင်ချင်းမှာပဲ ရာမန်က ခုလိုအော်ပါတော့တယ်။ "အားလုံးနားထောင်ကြပါခင်ဗျာ၊ ကျွန်တော် ကြောင်သေးသေးလေးတစ်ကောင်ကို ရောင်းချင်လို့ပါ၊ ဝယ်ဖို့စိတ်ဝင်စားတဲ့သူရှိလား"

A great crowd gathered around Raman and Deema laughing at them. Raman shouted out once more, "I am selling the kitten for hundred gold coins. And as a special offer, anyone who buys the kitten for hundred gold coins will be able to buy the Arabian horse for just one gold coin!"

ဒီတော့ လူအုပ်ကြီးက ရာမန်နဲ့ ဒီးမားဆီကို ဝိုင်းပတ်ပြီး စုဝေးရောက်ရှိလာတာပေါ့။ ရာမန်က နောက်တစ်ခါထပ်အော်လိုက်တယ်။ "ကြောင်လေးတစ်ကောင်ရောင်းနေပါတယ်ခင်ဗျာ၊ ရွှေဒင်္ဂါးတစ်ရာတည်းပါ။ ပြီးရင် အထူးအစီအစဉ်အနေနဲ့ ကြောင်ကို ရွှေဒင်္ဂါးတစ်ရာနဲ့ ဝယ်ထားတဲ့ ဘယ်သူ့ကိုမဆို အာရပ်မြင်းကြီးကိုပါ ရွှေဒင်္ဂါးတစ်ဒင်္ဂါးတည်းနဲ့ ရောင်းပေးမယ်"

The people and Deema gasped in disbelief. They thought that Raman was definitely crazy. A rich merchant seizing the opportunity rushed forward and said, "Hey! I will buy the kitten for 100 gold coins and the horse for 1 gold coin. I can pay you right now!" Raman smiled, accepted the hundred and one gold coins and gave the rich merchant the kitten and the horse. The merchant was overjoyed. He loved kittens anyway, and he was sure that the horse was worth the hundred and one gold coins that he has spent totally.

ဒီလိုကြားတော့ လူတွေနဲ့ ဒီးမားက အံ့အားသင့်ပြီး မယုံနိုင်လောက်အောင် ဖြစ်သွားကြတယ်။ ရာမန်လုံးဝရူးသွားပြီလို့ အားလုံးကထင်ကြတယ်။ လူချမ်းသာတစ်ယောက်က အခွင့်အရေးကို အမိအရဆုပ်ကိုင်တဲ့အနေနဲ့ ရှေ့တိုးလာပြီး ခုလိုပြောတယ်။ "ဟေး ... ကျုပ်က ကြောင်လေးကို ရွှေဒင်္ဂါး ၁၀၀ နဲ့ဝယ်မယ်။ ပြီးတော့ မြင်းကိုလည်း ရွှေဒင်္ဂါးတစ်ခုပေးပြီးဝယ်မယ်" ဒီလိုနဲ့ အဲဒီလူချမ်းသာက ကြောင်ကလေးရော၊ မြင်းဖြူကြီးကိုရော ရသွားတယ်။ ကုန်သည်ကလည်း တော်တော်သဘောကျသွားတယ်။ သူ့ငွေတွေကို သုံးလိုက်ရကျိုး နပ်ပါတယ်။ သူက ကြောင်ကလေးကို ချစ်ပြီး မြင်းကြီးကိုလည်း ထိုက်ထိုက်တန်တန် ရရှိလိုက်တယ်။

Deema could not control his shock. He screamed at Raman, "What did you do that for? That horse was worth much, much more than one gold coin!"

ဒီးမားက သူ့ရဲ့ထိတ်လန့်အံ့သြမှုကိုမထိန်းချုပ်နိုင်ဘဲ ရာမန့်ကို ငယ်သံပါအောင်အော်လိုက်တယ်။ "မင်း ဘာလုပ်လိုက်တာလဲ။ ဒီမြင်းက အများကြီးတန်တဲ့ဟာကို။ တစ်ဒင်္ဂါးမက တန်တဲ့ဟာ"လို့လည်း ပြောလိုက်သတဲ့။

Raman smiled at him and said, "I know Deema. But remember our deal, I will settle my debt with you, by selling my horse and giving you whatever money I got from it, right?" Deema's

jaw dropped. He knew that he had been tricked by Raman's intelligence. With no other alternative he accepted the one gold coin and left quietly, vowing to never go anywhere near Raman again.

ရာမန်က ဒီးမားကိုကြည့်ပြီး "ကျုပ် အားလုံးသိတယ် ဒီးမား၊ ဒါပေမဲ့ ကျုပ်တို့ အပေးအယူကို မှတ်မိတယ်နော်။ မြင်းကိုရောင်းပြီး ခင်ဗျားကို အကြွေးပေးမှာ။ ဒီတော့ ကျုပ်ငွေကို ဘယ်လိုကပဲ ရရပေါ့" လို့ ပြောလိုက်တယ်။ ဒီးမားက အံကိုကြိတ်လိုက်တယ်။ ရာမန်က ဉာဏ်ရည်ထက်ထက်မြက်မြက်နဲ့ သူ့ကိုလှည့်စားတော့ မယ်ဆိုတာ ဒီးမားသိနေပြီ။ ရာမန်က မြင်းကြီးကိုရောင်းလို့ ရတဲ့ ငွေနဲ့ အကြွေးဆပ်မယ်ဆိုတော့ ဒီးမားက ရွှေတစ်ဒင်္ဂါးပဲ လက်ခံလိုက်ရပြီး တိတ်တဆိတ်နဲ့ ထွက်သွားခဲ့ရရှာသတဲ့။ နောက်တစ်ခါ ရာမန်ရဲ့အနားကို မကပ်တော့ဘူးလို့လည်း ဆုံးဖြတ်လိုက်တယ်။

The moneylender had learned a bitter lesson from Raman. From that day onward, he never tried to trick innocent people who were in need of some money.

ငွေတိုးချေးစားတဲ့ဒီးမားလည်း ရာမန်ဆီက ခါးသီးတဲ့ သင်ခန်းစာကို ရရှိလိုက်တယ်။ အဲဒီနေ့ကစပြီး ဒီးမားဟာ မသိနားမလည် ရိုးသားတဲ့သူတွေ ငွေကြေးလိုအပ်တဲ့အချိန်မှာ ဘယ်တော့မှ မတရားအမြတ်မထုတ်တော့ဘူးတဲ့ကွယ်။

■

အဖော်ရသော သူခိုးများ
Helpful Thieves

Tenali Raman had received a lot of money from the King for using his wit and intelligence to amuse the King. Raman spent most of this money on food and gifts. Some of it he kept in his house and some of it he used to buy expensive plants that he would grow in his garden.

တီနာလီရာမန်ဟာ ဘုရင်ကြီး စိတ်ပျော်ရွှင်မြူးဖို့အတွက် သူ့ရဲ့ဇဝနဉာဏ်ကို အသုံးပြုဖို့ ဘုရင့်ဆီကငွေတွေအမြောက်အမြား လက်ခံရရှိခဲ့တယ်။ ရာမန်က ငွေအများစုကို အစားအသောက်နဲ့ လက်ဆောင်ပစ္စည်းတွေဝယ်ဖို့ အများဆုံးသုံးစွဲတတ်တယ်။ ငွေအချို့ကိုတော့ သူ့ရဲ့အိမ်မှာ သိမ်းထားပြီး ကျန်တဲ့ငွေကိုတော့ သူ့ပန်းခြံထဲမှာ စျေးကြီးတဲ့အပင်တွေ ဝယ်စိုက်ဖို့ သုံးစွဲတတ်တယ်။

These expensive plants needed to be watered regularly, so Raman dug channels from his well, leading to various parts of his garden. He loved the plants, but Tenali Raman was a lazy man. He did not like drawing water from the well to water his plants. Whenever he could, he would trick one of his friends into drawing water from the well and pouring it into the channels that lead to the plants.

အဲဒီဈေးကြီးတဲ့အပင်တွေက ရေပုံမှန်လောင်းပေးဖို့ လိုအပ်သတဲ့။ ဒီတော့ ရာမန်က ပန်းခြံထဲမှာ ရေတွင်းထဲက သုံးတဲ့ရေတွေကို မြောင်းကလေးတွေဖြစ်အောင် ဖောက်လိုက်တယ်။ ပန်းခြံအနှံ့ အထိရှိအောင် ရေမြောင်းတွေကိုဖောက်ထားတာပေါ့။ သူက ပန်းပင်တွေကိုချစ်ပေမယ့် ရေလောင်းဖို့အတွက် ရေတွင်းထဲကနေ ရေဆွဲဖို့ပျင်းသတဲ့။ ဒီတော့ သူက အခွင့်အရေးရရင် ရသလို သူ့သူငယ်ချင်းတစ်ယောက်ကို ရေတွင်းထဲကရေဆွဲပြီး ရေမြောင်းတွေထဲ ရေလောင်းချခိုင်းတယ်။ ဒီတော့မှ မြောင်းကတစ်ဆင့် အပင်တွေဆီကို ရေရောက်မှာပေါ့။

At that time the town was gripped by fear. There were reports that two suspicious looking men were wandering about the town, robbing houses by night. Everyone was frightened that they would be next on the list. Raman was particularly afraid because people knew that he had received

a lot of gifts from the King. He knew that sooner or later the thieves would pay him a visit.

အဲဒီအချိန်မှာ တစ်မြို့လုံးကြောက်ရွံ့ထိတ်လန့်မှုတွေနဲ့ ပြည့်နှက်နေသတဲ့။ မသက်ဘဖွယ်ရှိတဲ့လူနှစ်ယောက်က ညဘက်တွေမှာ လှယက်ခိုးယူဖို့ မြို့ထဲကိုရောက်နေတယ်။ ညဘက်တွေမှာ မားပြတိုက်တတ်တယ်ဆိုတဲ့ သတင်းတွေကလည်း ပျံ့နေသတဲ့။ လူတိုင်းက နောက်တစ်ခေါက် အလုခံ၊ အတိုက်ခံရမယ့်စာရင်းထဲ ပါမှာကို စိုးရိမ်နေကြတာပေါ့။ ရာမန်က ထူးထူးခြားခြား ကြောက်နေသတဲ့။ လူတိုင်းက ရာမန်ဆီမှာ ဘုရင်ပေးထားတဲ့ လက်ဆောင်ပစ္စည်းနဲ့ငွေတွေ အများကြီးရှိတယ်ဆိုတာကို သိနေကြတယ် မဟုတ်လား။ ဒီတော့ သူခိုးမားပြတွေက သူ့ဆီ အနေးနဲ့အမြန် ရောက်လာတော့မယ်ဆိုတာကို ရာမန်က ကောင်းကောင်းသိတယ်။

One evening, Raman was taking a walk in his garden. He was talking to himself, trying to convince himself to draw water from the well and water the plants. Suddenly he noticed two suspicious figures standing near his garden wall, behind the mango tree. His instinct told him that these were the thieves.

တစ်ညနေမှာ ရာမန်က သူ့ပန်းခြံထဲမှာ လမ်းလျှောက်နေသတဲ့။ သူက တစ်ယောက်တည်း ရေရွတ်နေမိတယ်။ "ရေတွင်းထဲကရေကို ဘယ်လိုဆွဲပြီး အပင်တွေကို ရေလောင်းနိုင်အောင် လုပ်ရ

မလဲ" ရုတ်တရက်မသက်သာဖွယ် လူနှစ်ယောက် သူ့ပန်းခြံရဲ့သရက်ပင်အနောက်မှာ ရပ်နေတာကို ရာမန် သတိထားမိလိုက်တယ်။ ရာမန်ရဲ့ပင်ကိုအသိစိတ်က သူတို့နှစ်ဦးကို သူခိုးတွေဖြစ်တယ်ဆိုတာ အလိုလိုပြောပြနေတယ်။

Suddenly an idea struck him. Without acting worried he casually walked towards the mango tree and shouted out to his young wife Lalitha, "Lalitha come here for a minute please!" Lalitha rushed out immediately, thinking that something was wrong. Raman said to Lalitha, "Don't worry dear, nothing is wrong. I just had an idea." Speaking in a loud voice, so that the thieves could hear he said, "I'm worried about the thefts that have been going on. Everyone knows that we get a lot of valuable gifts from the King; I'm sure the thieves will find out and try to rob us. To protect our money, let's put it in a sack and throw it in the well. The thieves will definitely not look there." His wife was about to protest when Raman quickly put his finger on his lips, telling her to keep quiet. He quickly took her arm and walked her back into the house. Once they were inside Tenali Raman told her what he had seen, and explained what his plan was. His wife laughed gleefully as they began to place old pots and pans in a sack. Once they

had finished, they took the sack over to the well and dropped it in with a loud splash.

ရာမန်က ရုတ်တရက် အကြံရသွားတယ်။ ဒါကြောင့် စိတ်ပူပန်ကြောက်ရွံ့တဲ့ပုံစံ လုံးဝမပြဘဲ သရက်ပင်ဘက်ကို အမှတ်မထင် ပုံစံနဲ့ လျှောက်သွားလိုက်တယ်။ ပြီးတော့ သူ့ရဲ့ငယ်ရွယ်တဲ့ ဇနီးလေးကို ခုလိုအော်ခေါ်လိုက်တယ်။ "လာလီသာ ... ဒီကို ခဏလောက်လာပါဦးကွာ" လာလီသာ အပြေးအလွှားရောက်လာတယ်။ ဘာများတစ်ခုခုဖြစ်လို့လဲဆိုပြီးပေါ့။ ရာမန်က ဇနီးသည်ကို "ဘာမှစိတ်မပူပါနဲ့ကွာ၊ ဘာမှမဖြစ်ပါဘူး။ ငါ့မှာ အကြံတစ်ခုရှိတယ်"ဆိုပြီး သူခိုးတွေကြားအောင် အသံကျယ်ကျယ်နဲ့ ခုလိုပြောလိုက်တယ်။ "ငါတော့ သူခိုးခိုးမှာစိတ်မပူဘူး။ လူကိုင်းက ငါ့ဆီမှာ ဘုရင်ကြီးပေးထားတဲ့ တန်ဖိုးကြီးပစ္စည်းတွေ အများကြီးရှိတယ်ဆိုတာ သိကြတယ်။ သူခိုးတွေက အဲဒါတွေရှာပြီး လုယူတိုက်ခိုက်ကြမှာပဲ။ ငါတို့ရဲ့ငွေတွေကို ကာကွယ်ဖို့ အိတ်အကြမ်းကြီးထဲမှာထည့်ပြီး ရေတွင်းထဲပစ်ချထားလိုက်ရအောင်။ သူခိုးတွေက ဒီနေရာကိုတော့ ရှာကြမှာမဟုတ်ဘူး" ဇနီးသည်က ရာမန်ကို တစ်ခုခုပြောမလိုလုပ်တုန်း ရာမန်က နှုတ်ခမ်းပေါ် လက်ညှိုးတင်ပြီး ရှူးတိုးတိုးလို့ အမူအရာပြလိုက်တယ်။ သူ့ဇနီးကို တိတ်တိတ်နေခိုင်းလိုက်ပြီး လက်ဆွဲပြီး အိမ်ကိုတစ်ချီးတည်းပြန်လာခဲ့ကြတယ်။ အိမ်ရောက်တာနဲ့ ဇနီးသည်ကို သူကြံတွေ့ခဲ့တာတွေ ပြောပြတယ်။ ပြီးတော့ သူဘယ်လိုစီစဉ်ထားတဲ့အကြောင်း ဇနီးသည်ကို အသိပေးလိုက်တယ်။ သူ့ဇနီးက အားရပါးရရယ်လိုက်ပြီး သူတို့နှစ်ဦး အိတ်အကြမ်းကြီးထဲကို အိုးအဟောင်း၊ ဒယ်အိုး

အဟောင်း၊ အစုတ်တွေထည့်လိုက်ကြတယ်။ ပြီးတာနဲ့ အဲဒီအိတ်ကြီးကို ရေတွင်းထဲ ဗွမ်းကနဲပစ်ချထားလိုက်ကြတယ်။

The thieves, hiding nearby, were smiling broadly at each other. This was going to be an easy robbery. They waited till the night, and then quietly made their way to Raman's well. One thief looked into the well and said to the other, "Hey! There's some water in the well, I can't swim, so you will have to go in." The other thief replied, "No way! I can't swim either. Let's quietly draw the water out so that we won't have to swim. Once we have done that we can just climb in and collect the valuables in the sack." Smiling in agreement both thieves began to take turns to draw water out of the well. Each time they drew water out; they poured it into one of the channels that lead to the plants.

အနီးနားမှာ ပုန်းနေတဲ့သူခိုးတွေက တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီးပြုံးလိုက်ကြတယ်။ သူတို့ အလွယ်တကူ ခိုးလို့ရဖို့ နေရာသိသွားကြပြီလေ။ သူတို့က ညအထိ ပုန်းပြီးစောင့်နေကြသတဲ့။ ညရောက်တော့ ရာမန်ရဲ့ရေတွင်းနားကို တိတ်တဆိတ်ချဉ်းကပ်သွားကြတယ်။သူခိုးတစ်ယောက်က ရေတွင်းထဲကိုကြည့်ပြီး "ဟေး ... အထဲမှာ ရေတော့ရှိတယ်။ ငါ ရေမကူးတတ်ဘူး။ မင်း အောက်ကိုဆင်းရလိမ့်မယ်"လို့ပြောတော့ နောက်တစ်ယောက်

ကလည်း "ငါလည်းမကူးတတ်ဘူး၊ ဒီတော့ ရေကူးစရာမလိုအောင် ရေတွင်းထဲကရေကို အပြင်ခပ်ထုတ်မယ်။ ဆင်းလို့ရလောက်တော့ မှပဲ အောက်ဆင်းပြီး အိတ်ထဲက တန်ဖိုးရှိပစ္စည်းတွေကို ယူမယ်" လို့ပြောတော့ တစ်ဦးနဲ့တစ်ဦး ပြုံးပြီး သဘောတူလိုက်ကြတယ်။ ဒီလိုနဲ့ ရေတွင်းထဲကရေခပ်ပြီး မြောင်းတွေထဲလောင်းထည့်ကြတယ်။ အဲဒီမြောင်းတွေ အပင်တွေရှိရာအထိသွားတာလေ။

Raman waited patiently in his house watching the thieves. When he was sure they had drawn out enough water for his plants, Raman left his house through the back door and summoned the guards. The guards crept into Raman's compound and pounced on the thieves. The thieves, quite tired from drawing water could not run away. The guards tied them up and took them away. As they were leaving Raman said to them, "Thanks a lot for watering the plants in my garden." The thieves were furious.

ရာမန်ကတော့ သူခိုးတွေလုပ်နေတာတွေကို အိမ်ထဲကနေ စိတ်ရှည်လက်ရှည်နဲ့ ထိုင်ကြည့်နေသတဲ့။ အပင်တွေအတွက်၊ ရေလုံလုံလောက်လောက် ရပြီဆိုတဲ့အခါကျမှ ရာမန်က အိမ်နောက်ကနေထွက်သွားပြီး အစောင့်တွေကိုအသိပေးလိုက်တယ်။ အစောင့်တွေက ရာမန်ရဲ့အိမ်အနီးတစ်ဝိုက်မှာဝပ်ပြီး သူခိုးတွေကို ခုန်အုပ်ပြီး ဖမ်းဆီးလိုက်တော့သတဲ့။ ရေတွင်းထဲကရေတွေ အများကြီး ခပ်ထုတ်လိုက်ရလို့ ပင်ပန်းနေတဲ့သူခိုးတွေဟာ လွတ်အောင်

မပြေးနိုင်တော့ဘူးပေါ့။ အစောင့်တွေက သူတို့ကို ဖမ်းဆီး တုတ်နှောင်ပြီး ခေါ်ထုတ်သွားတယ်။ ဒီအခါ ရာမန်က "ကျုပ်ပန်းခြံထဲကအပင်တွေကို ရေလောင်းပေးတာ ကျေးဇူးပဲ"လို့ ပြောလိုက်တော့ သူခိုးတွေ ဒေါသထွက်သွားကြတယ်။

When the King heard about this incident he summoned Tenali Raman and gave him a reward for catching the famous thieves. He said to Raman, "Once again you have used your wit and intelligence wisely, Raman of Tenali. I am proud to have you as a member of my court. May God continue to bless you." As Raman walked away with his reward, Rajaguru, who was standing near the King, stared at Raman, vowing to do all he could to throw Raman out of the court.

ဒီအဖြစ်အပျက်ကို ဘုရင်ကြီးကြားသိတော့ ရာမန်ဆီခေါ်စာတစ်စောင်ပို့ဆောင်လိုက်တယ်။ ဘုရင်က ရာမန်ကို နာမည်ကျော်သူခိုးတွေဖမ်းပေးလို့ ထပ်ပြီးဆုချသတဲ့။ ဘုရင်က ရာမန်ကို ခုလိုပြောလိုက်တယ် "မင်းက ဒီတစ်ခါလည်း ဇဝနဉာဏ်ကို ထက်ထက်မြက်မြက်အသုံးချနိုင်ပြန်ပြီ။ မင်းကို နန်းတွင်းအရာရှိအဖွဲ့ဝင်အဖြစ် နေရာပေးထားရတာကို ငါ ဂုဏ်ယူကျေနပ်တယ်။ ဘုရားက မင်းကို ကောင်းချီးပေးမှာပါ"ရာမန်က ဆုတံဆိပ်လက်ဆောင်တွေနဲ့အတူ အိမ်ပြန်တော့ ဘုရင့်အနီးမှာရပ်နေတဲ့ ရာဂျာဂုရက ရာမန်ကို ပြူးပြဲကြည့်ပြီး နန်းတော်ထဲကနေ မလွှင့်လွှင့်အောင် အတတ်နိုင်ဆုံးလုပ်ဖို့ သန္နိဋ္ဌာန်ချလိုက်သတဲ့။ ■

ဒေါသကြီးတဲ့ဘုရင်
The Angry King

King Krishnadevaraya was a kind and wise King. He loved Tenali Raman's jokes and wit since it helped him relax when he was too tense. But sometimes Raman would crack a joke even when the King was discussing a serious issue. And this would make the King angry.

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရယဟာ သနားကြင်နာစိတ်ရှိပြီး ပညာဉာဏ်လည်း ကြီးမားတယ်။ သူက စိတ်တွေမွန်းကျပ်နေချိန်၊ စိုးရိမ်သောကတွေများနေချိန်မှာ ရာမန်ရဲ့ဟာသပြက်လုံးတွေကြောင့် အပန်းပြေခဲ့ရတယ်။ ဒါကြောင့် ရာမန်ကို သူက နှစ်သက်တယ်။ ဒါပေမဲ့ တစ်ခါတစ်ခါမှာ ရာမန်က အရေးကြီးပြဿနာတွေဆွေးနွေးနေချိန်မှာတောင် ဟာသတွေပြောတတ်လို့ ဘုရင်ကြီးက

ဒေါသထွက်ရသတဲ့။

One day a messenger entered Krishnadevaraya's court. The messenger had been sent by the King's friends in a neighbouring kingdom. They warned the King Krishnadevaraya that there was a plot to kill him. The King was worried and summoned his courtiers to discuss the matter.

တစ်နေ့မှာ စေတမန်တစ်ယောက်က ခရစ်ရှ်နာဒီဗာရာယရဲ့ နန်းတော်ထဲကို ဝင်ရောက်လာသတဲ့။ သူ့ကို ဘုရင်ကြီးရဲ့အိမ်နီးချင်းနိုင်ငံက မိတ်ဆွေတွေက လွှတ်လိုက်တာဖြစ်တယ်။ မိတ်ဆွေတွေက ဘုရင်ကြီးကို လုပ်ကြံသတ်ဖြတ်မယ့်အစီအစဉ်တစ်ခု ရှိနေတဲ့အကြောင်း သတိပေးထားတာကို အဲဒီစေတမန်က လာပြောတာတဲ့။ ဘုရင်ကြီးက စိုးရိမ်ကြောက်လန့်ပြီး သူ့နန်းတွင်းအရာရှိတွေကို ခေါ်ပြီးဆွေးနွေးတိုင်ပင်တာပေါ့။

As the King discussed the issue, Tenali Raman walked in laughing and cracking jokes. The King saw this and lost his temper. He shouted, "Raman of Tenali! How dare you laugh and crack jokes when my life is in danger! Leave the court at once. I never want to see your face again."

ဘုရင်ကြီးက နန်းတွင်းအရာရှိတွေနဲ့ ပြဿနာဆွေးနွေးနေချိန်မှာ တီနာလီရာမန်က အရွှမ်းဖောက်ရယ်မောရင်းနဲ့ ဝင်လာသတဲ့။ ဘုရင်က ဒါကိုတွေ့ပြီး ဒေါသထွက်သွားတယ်။ ဒီတော့

ဘုရင်က ရာမန်ကို ခုလိုအော်လိုက်တယ်။ "တီနာလီ၊ မင်းက ငါ အန္တရာယ်တွင်းထဲကျတော့မယ့်အချိန်မှာတောင် နောက်ပြောင်ပြီး ရယ်မောနိုင်သေးတယ်။ မင်းအခုချက်ချင်း ထွက်သွားစမ်း။ မင်း မျက်နှာကို ငါထပ်မကြည့်ချင်တော့ဘူး။

Tenali Raman was surprised by the King's anger, since he did not know about the plot to kill the King. Knowing that this was not the time to argue, he left the court after bowing to the King.

ဘုရင်ကြီး ခုလိုဒေါသထွက်တော့ ရာမန် အံ့သြသွားတယ်။ သူက ဘုရင်ကိုလုပ်ကြံမယ့် ကြံစည်မှုကိစ္စကို မသိသေးလို့ပါ။ ဒီအချိန်မှာ အငြင်းအခုံလုပ်ပြီး စကားများရမယ့်အချိန်မဟုတ်မှန်း သိလို့ ရာမန်က ဘုရင်ကြီးကို ဦးညွှတ်အရိုအသေပေးပြီး ရုံးတော်ထဲက ထွက်ခွာခဲ့လိုက်တယ်။

The King continued his discussion and told his courtiers to double the guard on the palace. Later on in the day when he had calmed down, the King realised that he had been too harsh with Raman. He decided to call Raman the next day and forgive him.

ဘုရင်ကြီးက ဆွေးနွေးပွဲကို ဆက်လိုက်တယ်။ သူ့အစီအစဉ် အရ နန်းတော်ထဲမှာ အစောင့်တွေကို နှစ်ထပ်လောက်ချထားဖို့ ပြောသတဲ့။ အဲဒီနောက်ပိုင်း ဘုရင်ကြီး စိတ်ပြေသွားချိန်ရောက်မှ သူ ရာမန်အပေါ် ခက်ခက်ထန်ထန် ဆက်ဆံမိလိုက်တာကို သတိ

ရမိတယ်။ သူက နောက်တစ်နေ့မှာ ရာမန်ကိုခေါ်ပြီး ခွင့်လွှတ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

After lunch the King went back into the court to watch a snake charmer perform some tricks. The entire crowd in the palace was watching the snake charmer, when suddenly there was a murmur in the crowd. Suddenly from among the crowd, Tenali Raman appeared and stood in front of the King. The King looked up to see Tenali Raman standing in front of him, with a clay pot on his head. The pot had two holes where Raman's eyes were.

နေ့လယ်ထမင်းစားပြီးချိန်ရောက်တော့ ဘုရင်ကြီးက နန်းတွင်းထဲပြန်လာပြီး မြွေအလမ်္ဘာယ်ဆရာရဲ့ပြကွက်တွေကို ကြည့်သတဲ့။ နန်းတော်တစ်ခုလုံးမှာရှိတဲ့လူတွေအားလုံး မြွေအလမ်္ဘာယ်ဆရာရဲ့ ပြကွက်တွေကိုပဲ အာရုံစိုက်ပြီး ဝိုင်းကြည့်နေကြတာပေါ့။ ရုတ်တရက် လူအုပ်ထဲကနေ ညည်းသံပေါ်လာတယ်။ ပြီးတော့ တီနာလီရာမန်က ဘုရင်ကြီးရှေ့မှာ လာရပ်တယ်။ ဘုရင်ကြီးက သူ့ရှေ့ရပ်နေတဲ့ ရာမန်ကို မော့ကြည့်တယ်။ ရာမန်ရဲ့ဦးခေါင်းမှာ ရွှံ့အိုးတစ်လုံးစွပ်ထားပြီး မျက်လုံးနေရာမှာ အပေါက်နှစ်ပေါက် ဖောက်ထားတာကို တွေ့ရသတဲ့။

The King was annoyed. He had already forgiven Raman, but could not understand why

Raman had entered the court with a pot on his head. He shouts at Raman, "What is the meaning of this? I think, I told you to leave the court?"

Raman answered from under the pot, "No your Majesty! You told me that you did not want to see my face again, so I covered my face with a pot!"

ဘုရင်ကြီးက ဒါကို ဒေါကန်သွားတယ်။ သူက ရာမန်ကို ခွင့်လွှတ်ပြီးသားပါ။ ဒါပေမဲ့ အခုဟာက ဘာလို့သူ့ခေါင်းမှာ အိုးကိုစွပ်ထားရတာပါလိမ့်ဆိုပြီး စဉ်းစားမရဖြစ်နေတယ်။ ဒီတော့ ရာမန်ကို အော်ငေါက်လိုက်တယ်။ "ဒါ ဘာအဓိပ္ပာယ်လဲကွ၊ မင်း ဒီနန်းတော်ထဲက ထွက်သွားလို့ ငါပြောပြီးပြီနော်"ဒါကို ရာမန်က အိုးစွပ်ထားလျက်နဲ့ ခုလိုပြန်ပြောလိုက်တယ်။ "ဒီလိုပါ မင်းကြီး၊ အရှင်မင်းကြီးက ကျွန်တော်မျိုးမျက်နှာကို နောက်တစ်ကြိမ် မတွေ့ချင်ဘူးဆိုလို့ အိုးစွပ်ထားတာပါ"

Unable to control himself, the King burst out laughing. He hugged Tenali Raman and said to him, "Raman of Tenali! What would I do without you? Take that silly pot off your head and take your place in the court."

ဘုရင်ကြီးလည်း သူ့စိတ်ကို မထိန်းနိုင်တော့ဘဲ ဝါးလုံးကွဲ ရယ်ချလိုက်တယ်။ သူက ရာမန်ကို ပွေ့ဖက်ပြီး "ရာမန်၊ ငါမင်း မပါဘဲနဲ့ ဘာမှလုပ်လို့ရတော့မှာမဟုတ်ဘူး။ ကဲ ဒီအိုးကြီးကို

ခေါင်းကနေချွတ်လိုက်စမ်းပါဦး" လို့ ပြောသတဲ့။

Tenali Raman quickly jumped aside and banged his head against the wall. The pot cracked and everyone in the court laughed.

တီနာလီရာမန်က ဘေးကိုခုန်လိုက်ပြီး ခေါင်းကို နံရံနဲ့တိုက်လိုက်တယ်။ မြေအိုးကအစိတ်စိတ်အမွှာမွှာကွဲသွားတော့ နန်းတော်ထဲကလူတွေအားလုံး ဝိုင်းရယ်လိုက်ကြသတဲ့ကွယ်။

■

In spite of receiving a warning from his friends about a plot to kill him, King Krishnadevaraya and his subjects soon forgot about the threat. They were confident that no one would be able to kill the King, who was a very strong man. Tenali Raman was not worried. Although he would gladly give his life for the King, protecting the King was not his job. He went about his daily chores praying that no one would harm his friend, the King.

ဘုရင်ကြီးရဲ့သူငယ်ချင်းတွေက ဘုရင်ကြီးကို လုပ်ကြံမည့် ကြံစည်မှုကို ကြိုတင်သတိပေးထားတဲ့ကြားက ဘုရင်နဲ့ သူ့နှန်း တွင်းအရာရှိတွေအားလုံး ဒါကိုမေ့လျော့သွားကြသတဲ့။ အရာရှိတွေ

က ဘုရင်ကြီးကို ဘယ်သူကမှ မလုပ်ကြံနိုင်ဘူးလို့ ယုံကြည်ထားကြပုံပဲ။ တီနာလီရာမန်ကလည်း သူ့အသက်ကို ဘုရင်ကြီးအတွက် ဝမ်းမြောက်ဝမ်းသာစွာ ပေးရဲတာရယ်၊ ဘုရင်ကြီးက ခွန်အားကြီးတာရယ်ကြောင့်လည်း ပါတာပေါ့။ ရာမန်က သူ့မိတ်ဆွေဘုရင်ကြီး ဘာအန္တရာယ်မှ မကျရောက်စေဖို့တော့ နေ့တိုင်းဆုတောင်းတတ်တယ်။

One day, when Tenali Raman was at home, a strange young man visited his house. The young man told Raman that he was Raman's cousin's, uncle's, daughter's husband. Raman was unable to recall this so-called relative, but not wanting to turn a relative away, he let the young man in.

တစ်နေ့မှာတော့ ရာမန်အိမ်မှာရှိနေတုန်း သူ့ဆီကို ထူးဆန်းတဲ့လူငယ်တစ်ဦး အလည်ရောက်လာသတဲ့။ အဲဒီလူငယ်က သူဟာ ရာမန်ရဲ့ဝမ်းကွဲညီအစ်ကိုရဲ့ ဦးလေးရဲ့သမီးရဲ့ အမျိုးသားလို့ ပြောသတဲ့။ ရာမန်က အခုလိုအမျိုးတော်စပ်တာတွေကို နားမလည်ဘူး။ ဒါနဲ့ပဲ သူက လူငယ်ကို အထဲပေးဝင်လိုက်တယ်။

The young man was very friendly, and seemed to be very interested in Tenali Raman's job in the court. He told Raman that he was very interested in meeting the great King Krishnadevaraya. Raman promised him that he would try and arrange a meeting with the King.

လူငယ်က ခင်မင်ရင်းနှီးတဲ့ပုံစံနဲ့ဆက်ဆံပြီး တီနာလီရာမန်ရဲ့ နန်းတော်ထဲကအလုပ်ကို အတော်စိတ်ဝင်စားပုံရတယ်။ သူက ရာမန်ကိုပြောတယ်။ ဘုရင်ကြီးနဲ့တွေ့ချင်တယ်တဲ့။ ရာမန်ကလည်း ဘုရင်ကြီးနဲ့တွေ့ခွင့်ရအောင် စီစဉ်ကြိုးစားပေးမယ်ဆိုပြီး ကတိပေးလိုက်သတဲ့။

Raman did not realise that the young man was actually an assassin. A neighbouring King, who was King Krishnadevaraya's enemy, had sent him. The neighbouring King had found out that Krishnadevaraya was very relaxed when Tenali Raman was around. He knew that if the assassin could befriend Raman, he could get close to the King and kill him.

အဲဒီလူငယ်ဟာ တကယ့်လုပ်ကြံသတ်ဖြတ်မယ့်သူဆိုတာကို ရာမန်ကမသိဘူး။ တကယ်တော့ အိမ်နီးချင်းနိုင်ငံ ဘုရင်ကြီးတစ်ပါးက သူ့ရဲ့ရန်သူဘုရင်ကြီး ခရစ်ရှ်နာကို လုပ်ကြံသတ်ဖြတ်ဖို့အတွက် ဒီလူငယ်ကို စေလွှတ်လိုက်တာပေါ့။ ဒီကဘုရင်ကြီးဟာ ရာမန်ရှိတဲ့အချိန် အပန်းဖြေတတ်တယ်ဆိုတာရယ်၊ ရာမန်လို ဘုရင်ရဲ့အနီးကပ်ပုဂ္ဂိုလ်ကို ပေါင်းထားမှ လုပ်ကြံလို့ရမယ်ဆိုတာကို ရန်သူဘုရင်ကြီးက ကောင်းကောင်းနားလည်ထားသတဲ့။

It so happened that the King decided to send Tenali Raman out to a famous temple to offer prayers for the Kingdom. The temple was located

in the middle of a very thick forest. And the journey would take at least seven days. Raman bade farewell to his wife and the young man he thought to be his relative, and left for the temple.

ဘုရင်ကြီးက တိုင်းပြည်အတွက် ဆုတောင်းပတ္ထနာပြုဖို့ နာမည်ကျော်ဘုရားကျောင်းတစ်ခုဆီ ရာမန်ကိုလွှတ်လိုက်သတဲ့။ ဘုရားကျောင်းက သစ်တောကြီးရဲ့အလယ်တည့်တည့်မှာ တည်ရှိနေသတဲ့။ အဲဒီကိုသွားဖို့ အနည်းဆုံး ၇ ရက်လောက် အချိန်ယူရတယ်။ ရာမန်က သူ့ဇနီးသည်နဲ့ ဆွေမျိုးလို့ထင်တဲ့ ဧည့်သည်လူငယ်ကို နှုတ်ဆက်ပြီး ဘုရားကျောင်းကို သွားတော့တယ်။

The wicked assassin, posing as Raman's relative, knew that this was the opportunity he had been waiting for. One day after Raman left for the temple, he tied Raman's wife up. Closed her mouth with a piece of cloth and shut her up in a corner room. Once he had done that, he sent word to the King that Tenali Raman's wife had fallen ill.

ကောက်ကျစ်တဲ့လုပ်ကြံသူဟာ သူစောင့်ဆိုင်းနေခဲ့ရတဲ့ အခွင့်အရေးရောက်ပြီဆိုတာ သိလိုက်တယ်။ ရာမန်ထွက်သွားပြီး တစ်ရက်လောက်ကြာတော့ ဧည့်သည်က ရာမန်ရဲ့ဇနီးကို ကြိုးတုပ်ပြီး ပါးစပ်ထဲကို အဝတ်စတွေဆို့ထားလိုက်တယ်။ ပြီးတော့ ရာမန်ဇနီးကို အခန်းထောင့်မှာ သွားထားလိုက်

တယ်။ ဒီနောက် ဧည့်သည်လူငယ်က ရာမန့်ဇနီး နေမကောင်းဘူး ဆိုပြီး ဘုရင့်ထံ အကြောင်းကြားလိုက်တယ်။

When he heard this, the King felt guilty. Raman had gone away because of the King, and now his wife had fallen ill. The King left all his work and rushed to Raman's house. When he reached the house he found the door open. Not wanting to scare Raman's wife he asked his guards to wait outside while he went in.

ဘုရင်ကြီးက ဒီအကြောင်းကိုကြားတော့ စိတ်မကောင်းဖြစ်သွားတယ်။ ဘုရင့်ကိစ္စကြောင့် ရာမန်က အဝေးကိုသွားနေရပြီး သူ့ဇနီးကတော့ ဖျားနေရှာတယ်ဆိုတော့ ဘုရင်က သူ့အလုပ်တွေ အားလုံးကို ထားခဲ့ပြီး ရာမန့်အိမ်ကို ထွက်ခဲ့တယ်။ ရာမန်တို့အိမ် ရောက်တော့ တံခါးကပွင့်နေသတဲ့။ ဘုရင်ကြီးက သူ့အစောင့်တွေကို အပြင်မှာနေဖို့ပြောပြီး အထဲကိုဝင်သွားသတဲ့။

To his surprise, as soon as he entered the house, the door was shut behind him. And there with a wicked smile on his, stood the assassin. He had a long knife in his hand and said to the King, "Be prepared to die Great Krishnadevaraya!" With that he rushed at the King and tried to stab him with the knife.

ဘုရင်ကြီးကိုအံ့ဩသွားစေတာကတော့ သူဝင်ဝင်ချင်းပဲ တံခါးက သူ့နောက်မှာပိတ်သွားတယ်။ ပြီးတော့ လူငယ်က

ကောက်ကျစ်စွာပြုံးလိုက်တယ်။ သူ့လက်ထဲမှာ ဓားရှည်ကိုင်ထားပြီး ဘုရင်ကြီးကို ပြောလိုက်တယ်။ "ကဲ သေဖို့သာပြင်ပေတော့ ခရစ်ရှ်နာရေ" ဆိုပြီး ဘုရင်ကြီးကို ဓားနဲ့ထိုးဖို့ ကြိုးစားပါတော့တယ်။

King Krishnadevaraya was a Great King and a Great Warrior. He was accustomed to surprise attacks by his enemies in a battle. As soon as the assassin rushed at him, the King stepped aside, avoiding the assassin's knife. With lightning speed he grabbed the assassin's hands, then kicked him with his leg. The assassin fell to the floor dazed. Before he could recover, the King drew his sword and prepared to defend himself.

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယဆိုတာ ကြီးမြတ်တဲ့ဘုရင်ဖြစ်ရုံမက စွမ်းအားကြီးတဲ့ သူရဲကောင်းတစ်ယောက်လည်း ဖြစ်တယ်လေ။ သူက စစ်မြေပြင်မှာဆိုရင် သူ့ရဲ့ရန်သူတွေကို လျှပ်တစ်ပြက်တိုက်ခိုက်ခဲ့တာ အခုကျင့်သားရပြီးနေပြီ။ ဒီတော့ လုပ်ကြံသူရန်သူက တစ်ဟုန်ထိုးလည်း ဓားနဲ့ဝင်လာရော ဘုရင်ကြီးက ဘေးကိုကပ်ရှောင်လိုက်တယ်။ ရန်သူရဲ့ဓားချက်ကနေလွတ်ပြီးတာနဲ့ သူက လုပ်ကြံသူရဲ့လက်ကို ဖမ်းဆုပ်ပြီး ခြေထောက်နဲ့ကန်ထည့်လိုက်တယ်။ လုပ်ကြံသူလူငယ်ကလည်း ကြမ်းပြင်ပေါ်လဲကျပြီး မေ့မြောသွားတယ်။ သူ သတိပြန်မရခင်မှာ ဘုရင်ကြီးက ဓားကိုဆွဲထုတ်လိုက်ပြီး သူ့ကိုယ်သူ အသင့်ကာကွယ်ထားသတဲ့။

The guards, hearing the noise from inside the house, broke down the door and rushed in. The assassin knew that he did not stand a chance, so he threw his knife down and surrendered. After tying the assassin up, the King and his guards searched the rest of the house to find out if there were any other assassins. To their surprise they found Tenali Raman's wife tied up and locked away in a room. The King realised that Raman had no part to play in the assassination attempt, but he was very angry with Raman, since Raman had trusted the wicked assassin without finding out more about him.

အိမ်ထဲက ဆူညံသံတွေကိုကြားတော့ အစောင့်တွေက တံခါးကိုဖျက်ပြီး ဝင်လာကြတယ်။ လုပ်ကြံသူက သူ့အရေးမသာတော့မှန်းသိပြီး ဓားကိုလွှတ်ပစ်လိုက်တယ်။ လက်နက်ချ အညံ့ခံလိုက်တော့တာပေါ့။ လုပ်ကြံသူကို အနိုင်ရပြီး အိမ်ခန်းထဲမှာ နောက်ထပ် လုပ်ကြံသူများ ရှိနေဦးမလားဆိုပြီး ဘုရင်နဲ့ အစောင့်တွေက အနှံ့ရှာဖွေကြတယ်။ အဲဒီမှာ တီနာလီရဲ့ဇနီး အဝတ်စတွေ ပါးစပ်ထဲအဆို့ခံရပြီး အခန်းတံခါးပိတ်၊ ကြိုးချည်ခံထားရတာကို တအံ့တသြ သွားတွေ့ကြတယ်။ ဘုရင်က ဒီလုပ်ကြံမှုမှာ တီနာလီရာမန် မပါဘူးဆိုတာကို သဘောပေါက်တယ်။ ဒါပေမဲ့ ဒီလိုကောက်ကျစ်ယုတ်မာတဲ့လုပ်ကြံသူကို မစုံစမ်း မမေးမြန်းဘဲနဲ့ ယုံယုံကြည်ကြည် လက်ခံထားတာကိုတော့ ဒေါကန်နေသတဲ့။

As soon as Tenali Raman returned, the King summoned him to the court and said to him, "Raman of Tenali! You have endangered the lives of your wife and your King, by being too trusting. I hate to do this, but you have to pay for this with your life, so that other people would learn to be more careful." The King had no intention of killing Raman, but had to teach his subjects to be more careful. He secretly knew that Raman would be able to save himself with his wit and intelligence.

တီနာလီရာမန် ပြန်ရောက်ရောက်ချင်း ဘုရင်က သူ့ကို နန်းတော်ဆီလာခဲ့ဖို့ဆင့်ခေါ်လိုက်တယ်။ နန်းတော်ရောက်တော့ ဘုရင်ကြီးက "ရာမန် ...၊ မောင်မင်းက မင်းရဲ့ဇနီးနဲ့ ရှင်ဘုရင်ကို အသက်အန္တရာယ်ကျအောင်လုပ်ခဲ့တာပဲ။ မင်း အဲဒါ အယုံလွယ်လို့ဖြစ်တာ။ ငါ ဒါကိုတအားမုန်းတယ်။ ဒီတော့ မင်း အသက်နဲ့ပြန်ပြီးပေးဆပ်ရလိမ့်မယ်။ ဒါမှ တခြားသူတွေကိုလည်း အရာရာမှာသတိထားတတ်အောင် သင်ခန်းစာပေးနိုင်မှာ" ဘုရင်က ဘယ်သူ့ကိုမှ သတ်ဖို့မရည်ရွယ်ပါဘူး။ ဒါပေမဲ့ ပိုပြီးသတိထားတတ်အောင် ပညာပေးတာပါ။ ရာမန်က ဘာပဲဖြစ်ဖြစ် သူ့ဇဝနဉာဏ်နဲ့ ထက်မြက်တဲ့ဉာဏ်စွမ်းရှိတဲ့သူမို့လို့ သူ့အသက်ကို သူကာကွယ်နိုင်မယ်ဆိုတာ ဘုရင်ကြီးက သိပြီးသားပါ။

He said to Raman, "Since you are a good friend of mine, I will let you choose the way you

want to die. Tell me how you want to die, and I will obey your wish." Raman bowed his head humbly and said, "O King, you know that would not do anything to hurt you, but I accept that I made a mistake by trusting that wicked assassin. I am ready to accept my death sentence. But before that, I just have one question your Majesty. Will you let me die exactly the way I want to die?" The King smiled, "Of course my friend, whatever you wish, will be granted."

ဘုရင်ကြီးက ရာမန်ကိုပြောလိုက်တယ်။ "မောင်မင်းက ကျုပ်ရဲ့အချစ်တော်မို့လို့ မင်းသေချင်တဲ့ပုံစံအတိုင်း သေဖို့ခွင့်ပြုမယ်။ မောင်မင်း ဘယ်လိုပုံစံနဲ့ သေချင်တာလဲ။ မင်းဆန္ဒအတိုင်း ဖြစ်စေရမယ်" ဒီတော့ ရာမန်က ဦးခေါင်းကိုညွတ်ပြီး ဘုရင်ကြီးကို အရိုအသေပေးလိုက်တယ်။ ပြီးတော့ "မင်းကြီး ...၊ သင့်ကို ဘာမှ တစ်စုံတစ်ရာမထိခိုက်စေဘူးဆိုတာ သင်မင်းကြီးသိပါတယ်။ ကျွန်တော်မျိုးက ကောက်ကျစ်တဲ့လုပ်ကြံသူကို မှားယွင်းပြီး ယုံကြည်ခဲ့မိတာကို ဝန်ခံပါတယ်။ သေဒဏ်ကျခံရဖို့လည်း အဆင်သင့်ပါပဲ။ ဒါပေမဲ့ မသေခင် တစ်ခုတော့မေးပါရစေ။ ကျွန်တော်မျိုး သေချင်တဲ့ပုံစံအတိုင်း တကယ်တိတိကျကျ သေခွင့်ပေးမှာလား" လို့ မေးသတဲ့။ ဘုရင်ကြီးက ပြုံးပြီး "ရတာပေါ့ကွာ၊ မင်းဆန္ဒရှိသလိုသာ ပြောပါ၊ ကျိန်းသေဖြစ်စေရမယ်" လို့ ပြန်ပြောလိုက်တယ်။

Raman smiled at the King and said, "Your Majesty, I wish to die of old age, in your marvellous Kingdom." The King burst out laughing and said, "Raman of Tenali your wish shall be granted! Your wit has saved your life. I hope you live a happy life and die of old age in this wonderful Kingdom. Everyone in the courtroom cheered as Raman took his rightful place in the Kings court.

ရာမန်က ပြုံးပြီး ဘုရင်ကြီးကို ပြန်ပြောတယ်။ "မင်းကြီး အသက်အရွယ်အိုမင်းရင့်ရော်ပြီး သေတဲ့ပုံစံမျိုးနဲ့ သေချင်ပါတယ်" ဘုရင်ကြီးက ဝါးလုံးကွဲရယ်လိုက်ပြီး "ရာမန် ....၊ မင်းအလိုဆန္ဒ ပြည့်ဝစေရမယ်။ မင်းရဲ့ထက်မြက်တဲ့ ဉာဏ်ရည်နဲ့ ဇဝနဉာဏ်က မင်းကိုအသက်ကယ်တင်လိုက်နိုင်ပြီ။ မင်း ပျော်ပျော်ရွှင်ရွှင်နဲ့ ဒီနန်းတော်ထဲမှာ အသက်အရွယ်အိုမင်းရင့်ရော်တဲ့အထိ နေပြီးမှ သေပေတော့"လို့ ပြောလိုက်ပါတော့တယ်။ ရုံးတော်ထဲမှာရှိတဲ့ လူတွေလည်း ရာမန်က နေရာမှန်ကိုရသွားလို့ ပျော်ရွှင်ပြီး အော်ဟစ် အားပေးနေကြသတဲ့ကွယ်။

■

ရွှေရောင်သရက်သီးများ
Golden Mangoes

The great King Krishnadevaraya's mother had died a few years ago. On her death anniversary, the King would always call in all the poor people and feed them till they could not eat anymore. He would also give them new clothes and money since he believed that this would make his mother happy.

ခရစ်ရှ်နာဒီဗာရာယဘုရင်ကြီးရဲ့မိခင် ကွယ်လွန်သွားတာ နှစ်အနည်းငယ်ကြာခဲ့ပါပြီ။ သူမရဲ့သေဆုံးတဲ့ နှစ်ပတ်လည်အခမ်းအနားမှာ ဘုရင်ကြီးက ဆင်းရဲသားတွေကိုခေါ်ပြီး နောက်ထပ်မစားနိုင်တော့လောက်အောင် အစားအစာတွေ ကျွေးမွေးတတ်တယ်။ ပြီးတော့ ဘုရင်ကြီးက သူတို့ကို အဝတ်အစားသစ်တွေနဲ့

သုံးစွဲဖို့ငွေတွေပါ ပေးလေ့ရှိတယ်။ ဒါဟာ သူ့မိခင်ပျော်ရွှင်မှု ရစေတယ်လို့ သူက ယုံကြည်ထားတယ်။

A day before the King's mother's death anniversary the King looked very sad. Rajaguru, the King's elderly teacher, who was standing nearby, noticed that the King was sad. He asked the King, "Why are you sad O King?"

ဘုရင့်မယ်တော်ကြီး ကွယ်လွန်တဲ့ နှစ်ပတ်လည်အခမ်းအနားမတိုင်ခင် တစ်ရက်မှာ ဘုရင်က တော်တော်ဝမ်းနည်းနေတဲ့ပုံဖြစ်နေသတဲ့။ ဘုရင့်ရဲ့ဆရာတစ်ဦးဖြစ်တဲ့ ရာဂျာဂုရုက အနားမှာရှိနေတော့ ဘုရင်ကြီးဝမ်းနည်းတာကို သတိထားမိတာပေါ့။ သူက ဘုရင်ကြီးကို မေးလိုက်တယ်။ "ဘာကြောင့် ဝမ်းနည်းနေရတာပါလဲ မင်းကြီး"

The King replied, "Tomorrow is my mother's death anniversary and I miss her so much. But more than that I feel sad because I could not fulfil her last wish." Rajaguru asked, "What is this wish, that a mighty King like you could not fulfil?"

ဘုရင်ကြီးက ပြန်ဖြေတယ်။ "နက်ဖြန်ဆို ငါ့မိခင်ရဲ့နှစ်ပတ်လည်နေ့ ရောက်ပြီ။ ငါသူ့ကို အရမ်းလွမ်းတယ်၊ ငါ ဝမ်းအနည်းဆုံးက ငါ့မယ်တော်ရဲ့အလိုဆန္ဒကို မဖြည့်ဆည်းပေးလိုက်ရလို့"ဒီတော့ ရာဂျာဂုရုကမေးပြန်တယ်။ "အလိုဆန္ဒက ဘာများလဲ၊ အရှင်မင်းကြီးကိုယ်တိုင်တောင် မဖြည့်ဆည်းပေးနိုင်ဘူးဆိုတော့"

The King replied, "My mother loved Golden Mangoes. Just before she died she wanted to taste Golden Mangoes. But unfortunately it was not the Mango season. I sent messengers far and wide, but none of them could find Golden Mangoes. So my mother died with her wish unfulfilled."

ဘုရင်ကြီးက ခုလိုပြန်ဖြေတယ်။ "ငါ့မယ်တော်က ရွှေရောင်သရက်သီးတွေကို သိပ်ကြိုက်တာ။ သူမသေခင် ရွှေရောင်သရက်သီးအရသာကို မြည်းသွားချင်တယ်တဲ့လေ။ ကံမကောင်းတာက သရက်သီးပေါ်တဲ့ရာသီမဟုတ်တော့ ... ငါလည်း အထောက်တော်တွေလွှတ်ပြီး ရပ်နီးရပ်ဝေးမကျန် ရွှေရောင်သရက်သီးတွေ ရှာခိုင်းခဲ့တယ်။ ဒါပေမဲ့ ဘယ်သူမှ ရှာမတွေ့နိုင်ခဲ့ကြဘူး။ ဒီလိုနဲ့ ငါ့မယ်တော်က အလိုဆန္ဒမပြည့်ဘဲနဲ့ ကွယ်လွန်ခဲ့ရတယ်။

Rajaguru was a greedy old man and tried to get gold from the King at any given opportunity. He quickly thought of a plan to use the King's mother's death anniversary as an excuse to get gold from the King. He said to the King, "O great King, I know that there is a simple way to fulfil your mother's wish. Just give five holy men Golden Mangoes on her death anniversary tomorrow. Giving it to them would be equal to fulfilling her wish."

ရာဂျာဂုရုဟာ လောဘကြီးတဲ့အဘိုးအိုဖြစ်ပြီးတော့ ဘုရင့်

ဆီက ရွှေတွေကို ရယူနိုင်ဖို့ ဘယ်အခွင့်အရေးပဲဖြစ်ဖြစ် သုံးနိုင်အောင် ကြိုးစားနေသတဲ့။ ဘုရင့်မယ်တော်ကြီး ကွယ်လွန်တဲ့ နှစ်ပတ်လည်နေ့မှာ ဘုရင့်ဆီကရွှေတွေကို ရယူနိုင်ဖို့ ရာဂျာဂုရ အစီအစဉ် ချမှတ်ပါတော့တယ်။ သူက ဘုရင်ကြီးကိုပြောလိုက်တယ်။ "ဘုန်းတော်ကြီးမြတ်လှပါတဲ့ မင်းကြီး၊ သင့်မယ်တော်ရဲ့ဆန္ဒပြည့်ဝစေမယ့်နည်းလမ်းကို ကျွန်တော်မျိုးသိပါတယ်။ နက်ဖြန် ကျရောက်မယ့် နှစ်ပတ်လည်နေ့မှာ မြင့်မြတ်တဲ့သူ ၅ ဦးကို ရွှေသရက်သီးတွေ ပေးလိုက်ပါ။ သူတို့ကို ဒီလိုပေးခြင်းဖြင့် သင့်မယ်တော်ရဲ့အလိုဆန္ဒကို ပြည့်ဝစေရပါမယ်"

The King was confused. He asked Rajaguru, "But how could I Rajaguru? Have you forgotten that just like the day that she died, it is not the Mango season?"

ဘုရင်ကြီးက ခေါင်းရှုပ်သွားတယ်။ ဒီတော့ ရာဂျာဂုရကို ပြန်မေးတယ်။ "ဘယ်လိုမျိုး လုပ်မှာလဲ ရာဂျာဂုရ၊ မယ်တော်သေသွားတာ သရက်သီးပေါ်ချိန် မဟုတ်ဘူးလေ။ ဒါကို မင်းမေ့နေပြီလား"

Rajaguru smiled, "That's simple O King. All you have to do is give away Mangoes MADE OF GOLD! That will definitely please your mother's soul."

ရာဂျာဂုရက ပြုံးပြီး ခုလိုပြန်ပြောတယ်။ "ဒါက ရိုးရိုးလေးပါ မင်းကြီး၊ ရွှေနဲ့လုပ်တဲ့သရက်သီးတွေကို ပေးလိုက်ရုံပါပဲ။ ဒါဆို

သင့်မယ်တော်ကြီးရဲ့ဝိညာဉ်က ကျေနပ်ပျော်ရွှင်နေပါလိမ့်မယ်"

The King thought for a while and said, "Maybe you are right Rajaguru. Maybe that will satisfy her soul. I will make arrangements for mangoes to be made of Gold."

ဘုရင်ကြီးက ခဏလောက်စဉ်းစားပြီး ပြန်ပြောသတဲ့။ "မင်းပြောတာ မှန်ချင်မှန်မှာပါ ရာဂျာဂုရုရဲ့။ ငါ့မယ်တော်ကြီး စိတ်ချမ်းသာမယ်ဆိုရင်တော့ ... ဒါဆို ငါ ရွှေနဲ့လုပ်တဲ့ သရက်သီးတွေ စီစဉ်လိုက်တော့မယ်"

Rajaguru smiled. His plan had worked. He said to the King, "Very good my King. I will make arrangements for five holy men to come and collect the Golden Mangoes tomorrow."

ရာဂျာဂုရုက ပြုံးလိုက်တယ်။ သူ့အစီအစဉ်တွေက အလုပ်ဖြစ်တယ်လေ။ သူက ဘုရင်ကြီးကို "ကောင်းပါပြီ၊ ကျွန်တော်မျိုး အမြန်ဆုံးစီစဉ်လိုက်ပါတော့မယ်။ မြင့်မြတ်သူ ၅ဦး နက်ဖြန် ရောက်လာရင် ရွှေသရက်သီးတွေပေးနိုင်ဖို့ စီစဉ်ပေးပါ့မယ်"လို့ ပြောလိုက်တာပေါ့။

Rajaguru quickly left the palace and contacted a few of his friends. He told them to dress up like holy men and visit the palace on the next day. He told them that they could collect the Gold

Mangoes, but they would have to share half the gold with him.

ရာဂျာဂုရုက နန်းတော်ထဲကနေ လျင်မြန်စွာထွက်ပြီး သူ့သူငယ်ချင်းတွေကို ဆက်သွယ်လိုက်တယ်။ သူက သူငယ်ချင်းတွေကို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ပုံစံအတိုင်း ဝတ်စားခိုင်းပြီး နောက်တစ်နေ့မှာ မင်းနေပြည်တော်ကိုလာလည်ဖို့ ကြိုတင်မှာထားလိုက်တယ်။ အဲဒီလာရောက်မယ့်သူငယ်ချင်းတွေက ရွှေနဲ့လုပ်ထားတဲ့ သရက်သီးတွေကို ဘုရင်ကြီးဆီကယူပြီး ရွှေတစ်ဝက်စီကို တော့ ရာဂျာဂုရုက ယူမယ်လို့ ကြိုတင်မှာထားသတဲ့။

The next day the palace was buzzing with activity. After all the poor people were fed and given clothes and money the King called out to Rajaguru, "Have you brought those five holy men to receive the Gold Mangoes?"

နောက်တစ်နေ့ နန်းတော်ထဲမှာတော့ လူတွေ ပျားပန်းခပ်လုပ်ရှားနေကြတာပေါ့။ ဘုရင်ကြီးက ရောက်လာသမျှလူတွေကို အင်္ကျီတွေ၊ ငွေတွေ ပေး၊ အစားအစာတွေ တည်ခင်းကျွေးမွေးတာလုပ်ပေးတာပေါ့။ ပြီးတော့ ဘုရင်ကြီးက ရာဂျာဂုရုကို မေးလိုက်တယ်။ "ရွှေသရက်သီးတွေလက်ခံဖို့ ဒီလူ ၅ ယောက်ကို ခေါ်ခဲ့တာလား"

Rajaguru smiled and said, "Yes O King, I will bring them to you." Tenali Raman was in the court

at the time and wondered what was going on. He asked the King, "Why are you giving five holy men Gold Mangoes O King?"

ရာဂျာဂုရုက ပြုံးပြီး ပြန်ပြောတယ်။ "ဟုတ်ပါတယ်မင်းကြီး၊ ကျွန်တော်မျိုး သူတို့ကိုခေါ်လာခဲ့တာပါ" ဒီအချိန်မှာ တီနာလီ ရာမန်က နန်းတော်ထဲမှာရှိနေပြီး "ဘာတွေလုပ်နေကြပါလိမ့်"လို့ နားမလည်စွာနဲ့ ကြည့်နေသတဲ့။ ဒီတော့ ရာမန်က ဘုရင်ကြီးကို မေးကြည့်တယ်။ "မြင့်မြတ်တဲ့ပုဂ္ဂိုလ် ၅ ယောက်ကို ဘာကြောင့် ရွှေသရက်သီး ၅ လုံးပေးရတာလဲ မင်းကြီး"

The King replied, "Rajaguru told me that if I gave five holy men Gold Mangoes, it would fulfil my mother's last wish to taste Golden Mangoes."

ဘုရင်ကြီးက ခုလိုပြန်ဖြေတယ်။ "ရာဂျာဂုရုက ငါ့ကိုပြောတယ်။ ငါက မြင့်မြတ်တဲ့သူ ၅ ယောက်ကို ရွှေသရက်သီးတွေပေးလိုက်ရင် ငါ့အမေရဲ့နောက်ဆုံးဆန္ဒဖြစ်တဲ့ ရွှေသရက်သီးအရသာကို မြည်းနိုင်စေမယ့်ဆန္ဒကို ဖြည့်ပေးနိုင်မယ်လို့ ပြောတာကိုး"

Raman knew that there was something wrong. He did not trust Rajaguru and knew that Rajaguru was a greedy man. When he saw Rajaguru lead the five holy men into the palace, he was shocked. He realised that the holy men were actually Rajaguru's friends, disguised as holy men. Raman

could not tell the King at once, because the had no way of proving to the King that these holy men were actually Rajaguru's friends. So Raman came up with another plan.

ရာမန်က တစ်ခုခုမှားနေပြီဆိုတာကို သိလိုက်တယ်။ သူက ရာဂျာဂုရုကို မယုံကြည်ဘူး။ ဒီလူက တကယ့်လောဘသားကောင်ဆိုတာ ကောင်းကောင်းသိနေတယ်လေ။ ရာဂျာဂုရုက မြင့်မြတ်တဲ့လူ ၅ ယောက်ကို နန်းတော်ထဲ ဦးဆောင်ခေါ်သွင်းလာတာကိုတွေ့တော့ ရာမန်ထိတ်လန့်သွားတယ်။ ဒီလူတွေက ရာဂျာဂုရုရဲ့သူငယ်ချင်းအစစ်တွေမဟုတ်ဘဲ အယောင်ဆောင်ဖို့ ရုပ်ဖျက်ထားတယ်ဆိုတာ ရာမန်သိနေသတဲ့။ ရာမန်က ဘုရင်ကြီးကို ချက်ချင်းပြောလိုက်ချင်ပေမယ့် ခိုင်မာတဲ့သက်သေက မရှိဘူးဖြစ်နေတယ်။ ဒီတော့ ရာမန် နောက်အစီအစဉ်တစ်ခု ဆွဲရပါတော့မယ်။

Each of the five holy men walked up to the King and collected a Mango made of Gold. Just as they were about to leave Raman stepped forward. He called out to the holy men, "Just a minute O holy men. I have a small request. Tomorrow is my mother's death anniversary and she had a last wish that I could not fulfil. Will you help me fulfil it?"

နန်းတော်ထဲရောက်လာတဲ့ မြင့်မြတ်သူ ၅ ဦးဟာ တစ်ဦးချင်းစီ ဘုရင်ကြီးရှေ့ကိုထွက်လာပြီး ရွှေသရက်သီးတစ်လုံးစီ ယူ

ကြသတဲ့။ အဲဒီပုဂ္ဂိုလ် ၅ ဦး ပြန်မထွက်ခင်မှာ ရာမန်က ရှေ့ထွက်လိုက်ပြီး ခုလိုပြောလိုက်တယ်။ "မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး ၅ ဦးတို့ ခဏလေးနေပါဦး၊ ကျွပ် နည်းနည်းတောင်းဆိုစရာရှိပါတယ်။ နက်ဖြန်မှာ ကျွပ်မယ်တော်ရဲ့ကွယ်လွန်သွားတဲ့ နှစ်ပတ်လည် အခမ်းအနားလုပ်ပါမယ်။ ကျွပ် မဖြည့်ဆည်းပေးလိုက်ရတဲ့ မယ်တော်ရဲ့နောက်ဆုံးဆန္ဒကို ပြည့်ဝစေချင်လို့ပါ"

The five holy men were happy. They thought that Raman would give them gifts as well. One of them said, "Of course Sir. What is your mother's wish?"

မြင့်မြတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ် ၅ ဦးလည်း တော်တော်ပျော်သွားကြတယ်။ သူတို့ထင်တာက ရာဂျာဂုရုလိုပဲ လက်ဆောင်တွေပေးရင်ရကြဦးမယ်ပေါ့။ သူတို့ထဲကတစ်ယောက်က "စိတ်ချပါခင်ဗျာ၊ ခင်ဗျားမိခင်ရဲ့ အလိုဆန္ဒတွေ ပြည့်ဝစေရပါမယ်"

Tenali Raman smiled and said, "My mother wanted to give me something before she died. If I give it to you would I fulfil her last wish?" The holy men were even happier. One of them shouted out, "Dear Sir, if you give us whatever your mother wanted to give you, you will definitely fulfil her last wish."

တီနာလီရာမန်က ပြုံးပြီးပြောလိုက်တယ်။ "ငါ့မယ်တော်က သူမသေခင်မှာ ငါ့ကို တစ်ခုခုပေးချင်ခဲ့တယ်။ တကယ်လို့ ငါက

သင်တို့ကို တစ်ခုခုပေးရင် သူ့ဆန္ဒပြည့်ဝသွားလိမ့်မယ်" မြင့်မြတ်သူ ၅ ဦးလည်း ရာမန်ရဲ့စကားကိုကြားပြီး ပျော်ရွှင်သွားကြတယ်။ "သင့်မယ်တော်က သင့်ကိုပေးချင်တဲ့ဟာအတိုင်း ကျုပ်တို့ကို ခင်ဗျား ပေးမယ်ဆိုရင် သူမရဲ့နောက်ဆုံးဆန္ဒ ပြည့်ဝသွားမှာပါ"

Raman walked up to one of the guards and whispered something in his ear. The guard left the courtroom. The five holy men, who were actually Rajaguru's friends waited patiently, expecting Raman to give them precious gifts.

A short while later the guard entered with an iron rod that was heated in a fire.

ရာမန်က အစောင့်တစ်ယောက်ထံသွားပြီး တီးတိုးပြောလိုက်တယ်။ အဲဒီအစောင့်က နန်းတော်ထဲကနေ ထွက်သွားခဲ့တယ်။ ရာဂျာဂုရုရဲ့သူငယ်ချင်းတွေက ရာမန် သူတို့ကို အဖိုးတန်လက်ဆောင်တွေ ပေးမှာပဲဆိုပြီး စိတ်ရှည်ရှည်နဲ့ မျှော်လင့်စောင့်ဆိုင်းနေကြသတဲ့။ ခဏကြာတော့ အစောင့်တစ်ယောက်က မီးဟုန်းဟုန်းတောက်နေတဲ့ သံတုတ်ချောင်းကြီးနဲ့ ဝင်လာသတဲ့။

The holy men stepped back in fear. They shouted out to Tenali Raman, "What is this?" Raman replied, "O holy men, this was my mother's last wish. She wanted to give me a beating with a hot iron rod. I will now give you a beating with the hot iron rod, and that will help

fulfil her wish."

မြင့်မြတ်တဲ့ပုဂ္ဂိုလ် ၅ ဦးက မီးကိုမြင်တော့ ကြောက်ပြီး နောက်ဆုတ်သွားကြတယ်။ သူတို့က ရာမန်ကို "ဒါဘာလုပ်တာလဲ"လို့ အော်ကြတယ်။ ရာမန်က ပြန်ဖြေတယ်။ "ကဲ ... မြင့်မြတ်သူကြီးတို့ ဒါကတော့ ငါ့အမေရဲ့နောက်ဆုံးဆန္ဒပဲ။ ငါ့အမေက ပူပြင်းတောက်လောင်နေတဲ့ မီးပါတဲ့တုတ်နဲ့ ငါ့ကိုရိုက်စေချင်တယ်။ ဒီတော့ ငါလည်း မင်းတို့ကို ဒါနဲ့ရိုက်ပေးမယ်"

The holy men screamed with fear. They shouted, "Are you mad? Why should we get the beatings that were meant for you?" Raman replied, "But you said that if I gave you what my mother wanted to give me, I would fulfil her last wish!" The five holy men huddled behind each other.

ဒီတော့ မြင့်မြတ်ပါတယ်ဆိုတဲ့သူတွေ အားလုံးကြောက်ပြီး အော်ကြပြန်တယ်။ "ခင်ဗျား ရူးနေလား၊ ငါတို့က ဘာလို့ ဒါနဲ့အရိုက်ခံရမှာလဲ"လို့မေးတော့ ရာမန်က "မင်းတို့ပဲပြောခဲ့တယ်လေ။ ငါ့အမေဆန္ဒအတိုင်း လုပ်ပေးပါလို့" မြင့်မြတ်သူ ၅ ဦးလည်း အရမ်းကြောက်လန့်ပြီး တစ်ယောက်နဲ့တစ်ယောက် ဖက်လိုက်တယ်။

Raman picked up the hot iron rod and walked towards them. He said, "You collected the Gold Mangoes to fulfil the King's mother's last wish. If you are really holy men, you must get beaten

with the hot iron rod to fulfil my mother's last wish."

ရာမန်က မီးပူနေတဲ့သံတုတ်ကိုကိုင်ပြီး မြင့်မြတ်တဲ့သူ ၅ ယောက်ဆီ လျှောက်လာခဲ့တယ်။ သူက ခုလိုပြောလိုက်တယ်။ "ခင်ဗျားတို့က ဘုရင့်မယ်တော်ရဲ့အလိုဆန္ဒကို ပြည့်စေဖို့ ရွှေသရက်သီးတွေကို ယူတယ်မဟုတ်လား။ ဒီတော့ ခင်ဗျားတို့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်မှန်ရင် ကျုပ်မယ်တော်ရဲ့ဆန္ဒပြည့်ဝစေဖို့ မီးပူတဲ့သံတုတ်နဲ့ အရိုက်ခံလိုက်ကြပေါ့"

The five impostors threw down the Gold Mangoes and ran out of the palace. The King began laughing loudly. He called out to Raman, "Raman of Tenali, thank you! Once again you have shown me how foolish I can be. If those men were really holy men they would have taken the beating to fulfil your mother's last wish."

အယောင်ဆောင် လူ ၅ ယောက် လည်း သူတို့မှာရှိတဲ့ ရွှေသရက်သီးတွေကို လွှတ်ချပြီး နှန်းတော်ထဲကနေ ထွက်ပြေးပါတော့တယ်။ ဘုရင်ကြီးက ကျယ်လောင်စွာနဲ့ ရယ်လိုက်တယ်။ ရာမန်ကို ဘုရင်ကြီးကခေါ်လိုက်ပြီး "ရာမန်...၊ ကျေးဇူးတင်ပါတယ်ကွာ။ မင်းက ငါဘယ်လောက်မိုက်မဲတယ်ဆိုတာကို နောက်တစ်ကြိမ်ပြလိုက်ပြန်ပြီ။ ဒီလူတွေက အမှန်တကယ်မြင့်မြတ်ရင် မောင်မင်းရဲ့မယ်တော်ဆန္ဒအတိုင်း အရိုက်ခံသင့်တာပေါ့"လို့ ထောက်ခံပြောဆိုလိုက်တယ်။

The King then turned to Rajaguru and said, "Where did you find those men Rajaguru? They are definitely impostors." Rajaguru tried to look innocent and said, "I had no idea your Majesty. I found them walking along the street dressed up like holy men. I was also fooled by their disguise."

ပြီးတော့ ဘုရင်ကြီးက ရာဂျာဂုရုဘက်ကိုလှည့်ပြီး ပြောလိုက်တယ်။ "မင်း ဒီလူ ၅ ယောက်ကို ဘယ်ကနေရှာလာတာလဲ၊ သူတို့က အယောင်ဆောင်လူလိမ်တွေကွ" ရာဂျာဂုရုက သနားစရာကောင်းတဲ့ရုပ်ကို ဖန်တီးပြီး မသိနားမလည်တဲ့ပုံစံနဲ့ "ကျွန်တော်မျိုးအတိအကျမပြောတတ်ပါဘုရား၊ သူတို့က မြင့်မြတ်သူတွေ ဝတ်စားသလိုဝတ်ပြီး လမ်းတစ်လျှောက်သွားနေတာကို တွေ့ခဲ့တာပါ။ သူတို့ကရုပ်ဖျက်ထားတော့ ကျွန်တော်တောင်အရူးဖြစ်သွားတယ်" လို့ လုပ်ကြံပြောဆိုသတဲ့။

The King smiled at Raman once again and said, "Raman of Tenali, you have taught me a good lesson. As a reward I will give you one of the Gold Mangoes."

ဘုရင်က ရာမန်ဘက်ကိုလှည့်ကြည့်လိုက်ပြီး "ရာမန် ...၊ မင်းကတော့ ငါ့ကိုကောင်းကောင်းသင်ခန်းစာပေးနိုင်တာပဲ။ ဒီတော့ မင်းကို ရွှေသရက်သီးတစ်လုံး ဆုချမယ်"လို့ ပြောပါလေရော။

Rajaguru was filled with jealousy as Raman collected the Golden Mango. He was determined to get rid of Tenali Raman.

ရာဂျာဂုရုကတော့ ရာမန် ရွှေသရက်သီးရသွားတာကို တအားမနာလိုဖြစ်နေတာပေါ့။ သူက တီနာလီရာမန်ကို အမြစ်ပြတ်ချေမှုန်းဖို့ သန္နိဋ္ဌာန်ထပ်ချလိုက်ပြန်သတဲ့ကွယ်။

■

ရာဂျာဂုရုရဲ့ လက်စားချေမှု
Rajaguru's Revenge

Rajaguru had taught King Krishnadevaraya when he was a child. So quite often the King would give in to Rajaguru and let him have his way. But one day that almost cost Tenali Raman his life.

ရာဂျာဂုရုက ဘုရင်ကြီးကို ကလေးဘဝကတည်းက စာသင်ပေးခဲ့တယ်။ မကြာခဏဆိုသလို ဘုရင်ကြီးကလည်း ရာဂျာဂုရုကို အလေးပေးဆက်ဆံတယ်။ တစ်နေ့မှာတော့ တီနာလီရာမန်က ဘုရင်ကြီးတန်ဖိုးထားရတဲ့သူအဖြစ်နဲ့ ပေါ်လာခဲ့တယ်။

Rajaguru was determined to chase Tenali Raman out of the palace or get him killed.

ရာဂျာဂုရုက တီနာလီရာမန်ကို နန်းတော်ထဲကနေ ထွက်သွားရအောင်လုပ်ပြီး သတ်ပစ်ဖို့ စိတ်ဆုံးဖြတ်ထားသတဲ့။

One day he told the King that Raman had insulted him. He insisted that the King send his guards to kill Raman.

တစ်နေ့မှာ ရာဂျာဂုရုကဘုရင်ကြီးကိုတိုင်လိုက်တယ်။ ရာမန်က သူ့ကို စော်ကားပါတယ်ဆိုပြီးတော့ပေါ့။ သူက ခဏ ခဏ ပြောနေလေတော့ ဘုရင်ကြီးလည်း လူလွှတ်ပြီး ရာမန်ကို သတ်ခိုင်းလိုက်တော့တယ်။

The King was hesitant since he had no proof that Raman had insulted Rajaguru. But he knew that Raman could take care of himself so he said to the guards, "Go find Raman of Tenali and kill him with one sweep of your swords."

Rajaguru was very happy. At last he would get rid of Tenali Raman.

ရာမန်က ရာဂျာဂုရုကို စော်ကားတယ်ဆိုတဲ့ သက်သေမရှိလို့ ဘုရင်ကြီးက တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ စဉ်းစားရခက်နေသတဲ့။ ဒါပေမဲ့ ရာမန်ဟာ သူ့အသက်သူ ကာကွယ်နိုင်စွမ်းရှိတယ်ဆိုတာကို ဘုရင်ကြီးကသိတယ်။ ဒါကြောင့် သူက အစောင့်တွေကို ပြောလိုက်တယ်။ "တီနာလီရာမန်ကို အခုသွားဖမ်းကြ၊ ဖမ်းမိရင် ဓားတစ်ချက်တည်းနဲ့ သေအောင်သတ်ပစ်ကြ" ရာဂျာဂုရုကတော့ ပျော်နေတာပေါ့။ နောက်ဆုံးတော့ သူ ရာမန်ကို ရှင်းပစ်နိုင်ပြီပေါ့။

The guards went to Tenali Raman's house

and told him what the King had ordered them to do. Raman was angry that the King had listened to Rajaguru without finding out the truth. But knowing that he could not disobey the King's orders, he said to the guards, " Very well, I will go with you and you can kill me with one sweep of your swords."

အစောင့်တွေက ရာမန်ရဲ့အိမ်ရောက်တော့ ဘုရင်ကြီးရဲ့ အမိန့်တော်ပါကြောင်း၊ သူ့ကိုသတ်ရမည်ဖြစ်ကြောင်း ပြောကြ တာပေါ့။ အမှန်တရားကို သေချာသိအောင်မလုပ်ဘဲ ရာဂျာဂုရု ပြောစကားကို နားယောင်တဲ့ဘုရင်ကြီးကို ရာမန် တော်တော် ဒေါသထွက်သွားတယ်။ ဒါပေမဲ့ ရာမန်က ဘုရင်ကြီးရဲ့အမိန့်တော် ကို အာမခံဘဲ အစောင့်တွေကိုပြောလိုက်တယ်။ "ကောင်းပြီလေ၊ ကျုပ် ခင်ဗျားတို့နဲ့လိုက်ခဲ့တယ်။ ကျုပ်ကို ဓားချက်တစ်ချက်တည်း နဲ့ သေအောင်သတ်ကြ"

He told the guards that he would like to be killed in the middle of the river. So the guards took Raman to the middle of the river and stood on either side of him. They drew their swords and one of them said, "Do you have any last wishes Tenali Raman? We will do our best to fulfil them." Raman replied, "My last wish is to die with the words 'Jai Kali' on my lips. I believe that it will help me reach God faster."

ရာမန်က မြစ်လယ်ခေါင်မှာပဲ သေလိုကြောင်း အစောင့်တွေကိုပြောတော့ အစောင့်တွေက သူ့ကို မြစ်လယ်ခေါင်မှာထားပြီး တစ်ဖက်တစ်ချက်စီမှာ ရပ်လိုက်ကြတယ်။ အစောင့်တစ်ယောက်က ဓားကိုဆွဲထုတ်ရင်း ခုလိုပြောလိုက်တယ်။ "နောက်ဆုံးဆန္ဒက ဘာများလဲ ရာမန်၊ သင်လုပ်ချင်တာကို ကျူပ်တို့ အကောင်းဆုံးလုပ်ပေးပါ့မယ်" ဒီတော့ ရာမန်က ပြန်ပြောတယ်။ "ငါ့ရဲ့နောက်ဆုံးဆန္ဒကတော့ ငါရဲ့နှုတ်ဖျားကနေ ဂျီးကာလီ ... လို့ပြောရင်း သေချင်တယ်။ ဒါက ငါ့ကို ဘုရားသခင်ဆီ မြန်မြန်ရောက်အောင် ပို့ဆောင်ပေးနိုင်မယ်လို့ ငါယုံကြည်တယ်"

The guards agreed and took up their positions. Raman said, "Please swing your swords only when I say the words 'Jai Kali' Ok!" The guards nodded.

အစောင့်တွေက သဘောတူလိုက်ပြီး နေရာယူလိုက်ကြတယ်။ ရာမန်က "ကျူပ်ပါးစပ်ကနေ ဂျီးကာလီ ... လို့ ပြောတဲ့ အချိန်ကျမှ ခင်ဗျားဓားကို လွှဲပြီးခုတ်ချပါ" ဆိုတော့ အစောင့်တပ်သားက ခေါင်းညိတ်တယ်။

Not wanting to see the poor Raman die, they closed their eyes and kept their swords held out.

သနားစရာကောင်းတဲ့ရာမန် သေရမှာကို မကြည့်ချင်ကြတာကြောင့် အစောင့်တွေက သူတို့မျက်လုံးတွေကိုပိတ်ပြီး ဓားတွေကို ဆွဲထုတ်ကြတယ်။

Suddenly Raman shouted "JAI KALI!" Without hesitating, the guards swung their swords towards Raman. Instead of cutting into Tenali Raman's head, both the swords swished through the empty air. The surprised guards opened their eyes to find that Tenali Raman had ducked into the water, and was still alive. They were angry and shouted, "Hey you crook! Come out of the water. This time we will definitely kill you."

ရာမန်က ရုတ်တရက် "ဂျိုးကာလီ ..."လို့ အော်လိုက်တယ်။ အစောင့်တွေက တုံ့ဆိုင်းမနေတော့ဘဲ သူတို့ရဲ့ဓားတွေကို မြှောက်ပြီး ရာမန်ကိုဦးတည်လိုက်တယ်။ တီနာလီရာမန်ရဲ့ ဦးခေါင်းကို ဖြတ်မယ့်အစား ဓား ၂ လက်က လေထဲမှာ တစ်ခုနဲ့တစ်ခု ခုတ်မိပြီး "ချွမ်း ..."ကနဲ မြည်သွားခဲ့တယ်။ အံ့သြသွားတဲ့ အစောင့်တွေက ပိတ်ထားတဲ့မျက်လုံးတွေကို ဖွင့်ကြည့်ပြီး ရာမန် အသက်ရှင်သေးလားလို့ ကြည့်ကြသတဲ့။

အစောင့် ၂ ယောက် ရာမန်ကို အသက်ရှင်လျက်တွေ့ရလို့ ဒေါသထွက်ပြီး အော်လိုက်တယ်။ "မင်းက လူလိမ်ပဲ၊ ရေထဲက တက်ခဲ့စမ်း။ ဒီတစ်ကြိမ်တော့ မင်းအသေပဲ"

Raman smiled at them and said, "Wait a minute. The King ordered you to kill me with one sweep of your swords. He did not say that I could not duck and he did not say that you could have

another try. You will need to get his permission if you want to swing your swords again."

ရာမန်က အစောင့်ရဲမက်တွေကို ပြုံးပြီးပြောလိုက်တယ်။ "ခဏလောက်နေကြပါဦး၊ ဘုရင်ကြီး ကျုပ်ကို ဓားချက်စာစ်ချက် တည်းခုတ်ဖို့ အမိန့်ပေးလိုက်တာမဟုတ်လား။ ဘုရင်ကြီးက ကျုပ် ကို ငုံ့မရှောင်နဲ့လို့လည်း မမှာဘူး။ နောက်ထပ်တစ်ချက် ထပ်ခုတ် ဖို့လည်း မမှာလိုက်ဘူးမဟုတ်လား။ ခင်ဗျားတို့ဓားကို နောက်တစ် ကြိမ် လေထဲထပ်မြောက်ချင်ရင် ဘုရင့်ဆီကခွင့်ပြုချက်သွား တောင်းကြဦး"

The guards were confused, so they agreed to take Raman to the King.

ရာမန် ဒီစကားပြောတော့ ရဲမက်တွေ ခေါင်းရှုပ်သွားသတဲ့။ ဒီတော့ သူတို့က ရာမန်ကို ဘုရင့်ဆီခေါ်သွားဖို့ သဘောတူလိုက် ကြတယ်။

To keep him from escaping, they tied up his hands and lead him to the palace.

ရာမန်လွတ်သွားမှာစိုးလို့ လက်ကိုကြိုးနဲ့ချည်နှောင်ပြီး နန်းတော်ကိုခေါ်လာကြတယ်။

Rajaguru almost fainted when he saw Tenali Raman walk into the court. He rushed to the King and said, "Your Majesty, the guards have

disobeyed your order. They have brought Raman back to the palace."

တီနာလီရာမန် နန်းတော်ထဲဝင်လာတာကိုတွေ့တော့ ရာဂျာဂုရု မေ့လဲတော့မလို ထိတ်လန့်သွားတယ်။ ဒီတော့ သူက ဘုရင်ဆီသွားပြီး ကုန်းချောလိုက်တယ်။ "မင်းကြီး၊ အစောင့်ရဲမက်တွေက မင်းကြီးရဲ့အမိန့်ကို မနာခံကြဘူး။ သူတို့ ရာမန်ကို နန်းတော်ထဲပြန်ခေါ်လာကြပြီ"

The King was happy that Raman was alive, so he rushed out to see them. Trying to be serious he asked the guards, "Why have you not killed him? I told you to kill him with one sweep of your swords. Why didn't you?"

ရာမန်အသက်ရှင်တာကိုသိရတော့ ဘုရင်ကြီးဝမ်းသာသွားတယ်။ ဒီတော့ ဘုရင်ကြီးက အလျင်အမြန်ပဲထွက်တွေ့တယ်။ သူကဒေါသထွက်ပြီး တင်းမာနေတဲ့ မျက်နှာထားဖြစ်အောင် မနည်းကြိုးစားပြီး အစောင့်တွေကို လှမ်းမေးလိုက်တယ်။ "မင်းတို့ သူ့ကို ဘာကြောင့်မသတ်တာလဲ။ သူ့ကို ဓားတစ်ချက်တည်းနဲ့ သေအောင်သတ်လို့ပြောလိုက်တယ်လေ။ ဘာကြောင့်မသတ်ရတာလဲ"

The guards looked helpless. One of them said, "We did try, your Majesty. But he ducked. And since you had ordered us to kill him with only one sweep of our swords, we have come to take your

permission to try and kill him again."

အစောင့်တွေက ကြံရာမရဖြစ်သွားကြတယ်။ ခဏကြာတော့ အစောင့်တစ်ယောက်က "ကျွန်တော်မျိုးတို့ သတ်ပါတယ်မင်းကြီး၊ ဒါပေမဲ့ သူက ငုံ့လိုက်တယ်။ မင်းကြီးက ဓားတစ်ချက်တည်းနဲ့ပဲ သတ်ပါဆိုလို့ သူ့ကိုနောက်တစ်ကြိမ်သတ်ရအောင် ခွင့်ပြုချက်လာတောင်းတာပါမင်းကြီး"လို့ ပြောသတဲ့။

The King started laughing loudly. He said to the guards, "Please go back to your duties. You did as you were told, and now I know that the Gods wants Raman to be with us." Saying that he hugged Raman and said, "Raman of Tenali, you are truly witty and intelligent. May you live to be a hundred and three."

ဘုရင်ကြီးက စပြီးရယ်လိုက်ပါတော့တယ်။ သူက အစောင့်တွေကို "ကျေးဇူးပြုပြီး ကိုယ့်တာဝန်ကိုယ်ထမ်းကြတော့၊ မင်းတို့မှာတဲ့အတိုင်းလုပ်ပြီးကြပြီပဲ။ ငါထင်တာတော့ ဘုရားသခင်က ရာမန်ကို ငါတို့နဲ့အတူတူရှိစေချင်တာပဲဖြစ်မယ်"လို့ ပြောသတဲ့။ ပြီးတော့ ဘုရင်က ရာမန်ဘက်လှည့်ပြီး "မင်းက တကယ့်ကို ဇဝနဉာဏ်ရှင်တဲ့သူပဲ။ မင်းအသက်တစ်ရာနဲ့ သုံးနှစ်လောက်ရှည်မယ်ထင်တယ်"လို့ပြောလိုက်တယ်။

Rajaguru quietly left the palace, afraid that the King would ask him for an explanation.

ရာဂျာဂုရုကတော့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ နန်းတော်ထဲ

ကနေထွက်သွားတယ်။ တော်ကြာနေ ဘုရင်ကြီးက သူ့ကို တစ်ခု ခု ရှင်းပြခိုင်းနေရင်ဒုက္ခ ...

■

နီဇန်ရဲ့စိန်ခေါ်ချက်
The Nizam's Challenge

The great King Krishnadevaraya was very fond of Tenali Raman. He would go out of his way to tell his rich and powerful friends all about the wit and intelligence of Tenali Raman. He was very proud that Raman was a part of his court.

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယက ရာမန်ကို တအားချစ်တော်မူသတဲ့။ ဘုရင်ကြီးက သူ့အပေါင်းအသင်းတွေကို တီနာလီရာမန်ရဲ့ ဇဝနဉာဏ်နဲ့ ထက်မြက်တဲ့ဉာဏ်ရည်အကြောင်း ပြောပြလေ့ရှိတယ်။ ရာမန်က သူ့နန်းတော်ရဲ့ တစ်စိတ်တစ်ပိုင်းလိုဖြစ်နေတာကို ဘုရင်ကြီးက ဂုဏ်ယူနေသတဲ့။

One day Krishnadevaraya went to visit his friend, the Nizam of Hyderabad. At the Nizam's

palace, Krishnadevaraya kept boasting about his Kingdom, his achievements and of course, about Tenali Raman.

တစ်နေ့မှာ ဘုရင်ကြီးက ဟိုက်ဒရာဘတ်ရဲ့ဘုရင်လည်းဖြစ်၊ သူ့သူငယ်ချင်းလည်းဖြစ်တဲ့ နီဇန်ဆီ အလည်သွားခဲ့တယ်။ နီဇန်ရဲ့နန်းတော်ရောက်တော့ ဘုရင် ခရစ်ရှ်နာဒီဗာရာယက သူ့တိုင်းပြည်အကြောင်းနဲ့ တီနာလီရာမန်ရဲ့အကြောင်းတွေ ကြွားလုံးထုတ်ပြီး ပြောပြတယ်။

He praised Raman and told the Nizam that there was no one who could match Raman's wit and intelligence. He told the Nizam about the many times that Raman had come to his rescue and had helped the King using his wit and intelligence wisely.

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယဟာ ရာမန်ရဲ့ဉာဏ်ရည်ကို ဘယ်သူမှ နှစ်ယောက်ရှိအောင် လိုက်မမီဘူးဆိုတာ နီဇန်ကိုပြောပြတယ်။ ပြီးတော့ ရာမန်က သူ့အသက်သူကယ်တင်နိုင်ပုံ၊ ဘုရင်ကိုလည်း သူ့ရဲ့ထက်မြက်တဲ့ဇဝနဉာဏ်နဲ့ ကူညီနိုင်ပုံတွေကို ပြောပြသတဲ့။ နီဇန်ကလည်း ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယလိုပဲ ပညာရှိတဲ့ ဘုရင်တစ်ပါးဖြစ်တယ်။

The Nizam was a wise man. Just like King Krishnadevaraya, he encouraged learners, entertainers, artists and musicians. He was very

proud of his own court and its subjects. He was very interested in meeting Raman and finding out if all that Krishnadevaraya had said about him was true.

သူကလည်း ပညာရှင်တွေ ကပြဖျော်ဖြေတဲ့သူတွေ၊ ပန်းချီ အနုပညာရှင်နဲ့ဂီတပညာရှင်တွေကို အားပေးမြှောက်စားလေ့ရှိ သတဲ့။ သူကလည်း သူ့နန်းတော်နဲ့ သူ့အရာရှိတွေအပေါ် ဂုဏ်ယူ တတ်သူဖြစ်တယ်။ ဘုရင်နီဇန်က ရာမန်ကိုတွေ့ဖို့ စိတ်ဝင်စား တယ်။ ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယ ပြောတာတွေ တကယ် ဟုတ် မဟုတ် သိချင်တာတဲ့။

A day before King Krishnadevaraya could leave, the Nizam asked him, "My friend, you have told me so much about this Raman of Tenali, I must say he sounds like a very interesting fellow. Even though you say that he is one of the wittiest and most intelligent people in this part of the world, I would like to find that out for myself. Would it be okay if I asked him to visit my court and prove that he is indeed the best?"

ခရစ်ရှ်နာဒီဗာရာယဘုရင်ကြီး အိမ်မပြန်ခင်တစ်ရက်မှာ နီဇန်ကမေးတယ်။ "သူငယ်ချင်း၊ မင်းငါ့ကို တီနာလီရာမန် အကြောင်း အများကြီးပြောပြီးသွားပြီ။ သူက တော်တော်စိတ်ဝင် စားဖို့ကောင်းတဲ့သူပဲ။ သင်က ရာမန်ကို လောကကြီးမှာ ဉာဏ် ရည်အထက်ဆုံး၊ ဇဝနဉာဏ်အကောင်းဆုံးလို့တောင် ပြောတယ်

နော်။ ဒါကြောင့် သူက အမှန်တကယ်တော်တဲ့သူ ဟုတ်မဟုတ် ကျုပ် နန်းတော်ကို အလည်ခေါ်ချင်တယ်"

King Krishnadevaraya did not hesitate for a moment, he had full confidence in Raman. With a big smile on his face he said, "Of course my friend. As soon as I return to Vijayanagar I will ask Raman of Tenali to visit you in Hyderabad. You may test his skills and I am sure that he will impress you."

ဘုရင်ကြီးခရစ်ရှ်နာဒီဗာရာယက မဆိုင်းမတွဘဲ ရာမန် အပေါ် ယုံကြည်ကြောင်း ပြုံးပြီးပြောပြလိုက်တယ်။ "ကောင်းပြီလေ သူငယ်ချင်း၊ ငါ နန်းတော်ကိုရောက်တာနဲ့ ရာမန်ကို ဒီကို အလည်လာဖို့ပြောပေးမယ်။ မင်း သူ့ရဲ့ကျွမ်းကျင်မှုတွေကို စမ်းသပ်ချင်ရင် စမ်းသပ်ပေါ့။ သူကလည်း မင်းကို ပြန်ငှာပါ"

When King Krishnadevaraya returned to Vijayanagar he called for Raman at once. Not wanting to irritate Rajaguru and the other courtiers, the King invited Raman to visit him in his private study room. When Raman arrived the King said to him, "Welcome Raman of Tenali. You know that I trust you and believe in your wit and intelligence." Raman said, "I am humbled my King. I am but a simple man."

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယက နန်းတော်ကိုပြန်ရောက်

ပြီး ရာမန်ကို ချက်ချင်းခေါ်လိုက်တယ်။ ဘုရင်က ရာမန်ကို သူ့စာကြည့်ခန်းထဲဝင်လာဖို့ ဖိတ်ခေါ်သတဲ့။ ရာမန်ရောက်လာတာနဲ့ ဘုရင်ကြီးက "ကြိုဆိုပါတယ် ရာမန်၊ မင်းရဲ့ဇဝနဉာဏ်ကို ငါယုံပါတယ်"လို့ ပြောလိုက်တော့ ရာမန်က "မခံယူရဲပါဘူး မင်းကြီး၊ ကျွန်တော်က သာမညအဆင့်ပဲရှိပါတယ်"လို့ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ပြောလိုက်သတဲ့။

The King smiled, "Come now, don't be shy! I have just visited my friend the Nizam of Hyderabad and I have spoken very highly of you. He does not trust me and has requested me to send you to Hyderabad to prove your skills. Will you go and honour our great Kingdom?"

ဘုရင်ကြီးက ပြုံးပြီး "လာခဲ့၊ ရှက်မနေပါနဲ့ ရာမန်။ ငါမင်းကို ဟိုက်ဒရာဘတ်မှာရှိတဲ့ ဘုရင် နီဇန်ဆီကိုခေါ်သွားမယ်။ ငါက မင်းနဲ့ပတ်သက်တဲ့အကြောင်းတွေ အများကြီးအမွှမ်းတင်ပြောထားတယ်။ သူကငါပြောတာကိုမယုံလို့ မင်းကိုစမ်းသပ်ချင်လို့ ခေါ်ခဲ့ပါလို့ တောင်းဆိုတယ်လေ။ ဒီတော့ မင်းက အဲဒီကိုသွားပြီး ငါတို့နန်းတော်ကြီးဂုဏ်သိက္ခာ တက်အောင်လုပ်ပေးနိုင်တယ်မဟုတ်လား"လို့ ပြောသတဲ့။

Raman did not show any signs of being afraid. He smiled at the King and said, "Your trust is enough to get me through any situation my King. I will go to Hyderabad, as you wish, and I will do

my best to prove that our Kingdom is the greatest when it comes to wit and intelligence." He bowed humbly in front of the King.

ရာမန်ကလည်း စိုးရိမ်ထိတ်လန့်တဲ့ပုံ လုံးဝမပြဘူးတဲ့။ ပြီးတော့ သူက ပြုံးပြီး ဘုရင်ကြီးကိုလျှောက်တင်လိုက်တယ်။ "အရှင်မင်းကြီးက ကျွန်ုပ်အကြောင်း ဘယ်လိုပဲပြောထား ပြောထား၊ ကျွန်တော်မျိုး ဟိုက်ဒရာဘတ်ကိုသွားပါ့မယ်။ ကျွန်တော်မျိုးတို့နန်းတော်ဂုဏ်တက်အောင် ကျွန်တော့်ရဲ့ဇဝနဉာဏ်ကို ကောင်းကောင်း အသုံးချပါ့မယ်" ရာမန်က ဘုရင်ကြီးကို ရှေ့ကနေ ဝပ်တွားပြီး အရိုအသေပေးလိုက်တယ်။

King Krishnadevaraya was very pleased, he shouted to his guards, "Come here and get my finest carriage, with my finest horses and take this fine young man to Hyderabad." As the guards rushed away he turned to Raman and said, Raman of Tenali, the honour and prestige of our Kingdom is at stake. Please do not fail me."

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယက အလွန်သဘောကျသွားတယ်။ ပြီးတော့ အစောင့်တွေကိုအော်လိုက်တယ်။ "ဒီကိုလာကြဦးဟေ့၊ ငါ့ရဲ့အကောင်းဆုံးမြင်းရထားတစ်စင်း ယူလာခဲ့။ ပြီးရင် ဒီလူငယ်ကို မြင်းရထားနဲ့ ဟိုက်ဒရာဘတ်ကိုလိုက်ပို့ပေးလိုက်" အစောင့်တွေက ပြေးထွက်သွားကြတော့ ဘုရင်က ရာမန်ဘက် လှည့်ပြီး "တီနာလီရဲ့ရာမန်ရေ ... ငါတို့နန်းတော်ကို ဂုဏ်သိက္ခာ

တက်အောင် လုပ်ပေးပါ။ ကျေးဇူးပြုပြီး မနှုံးနိမ့်ပါစေနဲ့"

Raman waved to the King as he left the palace. On the way he stopped at his house and asked his wife Lalitha to join him. She had never been to Hyderabad and she had heard that it was a beautiful city. Although Raman looked cool, he was worried. He did not know what was in store for him. Maybe the Nizam's subjects would prove to be too intelligent for him. Maybe they would defeat him and that would break King Krishnadevaraya's heart. Raman decided to stay calm and just be himself.

ရာမန်ကလည်း ဘုရင်ကြီးကို လက်ပြနှုတ်ဆက်ပြီး နန်းတော်ကနေ မြင်းရထားနဲ့ထွက်သွားတော့တယ်။ လမ်းရောက်တော့ မြင်းရထားကို သူ့အိမ်ရှေ့မှာ ခဏရပ်ခိုင်းပြီး ဇနီးသည် "လာလီသာ"ကို အတူလိုက်ခဲ့ဖို့ခေါ်သတဲ့။ လာလီသာက ဟိုက်ဒရာဘတ်မြို့ လှပတာကိုကြားဖူးပေမယ့် တစ်ခါမှ မရောက်ဖူးပါဘူး။ ရာမန်ရဲ့မျက်နှာကအေးဆေးနေပေမယ့် သူက စိုးရိမ်ပူပန်နေသတဲ့။ ဘုရင်ကြီးနီဇန်ရဲ့ပညာရှိတွေက သူ့ကိုဝိုင်းပြီးစမ်းကြမှာပဲ။ တကယ်လို့ ရာမန်ရှုံးနိမ့်ခဲ့ရင် ဘုရင်ကြီးတော့ ရင်ကွဲနာကျတော့မှာပဲ။ ဒါကြောင့် ငါ့စိတ်ကို တည်ငြိမ်အောင်ထားရမယ်လို့ တစ်ယောက်တည်း စဉ်းစားဆုံးဖြတ်နေတာပေါ့။

Raman and his wife arrived in Hyderabad. Since they were guests of the Nizam, they were

treated with respect. The Nizam sent a special messenger to show them the great city of Hyderabad. In the evening when they returned to the palace they met the Nizam. Raman liked the Nizam because he was a very honest, good-hearted man who enjoyed an intelligent conversation. Before they went to bed, the Nizam said to Raman, "Raman of Tenali, rest well. Tomorrow you will meet the most intelligent men in court. I hope that you will be able to live up to your King's high expectations."

ရာမန်နဲ့ ဇနီးသည်တို့ ဟိုက်ဒရာဘတ်မြို့ကိုရောက်ခဲ့တယ်။ နီဇန်ရဲ့ဧည့်သည်တွေဖြစ်လို့ သူတို့နှစ်ဦးကို အားလုံးက ရိုသေလေးစားစွာ ဆက်ဆံကြတယ်။ နီဇန်က ရာမန်တို့ဇနီးမောင်နှံကို လှပတဲ့ဟိုက်ဒရာဘတ်မြို့အနှံ့ လိုက်ပြပေးဖို့ အထူးစေတမန်တစ်ယောက် လွှတ်ပေးလိုက်တယ်။ ညနေပိုင်းရောက်တော့ သူတို့နန်းတော်ကိုရောက်လာကြပြီး နီဇန်ဘုရင်နဲ့တွေ့ဆုံခဲ့ရတယ်။ နီဇန်က ရိုးသားပြီး စိတ်သဘောထားကောင်းမွန်လို့ ရာမန်က သူနဲ့စကားပြောရတာကို နှစ်သက်တယ်။ ရာမန်တို့အိပ်ရာမဝင်ခင် နီဇန်က ပြောတယ်။ "တီနာလီရဲ့ရာမန်၊ ကောင်းကောင်းအနားယူပါနော်။ နက်ဖြန် ရုံးတော်မှာ ဉာဏ်ရည်ထက်မြက်တဲ့သူတွေနဲ့တွေ့ဆုံရအောင်။ သင်တို့မင်းကြီးနဲ့ နန်းတော်အတွက် ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

The next day Raman entered the Nizam's court. He knew that this would be one of the toughest challenges he had ever faced. The Nizam asked him to be seated. In front of Raman there were ten of the Nizam's most learned scholars and gurus. There was total silence in the court. Raman stayed calm and said to himself, "I will just stay calm and do the best I can." The Nizam said to the gathering, "You may begin questioning Raman of Tenali to find out if his legendary wit and intelligence is true."

နောက်တစ်နေ့မှာ ရာမန်က နီဇန်ရဲ့ရုံးတော်ကို သွားလိုက်တယ်။ သူအရင်ကြုံခဲ့ဖူးတာတွေထက် ဒီတစ်ခါအတွေ့အကြုံက ပိုခက်ခဲမယ်လို့ သူကထင်တယ်။ နီဇန်က ရာမန်ကို ထိုင်ခုံမှာ ထိုင်ခိုင်းတယ်။ ရာမန်ရဲ့အရှေ့တည့်တည့်မှာ နီဇန်ရဲ့အတော်ဆုံး၊ ဉာဏ်ရည်အထက်မြက်ဆုံး ပညာရှိဂုရုကြီး ၁၀ ယောက်ထိုင်နေသတဲ့။ ရုံးတော်တစ်ခုလုံးလည်း အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတယ်။ ရာမန်ကငြိမ်ပြီး တစ်ယောက်တည်း စဉ်းစားမိတယ်။ "ငါ့စိတ်ကို ငြိမ်အောင်ထားပြီး အကောင်းဆုံးလုပ်ပြရမယ်"နီဇန်က စလို့ရပြီလို့ အသိပေးလိုက်တယ်။

"ကဲ ... မောင်မင်းတို့၊ တီနာလီရာမန်ရဲ့ ရာဇဝင်နဲ့ ဇဝန ဉာဏ်ထက်မြက်ပုံကို စမေးနိုင်ပါပြီ။ သူနဲ့ပတ်သက်တာတွေ အစစ်အမှန်ဟုတ် မဟုတ်မေးကြပါ"

The oldest scholar in the Nizam's court asked the first question, "Raman, can you tell me where the centre of the Earth is?" Raman smiled at him and said, "Right here O learned one!" The old scholar frowned and said, "Hah! I challenge you to prove it!" Raman replied, "Why should I prove it O learned one? Since you have a doubt, why don't you take a piece of string and start measuring the Earth from right here. When you get back, you will realise that this is the centre of the earth!"

နီဇန်ရဲ့ရုံးတော်က အသက်အကြီးဆုံး ပညာရှိကြီးက ပထမဆုံးမေးခွန်း စမေးလိုက်တယ်။ "ရာမန် ... ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုဟာ ဘယ်နေရာမှာရှိသလဲ" ရာမန်က ပြုံးပြီးပြန်ဖြေတယ်။ "ဒီနေရာမှာပါ ပညာရှိကြီး" ပညာရှိကြီးက မျက်မှောင်ကြုတ်သွားပြီး "ဟေ ....၊ ငါက မင်းကို သက်သေပြခိုင်းနေတာလေ" လို့ပြောတော့ ရာမန်က "ဘာကြောင့်သက်သေပြနေရဦးမှာလဲ ပညာရှိကြီး။ သင် သံသယရှိတယ်ဆိုရင် ဘာကြောင့် ဒီနေရာကနေတိုင်းဖို့ ကြိုးစမယူခဲ့ရတာလဲ။ သင်ပြန်သွားတဲ့အခါကျရင် ဒီနေရာက ကမ္ဘာမြေကြီးရဲ့အလယ်ဗဟိုဆိုတာ သဘောပေါက်သွားမှာပါ"

The court burst out laughing as the old scholar quickly left the court. Another learned scholar stepped forward and asked Raman, "Raman, can you tell me how many days God took to create

this world?" Raman replied, "That's easy. God took seven days to make this world." The scholar hesitated and said, "How do you know that it was exactly seven days?" Raman replied, "Brother, if God worked for a week and did not complete his work, a new week would begin, and as you know every week has seven days. Therefore God created this world in seven days!" The scholar could not argue with Raman's wit. He excused himself and left the court. The Nizam and the entire court were very impressed with Raman's wit.

အသက်အကြီးဆုံး ပညာရှိကြီးလည်း ရုတ်ရုတ်နဲ့ အခန်းထဲက ထွက်သွားရော၊ ရုံးခန်းထဲမှာ အော်ရယ်သံများနဲ့ ဆူညံသွားခဲ့တယ်။ နောက်ထပ်ပညာရှိတစ်ယောက်က ရှေ့ထွက်ပြီး ရာမန်ကို မေးပြန်တယ်။ "ရာမန် ...၊ ဘုရားသခင်က ဒီလောကကြီးကို ဖန်ဆင်းဖို့ ဘယ်နှရက်လောက်ကြာလဲ သိလား" ဒီတော့ ရာမန်က "ဒါက လွယ်ပါတယ်၊ ဒီလောကကြီးကိုဖန်ဆင်းဖို့ ၇ ရက်ပဲ ကြာပါတယ်"လို့ ပြောလိုက်တယ်။ ဒီအခါ ပညာရှိကြီးက တွန့်ဆုတ်သွားပြီး ထပ်မေးတယ်။ "၇ ရက် တိတိကျကျလို့ပြောရအောင်မင်း ဘယ်လိုလုပ်သိသလဲ" ဒီအခါ ရာမန်က "အစ်ကိုကြီး ...၊ ဘုရားသခင်က ရက်သတ္တတစ်ပတ်နဲ့ အလုပ်လုပ်တာ မပြီးပြတ်လို့ နောက်ထပ်ရက်သတ္တပတ်တွေ ထပ်တိုးတယ်လေ။ အစ်ကိုသိတဲ့အတိုင်းပဲလေ။ အပတ်တိုင်းမှာ ၇ ရက်စီရှိနေတယ်မဟုတ်လား။ ဒါကြောင့် ဘုရားသခင်က လောကကို ၇ ရက်နဲ့ ဖန်ဆင်း

တယ်လို့ ပြောတာပေါ့"လို့ ဖြေလိုက်သတဲ့။ ရာမန်ရဲ့ ထက်မြက်တဲ့ဇဝနဉာဏ်ကို ပညာရှိက ဆက်ပြီးမငြင်းရဲတော့ဘူး။ သူကခွင့်ပြုပါဦးဆိုပြီး အခန်းထဲကထွက်သွားတော့တယ်။ နီဇန်နဲ့အခန်းထဲမှာရှိတဲ့သူတွေအားလုံး ရာမန်ရဲ့ထက်မြက်လှတဲ့ ဉာဏ်ရည်ကို ဝိုင်းဝန်းချီးကျူးနေကြသတဲ့။

One by one the scholars stepped forward and challenged Raman with questions. Each time he replied with a witty and wise answer. The scholars left the court in shame.

ဒီလိုနဲ့ ပညာရှိ တစ်ယောက်ပြီးတစ်ယောက် ရာမန်ကို ရှေ့ထွက်ပြီး စိန်ခေါ်တဲ့မေးခွန်းတွေ မေးကြတယ်။ တစ်ကြိမ်ချင်းစီ ထက်မြက်တဲ့ဉာဏ်ရည်ကို အသုံးပြုပြီး ရာမန်ကလည်း ပြန်ဖြေနိုင်ခဲ့သတဲ့။ ပညာရှိတွေလည်း ရှက်ရွံ့နဲ့ ရုံးခန်းထဲကနေ ထွက်သွားကြတယ်။

Finally only one middle-aged guru was left. He stepped forward to challenge Raman, and said, "You seem to know so much Raman, can you tell me how much water does the sea hold?" The crowd gasped. They thought that Raman could never answer such a question. Raman smiled, picked up a wine glass that was nearby and said to the guru, "I am ready to measure the volume of water in the sea guru, but first you will have to stop the tides for a while!" The guru glared at

Raman and left the court as the entire crowd laughed.

နောက်ဆုံးမှာ လူလတ်ပိုင်းပညာရှိတစ်ယောက်သာ ကျန်တော့သတဲ့။ သူက ရှေ့ထွက်ပြီး ရာမန်ကို စမေးတယ်။ "ရာမန် မင်းသိမလားတော့မသိဘူး၊ ပင်လယ်ထဲမှာ ရေပမာဏ ဘယ်လောက်ထိရှိနေသလဲ" လူအုပ်ကြီးက ပါးစပ်အဟောင်းသားနဲ့ တိတ်ဆိတ်သွားကြတယ်။ ရာမန်က ဒီမေးခွန်းကို ဖြေမှဖြေနိုင်ပါ့မလားဆိုပြီး စိတ်ပူနေကြတာပေါ့။ ရာမန်က ပြုံးပြီး အနီးမှာရှိတဲ့ ဝိုင်ခွက်ကို ကောက်ယူလိုက်တယ်။ ပြီးတော့ ပညာရှိကို ပြောလိုက်တယ်။ "ပင်လယ်ထဲကရေကိုတိုင်းဖို့ ကျုပ်အသင့်ပဲ။ ဒါပေမဲ့ ခင်ဗျားက ပထမဆုံး ဒီရေလှိုင်းလုံးတွေ မတက်လာအောင် တားပေးပါ" ပညာရှိလည်း ရာမန်ကို ငေးကြောင်ကြည့်ပြီး ရုံးခန်းထဲကနေ ရုက်ရုက်နဲ့ထွက်သွားတော့ တစ်ခန်းလုံးရယ်သံတွေ ဆူညံသွားတယ်။

The Nizam was a honest man and enjoyed Raman's wit and intelligence. When all his scholars had been defeated he said to Raman, "Krishnadevaraya was right. You are indeed one of the wittiest and most intelligent people in this part of the country." Taking out a bag of gold coins he gave it to Raman and said, "Here is your reward. Thank you for entertaining us." Raman returned to Vijayanagar triumphantly. When the

King heard of his victory he rewarded Raman with another bag of gold coins. Rajaguru and some of the other courtiers were very jealous and decided to work together to get rid of Raman.

ဘုရင်ကြီး နိဇန်ဟာ ရိုးသားဖြောင့်မတ်ပြီး ရာမန်ရဲ့ဇဝနဉာဏ်ထက်မြက်ပုံကို သဘောကျသွားသတဲ့။ သူ့ရဲ့နန်းတွင်းပညာရှိအားလုံးကို ရာမန်က အနိုင်ယူသွားတော့ နိဇန်က ရာမန်ကို အခုလိုပြောလိုက်တယ်။ "ခရစ်ရှ်နာဒီဗာရယက တရားမျှတတဲ့ မင်းကြီးဖြစ်ပြီးတော့ မောင်မင်းကလည်း ဒီအနီးအနားတိုင်းပြည်တွေ တစ်ဝိုက်မှာ အင်မတန်ဉာဏ်ရည်ထက်မြက်တဲ့သူဖြစ်တယ်" နိဇန်က ရွှေဒင်္ဂါးတစ်အိတ်ကို ရာမန်ဆီပေးလိုက်ပြီး "ဒါက မောင်မင်းအတွက် ဆုချတာ။ ငါတို့ကို ဖျော်ဖြေတင်ဆက်ပေးခဲ့တဲ့အတွက် ကျေးဇူးပဲ"လို့ ထပ်ပြောလိုက်တယ်။ ရာမန်လည်း ဇနီးသည်နဲ့အတူ သူ့နေပြည်တော် ဗီဂျေးရာနာဂါကို ပြန်ခဲ့တယ်။ ဘုရင်ကြီးကအကြောင်းစုံသိပြီး နောက်ထပ်ရွှေဒင်္ဂါးတစ်အိတ် ဆုချပြန်တယ်။ ရာဂျာဂုရုနဲ့ နန်းတွင်းအရာရှိတွေကတော့ တအားမနာလိုဖြစ်ကြပြီး ရာမန်ကို အပြတ်ရှင်းသုတ်သင်မယ့်အရေးမှာ အားလုံးစုပေါင်းပါဝင်ကြဖို့ ဆုံးဖြတ်လိုက်ကြသတဲ့။

■

နန်းတွင်းသားရဲ့ ဂုဏ်သိက္ခာ
The Courtiers' Pride

While they were plotting to get rid of Tenali Raman, the courtiers, along with Rajaguru, never missed an opportunity to try and make Raman look like a fool in front of the King.

ရာဂျာဂုရုနဲ့ အပေါင်းအပါ နန်းတွင်းအရာရှိတွေဟာ ရာမန်ကို အပြတ်ရှင်းနိုင်ဖို့နဲ့ ဘုရင့်အရှေ့မှာ အရှုးဖြစ်ပြီး အရှက်ကွဲအောင်လုပ်ဖို့အတွက် အခွင့်အရေးကို လက်မလွတ်စတမ်း စောင့်နေကြသတဲ့။

One day one of the courtiers asked Raman, "Tell me Raman, if you are so witty and intelligent, why do you have such dark skin?" Another courtier stepped in and asked, "Yes, why do you

look so ugly?" Another courtier shouted, "And why are you from such a poor family?" All the courtiers along with Rajaguru began to laugh loudly, while the King and the rest of the court remained silent. The King, and all the other people in the court were very fond of Raman. The King was furious with the courtiers, but since the courtiers did not speak to him he did not interfere. He knew that Raman could take care of himself. So he waited patiently for Raman to respond.

တစ်နေ့မှာ နန်းတွင်းသားတစ်ယောက်က ရာမန်ကိုမေးတယ်။ "ကဲ ပြောပါဦး ရာမန်၊ မင်းက ဇဝနဉာဏ် အလွန်ကောင်းပြီး အသားကတော့ ဘာလို့ဒီလောက်မည်းနေရတာလဲ"ဒါကို အခြားနန်းတွင်းအရာရှိတစ်ယောက်က ဝင်ပြောလိုက်သေးတယ်။ "ဟုတ်တယ် ရာမန်၊ မင်း ဘာလို့ ဒီလောက်ရုပ်ဆိုးရတာလဲ" ပြီးတော့ နောက်တစ်ယောက်က အော်ပြန်ပါတယ်။ "မင်းက ဆင်းရဲတဲ့မိသားစုက လာတာဆို" ကျန်တဲ့လူတွေက ဝိုင်းပြီးလှောင်ပြောင်ရယ်မောကြတယ်။ ဘုရင်နဲ့ ကျန်တဲ့နန်းတွင်းအရာရှိတွေကတော့ မရယ်ဘဲ နှုတ်ဆိတ်နေကြတယ်။ သူတို့က ရာမန်ကိုချစ်ကြတာကိုး။ ဘုရင်ကြီးက ရာမန်ကိုနောက်ပြောင်တဲ့သူတွေကို ဒေါပွတယ်။ ဒါပေမဲ့ အရာရှိတွေဖြစ်နေလို့ သူက ဘာမှဝင်မပြောဘူး။ ဘုရင်ကြီးက ရာမန် သူ့ကိုယ်သူ သတိထားနေတတ်တယ်ဆိုတာကို သိတယ်။ ဒါကြောင့် ရာမန်ရဲ့တုံ့ပြန်ချက်ကိုပဲ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်နေသတဲ့။

Raman smiled at the courtiers and said, "Oh! That's simple my friends. You do know that God created all things big and small. But he was not happy, so he made humankind in his likeness. God was so happy with his creation that he decided to make humankind the most superior of all beings. So one day God called all human beings and told them that he had decided to give them some special gifts. The gifts of Wealth, Fair skin, Beauty, Power, Intelligence, Wit and Common sense. But there was a condition, God said that each human could choose only three of these gifts."

ရာမန်က နန်းတွင်းသားတွေကို ပြုံးပြီးပြောလိုက်တယ်။ "ဒါက ရိုးရိုးလေးပါ သူငယ်ချင်း၊ ဘုရားသခင်က အကြီးအသေး အားလုံးဖန်ဆင်းတယ်ဆိုတာ မင်းသိတယ်မဟုတ်လား။ ဒါပေမဲ့ သူက မပျော်ရွှင်တော့ လူတွေကို သူ့စိတ်ကြိုက် မျိုးစုံဖန်တီးပစ်တယ်။ ဘုရားက ပျော်ရွှင်ပြီဆိုရင်တော့ လူသားတွေကို အကောင်းဆုံးတွေချည်းပဲ ဖန်တီးပေးမှာပေါ့။ တစ်နေ့မှာ ဘုရားသခင်က လူတွေကို ခေါ်ပြောတယ်။ သူ လူတွေကိုပေးဖို့ အထူးလက်ဆောင်တွေ ဖန်တီးဖို့ ဆုံးဖြတ်ထားတဲ့အကြောင်းပေါ့။ အထူးလက်ဆောင်တွေကတော့ ချမ်းသာကြွယ်ဝတာ၊ အသားအရည် အရောင်အဆင်း၊ အလှအပ၊ သြဇာအာဏာ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ ဇဝနဉာဏ်ကောင်းမှုနဲ့ သာမန်အသိဉာဏ်တွေပါပဲ။ ပြီးတော့ ဘုရားသခင်က ပြောတယ်။ လူတစ်ယောက်ချင်းစီက

ကြိုက်ရာလက်ဆောင် ၃ ခုကိုပဲ ရွေးချယ်ရမယ်လို့"

The courtiers could not understand what Raman was trying to say. So Raman explained, "It is very clear my friends, that while all of you picked Fair skin, Wealth and Beauty, I picked Intelligence, Wit and Common sense."

ရာမန် ဘာတွေပြောနေတယ်ဆိုတာကို နန်းတွင်းအရာရှိတွေက နားမလည်ကြဘူး။ ဒီတော့ ရာမန်က ရှင်းပြတယ်။ "ဒါတအား ရှင်းပါတယ် သူငယ်ချင်း။ မင်းတို့က အသားအရည်လှတာ၊ ချမ်းသာကြွယ်ဝပြီးလှတာတွေကို ရွေးချယ်ခဲ့တယ်။ ငါကတော့ ဉာဏ်ရည်ထက်မြက်တာရယ်၊ ဇဝနဉာဏ်ကောင်းတာရယ်၊ သာမန်အသိဉာဏ်ရယ်ကို ရွေးချယ်ခဲ့တာလေ"

The entire court, lead by King Krishnadevaraya burst out laughing. None of them liked the proud and greedy courtiers, so everyone was happy to see them shamed by Raman. The courtiers learned a bitter lesson and never tried to get the better of Tenali Raman. But secretly they planned to remove Raman from the court.

ဘုရင့်နန်းတွင်းရုံးတော်မှာရှိတဲ့ ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယနဲ့ ပရိသတ်က ဝါးကနဲရယ်လိုက်ကြတယ်။ ဘယ်သူကမှ မာနထောင်လွှားပြီး လောဘကြီးတဲ့နန်းတွင်းသားကို အလိုမရှိကြဘူးလေ။ ရာမန်ကြောင့် အရှက်ရသွားတဲ့သူတွေကိုကြည့်ပြီး ကျန်

တဲ့ နန်းတွင်းသားတွေက ပျော်ရွှင်သွားကြတယ်။ အရှက်ရတဲ့သူ တွေဟာ ရာမန်ရဲ့ ဒီနေ့သင်ခန်းစာကို ခါးခါးသီးသီး ခံစားသွားရ ရှာသတဲ့။ သူတို့က နောင် ဘယ်တော့မှ ရာမန်ကို ပညာမစမ်းရဲ ကြတော့ဘူး။ ဒါပေမဲ့ နန်းတော်ကနေ ရာမန်ကို ဖယ်ရှားပစ်ဖို့ အရေးတော့ လျှို့ဝှက်ပြီး ကြံစည်နေကြတုန်းပေါ့ကွယ်။

■

In those days, people did not have shopping malls to buy their food or and fridges store their food. After the harvest season they would store the food in pots and baskets. Rats would often break in and steal the food.

ရှေးခေတ်ကလူတွေမှာ အစားအသောက်တွေဝယ်ဖို့နဲ့ အစားအသောက်တွေကို မပျက်စီးအောင် ရေခဲသေတ္တာထဲထည့်ဖို့ ရှော့ပင်းမောတွေမရှိကြသေးဘူးပေါ့။ ကောက်ရိတ်သိမ်းပြီးတဲ့အချိန်မှာ သူတို့က စားစရာတွေကို အိုးတွေ၊ ခြင်းတောင်းတွေထဲမှာပဲ သိုမှီးထားကြရတယ်။ ကြွက်တွေက တစ်ခါတလေ ဖျက်ဆီးဝင်ရောက်ပြီးတော့ အစားအစာတွေကို ခိုးသွားတတ်သေးသတဲ့။

During one harvest season the Kingdom of Vijayanagar was infested by rats. The people knew that if they did not do something to drive the rats from the Kingdom, the rats would eat all the food that they had stored, and the people would starve. Unable to solve the problem themselves, the people visited the great King Krishnadevaraya. They told him about the problem and asked him to find a solution. The King could not come up with an immediate solution so he asked his courtiers.

ကောက်ရိတ်သိမ်းချိန်ကာလတစ်ခုအတွင်းမှာ ဗီဂျေးရာနာဂါ တိုင်းပြည်ကို ကြွက်တွေစုပြုံကျရောက်လာသတဲ့။ ကြွက်တွေကို တစ်နည်းနည်းနဲ့မှ မရှင်းနိုင်၊ မသုတ်သင်နိုင်ရင် စုဆောင်းထားတဲ့ အစားအစာတွေကို ကြွက်တွေအကုန်စားပစ်တော့မယ်။ စားစရာ မရှိတော့ရင် လူတွေ အစာငတ်ကုန်တော့မယ်လို့ လူတွေအားလုံး သိထားကြတယ်။ လူတွေက ဒီပြဿနာကို မဖြေရှင်းနိုင်တော့ ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယဆီကို ရောက်လာကြသတဲ့။ လူတွေက ပြဿနာအဝဝကို ဘုရင်ကြီးဆီ တိုင်တန်းပြီး ဖြေရှင်းဖို့နည်းလမ်းကို မေးကြသတဲ့။ ဘုရင်ကြီးလည်း ဖြေရှင်းမယ့်နည်းလမ်းကို ရုတ်တရက်မသိတော့ သူ့ရဲ့နန်းတွင်းအရာရှိတွေနဲ့ တိုင်ပင်တာပေါ့။

The courtiers came up with different solutions. One of them suggested that the soldiers in the

King's army be sent out to hunt rats. The King did not agree since the soldiers were trained to fight, not to kill the rats. Another courtier suggested that the King should ask for international help and call the Pied Piper. But the King did not agree. He firmly believed that someone in his own Kingdom could come up with a perfect solution.

နန်းတွင်းအရာရှိတွေက ဖြေရှင်းမယ့်နည်းလမ်းအမျိုးမျိုးကို စဉ်းစားကြတယ်။ အရာရှိတစ်ယောက်က ကြွက်တွေကို နှိမ်နင်းဖို့ ဘုရင့်ရဲမက်တွေကို စေလွှတ်သင့်တယ်လို့ အကြံပြုတယ်။ ဒါကို ဘုရင်ကြီးက သဘောမတူဘူး။ ဘာကြောင့်လဲဆိုတော့ ရဲမက်စစ်သည်တွေဆိုတာက စစ်တိုက်ဖို့ပဲလေ့ကျင့်ထားတာလေ။ ကြွက်နှိမ်နင်းဖို့မှမဟုတ်တာ။ နောက်ထပ်နန်းတွင်းအရာရှိတစ်ယောက်က အပြည်ပြည်ဆိုင်ရာ အကူအညီယူဖို့ အကြံပြုတယ်။ ဒါကိုလည်း ဘုရင်ကြီးက သဘောမတူပြန်ဘူး။ ဘုရင်ကြီးက သူ့နန်းတော်ထဲက သူသာလျှင် ဒီပြဿနာကိုဖြေရှင်းနိုင်မယ်လို့ယုံကြည်နေသတဲ့။

Tenali Raman happened to be that person. He told the King that the simplest solution would be to give a cat to each house in the Kingdom. The cat would feed on the rats and the people would not have to worry anymore. The King clapped his hands loudly saying, "Great! Once again you have come to our rescue, Raman of Tenali. I will make sure that every house in my

Kingdom has a cat."

ဘုရင်ကြီးက ပြဿနာဖြေရှင်းနိုင်မယ်လို့ထင်နေတဲ့ သူက တော့ တီနာလီရာမန်ပါပဲ။ ရာမန်က အိမ်တစ်အိမ်ချင်းစီကို ကြောင်တစ်ကောင်စီပေးထားဖို့ ဘုရင်ကြီးကို ပြောလိုက်တယ်။ ရာမန်က ကြောင်တွေကိုထားလိုက်ရင် ကြွက်တွေကို စားပစ်မှာမို့ လို့ နောက်ထပ်စိတ်ပူစရာမရှိဘူးလို့ ပြောတာပေါ့။ ဘုရင်ကြီးက သဘောကျပြီး လက်ခုပ်လက်ဝါးတီးလိုက်တယ်။ ပြီးတော့ "မင်းက ငါတို့.ကိုကယ်တင်ဖို့ ရောက်လာတာပဲ ရာမန်။ ဒီတော့ အိမ်တစ်အိမ်ချင်းစီမှာ ကြောင်တစ်ကောင်စီရှိအောင် ငါစီစဉ်လိုက် မယ်"လို့ ပြောသတဲ့။

Rajaguru was once again very angry that Raman had earned the King's praise. But since he had not come up with the answer he had no choice but to keep quiet. Not wanting to miss the opportunity to make some extra money he came up with a greedy plan. He was a cow dealer. He would buy cows from outside and sell them to the people in the Kingdom at a higher price. He knew that this was the perfect opportunity for him to sell some extra cows.

ရာမန်က ဘုရင်ကြီးရဲ့ချီးမွမ်းတာခံရပြန်တော့ ရာဂျာဂုရုက ဒေါသထွက်ရပြန်တယ်။ ဒါပေမဲ့ သူက ဘာနည်းလမ်းမှမပေးနိုင် တော့ ဒီအတိုင်းပဲ နှုတ်ဆိတ်ပြီးနေနေရတာပေါ့။ ရာဂျာဂုရုက

သူ့ရဲ့လောဘတကြီး အစီအစဉ်အတိုင်း အပိုဝင်ငွေရဖို့ အခွင့်အရေးကို စောင့်နေသတဲ့။ ရာဂျာဂုရုက နွားပွဲစားတစ်ယောက်လည်းဖြစ်တယ်။ သူက အပြင်ကနေ နွားတွေကိုဝယ်ပြီး နန်းတော်ထဲမှာ ဈေးကြီးကြီးနဲ့ ပြန်ရောင်းတတ်တယ်။ သူ့မှာဝယ်ထားတဲ့ နွားအပိုတွေရှိတော့ အခွင့်ကောင်းရမယ်ဆိုတာ ကောင်းကောင်းသိနေသတဲ့။

Approaching the King Rajaguru said, "You Majesty, what is the use of giving your people cats, if they don't keep the cats healthy? I suggest that you give each house a cow along with the cat. The cow would give milk. The cat can drink the milk and be healthy. What do you think dear King?"

ဘုရင်ကြီးအနားရောက်လာတော့ ရာဂျာဂုရုက ပြောလိုက်တယ်။ "မင်းကြီး၊ လူတွေကို ကြောင်တွေပေးပြီး ဘယ်လို အသုံးချမှာလဲ။ ကျွန်တော်မျိုး အကြံပြုချင်ပါတယ်။ အိမ်တစ်အိမ်ချင်းစီမှာ ကြောင်တစ်ကောင်နဲ့ နွားတစ်ကောင်ရှိထားရင် ပိုကောင်းလိမ့်မယ်။ နွားကရတဲ့ နွားနို့ကို ကြောင်ကသောက်ရင် ကြောင်တွေကျန်းမာသန်စွမ်းပြီး အားရှိလာမှာပေါ့"

The King thought about it for a while then said, "I think you are right Rajaguru. But where will I get so many cows from?" Rajaguru smiled and said, "Don't worry my King, I am a cow

dealer and I will get you any number of cows." So the King ordered that each house should get a cat and a cow.

ဘုရင်ကြီးက ခဏလောက်စဉ်းစားပြီး ပြောလိုက်တယ်။ "မင်းမှန်တယ်လို့ထင်တယ် ရာဂျာဂုရု၊ ဒါပေမဲ့ နွားဒီလောက် အများကြီးကို ဘယ်မှာရနိုင်မလဲ" ရာဂျာဂုရုက ပြုံးပြီးပြန်ပြောတယ်။ "စိတ်မပူပါနဲ့ မင်းကြီး၊ ကျွန်တော်မျိုးက နွားအရောင်းအဝယ် လုပ်တဲ့သူပါ။ မင်းကြီး ဘယ်နှကောင်ပဲယူယူ ပေးနိုင်ပါတယ်။ ဒီလိုနဲ့ မင်းကြီးက အိမ်တစ်အိမ်စီကို ကြောင်တစ်ကောင်နဲ့ နွားတစ်ကောင်စီ ရှိထားဖို့ အမိန့်ထုတ်လိုက်ပါတော့တယ်"

Raman had smelled a rat. He knew that Rajaguru had come up with this suggestion so that he could make some extra money. He waited for the right time to expose Rajaguru's greed.

ရာမန်က ကြွက်တွေကို အနံ့ကိုခံလိုက်တယ်။ ရာဂျာဂုရုက အပိုဝင်ငွေရရှိဖို့ ဘုရင်ကြီးကို ဒီလိုအကြံပေးတယ်ဆိုတာ သူကောင်းကောင်းသိတယ်။ ဒါကြောင့် ရာဂျာဂုရုရဲ့ လောဘကြီးပုံကို ထုတ်ဖော်ဖို့အချိန်ကောင်းကို ရာမန်က စောင့်နေသတဲ့။

Rajaguru made a lot of money as the King's orders were carried out. Very soon every house in the Kingdom had a cat and a cow. The people drew milk from the cow and gave it to the cat, as per the King's orders. Very soon all the cats in the

Kingdom were fat and lazy. All the cats except Tenali Raman's cat.

ဘုရင့်ရဲ့အမိန့်အတိုင်း ဆောင်ရွက်တာနဲ့ ရာဂျာဂုရု ဝင်ငွေ အများကြီးရှာနိုင်ခဲ့တယ်။ မကြာခင်မှာပဲ နန်းတော်ထဲမှာရှိတဲ့ အိမ်တိုင်းမှာ ကြောင်တစ်ကောင်နဲ့ နွားတစ်ကောင်စီ ရှိလာကြ သတဲ့။ လူတွေက နွားဆီကနေနို့ညှစ်ပြီး ကြောင်တွေကိုတိုက် တယ်။ သိပ်မကြာခင်မှာပဲ နေပြည်တော်ထဲမှာရှိတဲ့ကြောင်တွေ အားလုံး ဝတုတ်ပြီးပျင်းရိလာကြတယ်။ ရာမန်ရဲ့ကြောင်က လွဲ လို့ပေါ့။

Raman knew that if the cat is fed with milk, it would not be hungry enough to want to catch the rats. So on the first day he gave the cat a bowl of very, very hot milk. The cat tasted the milk, got burned and ran away. Raman repeated this a few times, till finally the cat would run away at the sight of a bowl of milk. Since there was no milk, the cat began catching rats whenever it was hungry. Very soon there were no rats in Raman's house.

တကယ်လို့ ကြောင်တွေကို နွားနို့တိုက်ရင် သူတို့က ဗိုက် မဆာတော့လို့ ကြွက်ကိုလည်းဖမ်းချင်တော့မှာမဟုတ်ဘူးဆိုတာ ရာမန်က သိတယ်။ ပထမဆုံးနေ့မှာ ရာမန်က ကြောင်ကို နွားနို့ ပူပူကြီးတိုက်လိုက်တယ်။ ကြောင်က နွားနို့ကို အရသာခံမြည်း ကြည့်လိုက်တော့ အပူလောင်ပြီးထွက်ပြေးသွားတယ်။ ဒီအချိန်က

စပြီး ရာမန်ရဲ့ကြောင်က နွားနို့မမက်တော့ဘဲ ဗိုက်ဆာတိုင်း ကြွက်ကိုပဲခုတ်တော့တယ်။ မကြာခင် ရာမန်ရဲ့အိမ်မှာ ကြွက်တစ်ကောင်မှ မရှိတော့ဘူး။

Tenali Raman's neighbours saw what was going on and informed Rajaguru. Rajaguru decided that this was the perfect opportunity to make the King throw Raman out of the court. He informed the King immediately saying, "My King, I have heard that Raman has disobeyed your orders. He is not feeding his cat with milk. Instead he is drinking the milk himself." King Krishnadevaraya was worried. Raman was the last person he had expected to disobey his orders. He asked his soldiers to bring Raman to the court at once, along with his cat.

တီနာလီရာမန်ရဲ့အိမ်နီးချင်းက ဒီအဖြစ်အပျက်ကိုသိသွားပြီး ရာဂျာဂုရုကို အသိပေးလိုက်တယ်။ ဘုရင်က ရာမန်ကို နှန်းတော်ကနေ မောင်းထုတ်နိုင်မယ့်အခြေအနေဖြစ်အောင် ဖန်တီးဖို့ ရာဂျာဂုရုက ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် သူက ဘုရင်ကို ကုန်းချောလိုက်တယ်။ "မင်းကြီး၊ မင်းကြီးရဲ့အမိန့်ကို ရာမန်က ဆန့်ကျင်နေတယ်လို့ ကြားပါတယ်။ သူက ကြောင်ကို နွားနို့မတိုက်ဘဲ သူကသောက်နေတယ်။ ဒီတော့ နွားနို့က သူ့အတွက်ဖြစ်နေတယ်" ဘုရင်ကြီးက စိတ်ပူသွားတယ်။ သူ့အမိန့်ကို မနာခံတဲ့နောက်ဆုံးပုဂ္ဂိုလ်ဟာ ရာမန်ဖြစ်နေပါလားဆိုပြီးတော့ပေါ့။ ဘုရင်ကြီးက

ရာမန်ကို သူ့ကြောင်နဲ့အတူ အခုချက်ချင်း ရှေ့တော်မှောက် ခေါ်လာဖို့ ရဲမက်တွေကို အမိန့်ပေးလိုက်သတဲ့။

When Raman entered the court the King and all the other people gasped. Unlike all the other fat cats in the Kingdom, Raman's cat was lean and skeletal. The King was angry. He shouted, "Raman of Tenali! How dare you disobey my orders and drink the milk that you should have given your cat? Look how thin your cat looks!"

ရာမန် ဘုရင့်ရုံးတော်ရောက်တော့ ဘုရင်နဲ့ အခြားလူတွေ အားလုံး ပါးစပ်အဟောင်းသားနဲ့ အံ့သြသွားကြတယ်။ ရာမန်ရဲ့ကြောင်က နန်းတွင်းမှာရှိတဲ့ တခြားကြောင်တွေနဲ့မတူဘဲ ပိန်လှီပြီး အရိုးပေါ်အရေတင်နေတာကို တွေ့ရသတဲ့။ ဘုရင်က ဒေါသထွက်သွားပြီး အော်လိုက်တယ်။ "တီနာလီရာမန်၊ မင်းက ကြောင်ကို နို့မတိုက်ဘဲ ငါ့အမိန့်ကိုဆန့်ကျင်တယ်ဆို။ မင်းရဲ့ကြောင်ကိုကြည့်စမ်း၊ ဘယ်လိုပုံစံဖြစ်နေသလဲလို့"

Raman was prepared to answer the King. He said to the King, "Your Majesty, my cat does not like milk. I will prove it to you. Could you ask your guards to bring me a bowl of milk?" When the guards brought the bowl of milk and placed it in front of Raman's cat, the cat shrieked and ran away.

ရာမန်က မင်းကြီးကို ပြန်ပြီး ဖြေဖို့ပြင်လိုက်တယ်။ ပြီးတော့ ခုလိုလျှောက်တင်လိုက်တယ်။ "မင်းကြီး၊ ကျွန်တော်မျိုးရဲ့ကြောင်က နွားနို့မကြိုက်ဘူး။ ကျွန်တော် လက်တွေ့ပြပါ့မယ်။ ဒီတော့ အစောင့်ရဲမက်တွေကို နွားနို့တစ်ဇလုံယူခိုင်းလိုက်ရမလား" အစောင့်ရဲမက်တွေက နွားနို့ဇလုံယူလာပြီး ရာမန်ရဲ့ကြောင်ရှေ့ကို ချပေးလိုက်တယ်။ ကြောင်က အာခေါင်ခြစ်အော်ပြီး ထွက်ပြေးသွားသတဲ့။

Rajaguru shouted at once, "He is trying to trick you my King. He has forced his cat to stop drinking milk, by giving it very, very hot milk!" The King frowned, looked at Raman and asked, "Is this true?" Raman nodded his head. The King shouted in anger, "How dare you!" Raman quickly said, "Please cool down O King, let me explain."

ရာဂျာဂုရုက ချက်ချင်းထအော်လိုက်တယ်။ "သူက မင်းကြီးကို လှည့်စားဖို့ကြိုးစားနေတာပါ။ သူက ကြောင်ကို နွားနို့မသောက်ရအောင်လုပ်ထားတယ်။ နို့က တအားပူလောင်နေတော့ သောက်လို့မရဘူးပေါ့"မင်းကြီးက မျက်မှောင်ကြုတ်သွားပြီး ရာမန်ကိုလှမ်းကြည့်ရင်း မေးတယ်။ "ဒါအမှန်ပဲလား ရာမန်" ရာမန်က ခေါင်းညိတ်ပြတယ်။ ဘုရင်က ဒေါသထွက်ပြီး "မင်းအတွင်ရဲလှချည်လား"ဆိုတော့ ရာမန်က "စိတ်အေးအေးထားပါ မင်းကြီး၊ ရှင်းပြပါရစေဦး"လို့ ပြန်ပြောလိုက်တယ်။

He turned to the people in the court and asked them, "People, since you got the cat and the cow, have the rats stopped coming to your house and eating your food?"

ပြီးတော့ ရာမန်က လူထုဘက်ကိုလှည့်ပြီး ခုလိုပြောလိုက်တယ်။ "သင်တို့ က ကြွက်တွေအိမ်ကိုမလာအောင်၊ သင်တို့အစား အစာတွေကိုမစားအောင်လုပ်ဖို့ ကြောင်နဲ့နွားတစ်ကောင်စီ ရထား တာ အဆင်ပြေတယ်မဟုတ်လား"

All the people shouted "NO!" One person said, "My cat is too fat and lazy, it cannot catch the rats."

လူတွေအားလုံးက "မဟုတ်ပါဘူး"လို့ ပြန်ဖြေသတဲ့။ ပရိသတ်ထဲကတစ်ယောက်က လှမ်းပြောတယ်။ "ကျုပ်ကြောင်က တအားဝပြီးပျင်းရိနေတယ်။ သူက ကြွက်တစ်ကောင်တောင် မဖမ်းနိုင်ဘူး"

Raman turned to the King and smiled, "Don't you see my King, what is the use of having a cat in your house when the cat is too fat and lazy to catch rats? By giving each house a cow that gives milk for the cat, you have unknowingly made the cats lazy. My cat on the other hand, is too scared to drink milk, so it catches rats. This has kept it fit and healthy. And most importantly it has kept the rats away from my house."

ရာမန်က ဘုရင်ဘက်ပြုံးပြပြီး ခုလိုပြောလိုက်တယ်။ "ကြောင်တွေက ဒီလောက်ဝတုတ်ပြီးပျင်းနေတော့ အိမ်မှာ ဘယ်လိုသုံးလို့ရမှာလဲ။ တွေ့တော်မူတဲ့အတိုင်းပါပဲ မင်းကြီး။ အိမ်တစ်အိမ်စီက ကြောင်တစ်ကောင်စီအတွက် နွားနို့တွေတိုက်နေရင် ကြောင်တွေပျင်းရိတော့မယ်ဆိုတာ ကြိုတင်မသိလို့ဘဲဖြစ်မယ်။ ကျွန်တော်မျိုးကြောင်ကတော့ နွားနို့ကိုမြင်တာနဲ့ ကြောက်တယ်။ ဒါကြောင့် ကြွက်ကိုဖမ်းနိုင်တာပါ။ သူက ဝိန်နေပေမယ့် ကျွန်းမာပါတယ်။ အရေးကြီးတာက အိမ်ကကြွက်တွေ အဝေးကိုပြေးဖို့ အဓိကလေ"

The King realised his mistake. He asked Rajaguru to take back all the cows and asked all the people in his Kingdom to follow Tenali Raman's example.

As a reward for pointing out his mistake, the King gave Raman a bag of gold.

ဘုရင်ကြီးလည်း သူ့အမှားကို သဘောပေါက်သွားတယ်။ ဒီတော့ သူက နေပြည်တော်ထဲမှာရှိတဲ့ အိမ်တွေဆီက နွားတွေကို ပြန်ခေါ်ယူပြီး ရာမန်ရဲ့ဥပမာအတိုင်းလိုက်လုပ်ကြဖို့ ရာဇာဂုရုကို ပြောသတဲ့။ ဘုရင်ကြီးက သူ့အမှားကိုထောက်ပြပေးလိုက်တဲ့ ရာမန်ကို ရွှေဒင်္ဂါးအိတ်တစ်အိတ် ချီးမြှင့်လိုက်ပြန်သတဲ့ကွယ်။

■

Since King Krishnadevaraya encouraged artists, musicians and scholars, many of them would come from far and wide to find favour with the King. If the King really like them, they would receive a reward of gold from the King.

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယဟာ အနုပညာရှင်ဖြစ်တဲ့ ပန်းချီဆရာတွေ၊ ဂီတပညာရှင်တွေ၊ အကြံပေးအရာရှိ ဉာဏ်ရည်ထက်မြက်သူတွေကို အားပေးတတ်တာမို့လို့ ရပ်ပေးရပ်နီးမှာရှိတဲ့ အဲဒီပညာရှင်တွေက ဘုရင်ကြီးနှစ်သက်လာအောင် ကြိုးစားတတ်ကြတယ်။ သူတို့ကို ဘုရင်ကြီးက နှစ်သက်သွားပြီဆိုရင် ရွှေဒင်္ဂါးတစ်အိတ်စီ ဆုချခံရတာကိုး။

One day a very famous artist entered the Kingdom. He had a flowing white beard, dressed

in white and always walked around with barefeet. He was a very good artist, but he was also very lazy.

တစ်နေ့မှာ နာမည်ကျော်ပန်းချီဆရာတစ်ယောက် ဘုရင့်နေပြည်တော်ထဲကို ရောက်လာသတဲ့။ သူက မုတ်ဆိတ်ဖြူ၊ အင်္ကျီဖြူနဲ့ အမြဲတစေ ဖိနပ်မပါဘဲ လမ်းလျှောက်သွားနေတဲ့သူ တစ်ယောက်ပေါ့။ သူက ပန်းချီဆရာကောင်းတစ်ယောက်ဖြစ်သလို ပျင်းရိလွန်းတဲ့သူလည်းဖြစ်တယ်။

The King had heard about the artist and wanted the artist to paint something for him. It so happened that the King was building a new room in his palace. A room dedicated to the arts. The King thought it would be good if the famous artist could paint something on the walls of the new room.

ဘုရင်ကြီးက အဲဒီပန်းချီကျော်အကြောင်း ကြားသိပြီး သူ့အတွက် ပန်းချီကားတစ်ချပ် ဆွဲခိုင်းလိုသတဲ့။ အဲဒီအချိန်အတောအတွင်းမှာ ဘုရင်ကြီးက နန်းတော်ထဲမှာ အဆောက်အဦသစ်တစ်လုံး ဆောက်ပြီးသတဲ့။ အဆောက်အဦသစ်ရဲ့အခန်းတစ်ခန်းကတော့ ပန်းချီဆရာအတွက်ပေါ့။ ဘုရင်က အဆောက်အဦသစ်ရဲ့ အခန်းထဲက နံရံပေါ်မှာ ပန်းချီကျော်ကို တစ်ခုခုရေးဆွဲခိုင်းရင်ကောင်းမယ်လို့ စဉ်းစားမိတယ်။

When the King promised him a reward of

gold, the artist agreed to do the painting. When he saw the room the artist became lazy. The room was as big as a football field. He knew that it would take him a lot of time to paint it. Not wanting to miss out on the gold, he began painting the room.

ပန်းချီဆရာက ဘုရင်ပြောသလို ရေးဆွဲပေးရင် ရွှေဒင်္ဂါး တစ်အိတ် ဆုချမယ်လို့ ဘုရင်က ကတိပေး တော့ ပန်းချီကျော်က သဘောတူလိုက်တယ်။ အခန်းသစ်ကို မြင်လိုက်တော့ ပန်းချီဆရာက ပျင်းရိသွားတယ်။ အခန်းက ဘောလုံးကွင်းလောက်ကို အကျယ်ကြီး၊ အကြီးကြီးဖြစ်နေတာကိုး။ ဒီနံရံကို ရေးဆွဲရဖို့ သူ အချိန်တော်တော်ယူရမယ်လေ။ ဒါပေမဲ့ ဘုရင်ဆုချ မယ့် ရွှေဒင်္ဂါး တစ်အိတ်ကိုလည်း လက်မလွှတ်ချင်တော့ သူက စပြီးရေးဆွဲပါ တော့တယ်။

The artist left strict instructions with the King that no one should disturb him while he was painting. He also said that no one could see his painting until he had finished.

ပန်းချီဆရာက ဘုရင်ကြီးရဲ့ တင်းကျပ်တဲ့စည်းကမ်းတွေနဲ့ ကင်းလွတ်ပြီး သူ ပန်းချီဆွဲနေတုန်းမှာလည်း ဘယ်သူကမှ မနှောင့်ယှက်ရဘူးတဲ့။ နောက်ပြီး ပန်းချီဆရာက ပြောသေးတယ်။ သူ ပန်းချီဆွဲလို့မပြီးခင်အချိန်ထိ ဘယ်သူမှမကြည့်ရဘူးတဲ့လေ။

After four days, the artist informed the King

that he had finished. Tenali Raman, who was in the court at the time asked the King if he could accompany him to see the new room. The King agreed.

ပန်းချီဆွဲတဲ့ ၄ ရက်မြောက်ရောက်တော့ ပန်းချီဆရာက သူ ဆွဲတာပြီးပြီလို့ ဘုရင်ကြီးကို အကြောင်းကြားတယ်။ တီနာလီ ရာမန်က အဲဒီအချိန်မှာ ဘုရင်ကြီးနားရောက်နေတော့ အခန်းသစ်မှာ ပန်းချီကားသွားကြည့်ဖို့ သူပါလိုက်ခဲ့ပါရစေလို့ ခွင့်တောင်းတယ်။ ဘုရင်ကြီးကလည်း သဘောတူလိုက်တယ်။

As they walked towards the new room, Raman wondered how the artist could have finished painting such a large in such a short while.

ရာမန်နဲ့ဘုရင်ကြီး အခန်းသစ်ဆီလည်းရောက်ရော ဒီလောက် ကြီးမားကျယ်ပြန့်တဲ့ ပန်းချီကားကြီးကို ပန်းချီဆရာက အချိန်တိုလေးနဲ့ ဆွဲပြီးသွားလို့ ရာမန် အံ့သြသွားတယ်။

The artist was waiting for them outside the room. He said to the King, "I have created a masterpiece for you King Krishnadevaraya. Only someone like you, who has an imagination and knows what art is all about, will appreciate it." Then looking at Raman he said, "Who is this ordinary man? Will he be able to understand my art?"

ပန်းချီဆရာက အခန်းအပြင်ကနေ ထွက်စောင့်နေတယ်။ သူက ဘုရင်ကြီးကို ပြောလိုက်တယ်။ "ကျွန်တော်မျိုး အနုစိတ် ဖန်တီးခြယ်မှုန်းထားပြီးပါပြီ မင်းကြီး။ သင်နဲ့တူတဲ့သူတစ်ယောက် ကသာ သင့်လိုမျိုး စိတ်ကူးကောင်းပြီး ပန်းချီအနုပညာရသလို ခံစားနိုင်မှာပါ" ဒီနောက်မှာ ပန်းချီဆရာက ရာမန်ကိုကြည့်ပြီး "ဒီသာမန်လူက ဘယ်သူလဲ။ ကျုပ်ရဲ့ပန်းချီအနုပညာကို သူ နားလည်နိုင်ပါ့မလား" လို့ ပြောသတဲ့။

The King replied, "This is no ordinary man. This is Raman of Tenali. One of my most trusted courtiers. He is one of the wittiest and most intelligent men in my Kingdom."

ဒီတော့ ဘုရင်ကြီးက ခုလို ပြန်ဖြေလိုက်တယ်။ "ဒါ သာမန် လူမဟုတ်ဘူးကွဲ့၊ သူက တီနာလီရာမန်တဲ့။ ငါ အယုံကြည် ရဆုံးသူတွေထဲက တစ်ယောက်ပေါ့။ သူက ဇဝနဉာဏ်ကောင်းပြီး ဉာဏ်ရည်တအားထက်မြက်တယ်"

Raman noticed that the artist looked a bit worried when the King told him that. When they entered the room they saw beautiful paintings all over. But to everyone's disappointment almost all the paintings were half finished and one wall was not painted at all. The artist, being very lazy, did not complete the paintings.

ဘုရင်က ပန်းချီဆရာကို အဲဒီလိုပြောလိုက်တော့ ပန်းချီ

ဆရာ နည်းနည်းစိုးရိမ်ပူပန်သွားတဲ့ပုံကို ရာမန် သတိထားမိလိုက်တယ်။ ဘုရင်နဲ့ ရာမန် အခန်းထဲကိုရောက်တော့ လှပတဲ့ပန်းချီကားကို တွေ့လိုက်ရသတဲ့။ ဒါပေမဲ့ စိတ်ပျက်စရာကောင်းတာက ပန်းချီကားက တစ်ဝက်တစ်ပျက်ပဲ ပြီးသေးတယ်။ နောက်နံရံ တစ်ဖက်ဆို ဆေးရောင်လုံးဝကို မတင်ရသေးဘူးတဲ့။ ပန်းချီဆရာက လူပျင်းဆိုတော့ ပန်းချီကားက လုံးဝလက်စသတ်နိုင်တဲ့အထိ မပြီးသေးတာပေါ့။

Although he could see that the paintings were half finished, the King did not want to point it out. He was afraid that the artist might think that he was a fool.

ပန်းချီကားတွေ မပြီးသေးဘဲ တစ်ဝက်တစ်ပျက်ဖြစ်နေတာကို ဘုရင်ကြီးက မြင်ပေမယ့် ဘာမှထောက်ပြပြောဆိုခြင်း မရှိပါဘူး။ ပန်းချီဆရာက သူ့ကိုအရူးလို့ထင်မှာကို ဘုရင်က ကြောက်နေသတဲ့။

Raman did not care. He knew that the paintings had not been finished, so he asked the artist, "Why have you not finished the paintings friend?" The artist looked at Raman, then turned to the King and said, "See, I told you he would not understand my art. Only someone who has an imagination and knows what art is all about, will appreciate my work."

ရာမန်ကတော့ သိပ်ဂရုမစိုက်ဘူး။ ဒီပန်းချီကားတွေ မပြီးသေးဘူးဆိုတာကို သူသိတယ်။ ဒီတော့ ခုလိုမေးလိုက်တယ်။ "ခင်ဗျား ဘာလို့ပြီးအောင်မဆွဲတာလဲ" ပန်းချီဆရာက ရာမန်ကို ကြည့်ပြီး ဘုရင်ကြီးဘက်လှည့်ပြောလိုက်တယ်။ "ကျွန်တော့်ရဲ့ ပန်းချီပညာကို သူ ဘာမှ နားမလည်ပါဘူးလို့ ကျွန်တော်မပြောဘူးလား။ နားလည်တဲ့တစ်ယောက်ယောက်ကသာ ကျုပ်ပညာကို ထိုက်ထိုက်တန်တန် တန်ဖိုးထားပြီး နားလည်မှာပါ"

The King was helpless. He knew that Raman was right, but did not want to look like an ignorant fool in front of the artist. Raman realised that the King could not help him out. If he did not come up with a plan to expose the lazy artist, the King would end up giving the artist money for an unfinished painting. Just then an idea struck him.

ဒီစကားကြောင့် ဘုရင်ကြီး ကူညီရာမဲ့ဖြစ်သွားတယ်။ ရာမန်မှန်တယ်ဆိုတာကို ဘုရင်ကြီးက သိတယ်။ ဒါပေမဲ့ ပန်းချီဆရာရဲ့ ရှေ့မှာ မလိုလားတဲ့ပုံစံမပြချင်ဘူး။ ဘုရင်ကြီးက သူ့ကို မကူညီနိုင်မှန်း ရာမန်ကလည်း သိတယ်။ ပျင်းရိတဲ့ပန်းချီဆရာရဲ့လုပ်ရပ်ကို ဖော်ထုတ်ဖို့အစီအစဉ်သာမရှိခဲ့ရင် ဘုရင်ကြီးက မပြီးဆုံးသေးတဲ့ပန်းချီကားအတွက် ရွှေငွေတွေ အလဟဿပေးနေရလိမ့်မယ်။ ခဏကြာတော့ ရာမန် အကြံရသွားတယ်။

Raman looked at the artist and said, "I don't think your painting skill is very good. I know that

I can paint better than you." The artist was furious. He shouted, "Hah! I am one of the best artists in this Kingdom, you can't be as good as me!"

ရာမန်က ပန်းချီဆရာကိုကြည့်ပြီး ခုလိုပြောလိုက်တယ်။ "ခင်ဗျားရဲ့ပန်းချီကျွမ်းကျင်မှုက သိပ်အကောင်းကြီးလို့ ကျုပ်မထင်ဘူး။ ကျုပ်က ခင်ဗျားထက်သာအောင်တောင် ဆွဲနိုင်သေးတယ်" ဒီစကားကြားတော့ ပန်းချီကျော် ဒေါသထွက်သွားတယ်။ ဒီတော့ သူကအော်လိုက်တယ်။ "ငါက ဒီတိုင်းပြည်ထဲမှာ အတော်ဆုံး ပန်းချီဆရာလေ။ မင်းက ငါ့ထက်ပိုပြီး မတော်နိုင်ပါဘူး"

Raman answered, "Well, then I challenge you to a competition. I will paint the wall that you have left unpainted. And I bet that it will be better than all the painting you have done." The artist agreed and so did King Krishnadevaraya. The King said to Raman, "Raman of Tenali, you surprise me everyday. I did not know that you were an artist as well. Go ahead and prove your talent."

ရာမန်ကလည်း ပြန်ပြောတယ်။ "ကောင်းပြီလေ၊ မင်းကိုပြိုင်ဖို့ ငါ စိန်ခေါ်တယ်။ မင်း ဆေးမခြယ်ရသေးတာတွေကို ငါခြယ်မယ်။ မင်းဆွဲထားတာတွေထက် သာရမယ်ကွာ"ဒါနဲ့ ပန်းချီဆရာကလည်း စိန်ခေါ်တာကို လက်ခံလိုက်တယ်။ ဘုရင်ကြီးကလည်း သဘောတူသတဲ့။ ဘုရင်က ရာမန်ကို "ရာမန်၊ မောင်မင်းက ငါ့ကို နေ့တိုင်းအံ့သြစရာတွေ လုပ်လုပ်ပြတယ်။ မင်းက ပန်းချီ

ဆရာတစ်ယောက်လည်း ဖြစ်တယ်ဆိုတာကို ငါမသိခဲ့ဘူး။ မင်းရဲ့ ကျွမ်းကျင်မှုတွေကို အခု ပြပေတော့"လို့ ပြောသတဲ့။

Just as the artist did, Raman asked the King to see that no one disturbed him while he was at work.

ပန်းချီဆရာပြောသလိုပဲ ရာမန်ကလည်း ဘုရင်ကြီးကို ပြောလိုက်တယ်။ သူ ပန်းချီဆွဲနေတုန်း ဘယ်သူမှ လာမနှောင့်ယှက်ဖို့ ပေါ့။ ဒီလိုနဲ့ ရာမန်က အခန်းထဲမှာ စဆွဲတော့တယ်။

After a few days Raman sent word for the King and the artist. They both came to the room where Raman was standing outside to greet them. He looked at the King and the artist and said, "I have also done a painting that only someone who has an imagination and knows what art is all about, will appreciate. Please come in and take a look at it."

ရက်အနည်းငယ်ကြာတော့ ရာမန်က သူပန်းချီဆွဲပြီးကြောင်း အကြောင်းကြားတယ်။ ဘုရင်နဲ့ ပန်းချီဆရာကို ရာမန်က အခန်းအပြင်ကနေ ကြိုနေသတဲ့။ ရာမန်က ဘုရင်နဲ့ ပန်းချီဆရာကိုကြည့်ပြီး ခုလိုပြောသတဲ့။ "ကျုပ်လည်း ကိုယ်ပိုင်စိတ်ကူးဉာဏ် တစ်မျိုးစီရှိတဲ့ လူတွေလိုမျိုး အနုပညာရသကိုခံစားရအောင် ဆွဲပြီးပြီ။ အခန်းထဲ ဝင်ကြည့်ပါဦး"

The King and the artist entered the room. To their surprise they found the wall completely blank. Just the way the artist had left it. The King looked at Raman and wondered what was going on. The artist laughed at Raman and said, "Ha! That is a blank wall. You have not painted anything on it." Raman replied, "Oh no! That is one of the best paintings in the whole world. Only someone who has an imagination and knows what art is all about, will be able to appreciate it. Obviously you don't!"

ဘုရင်နဲ့ ပန်းချီဆရာ အခန်းထဲလည်းရောက်ရော နံရံက ဘာဆေးမှမရှိဘဲ ဖြောင်ကြီးဖြစ်နေတာကို တွေ့ရသတဲ့။ ပန်းချီဆရာလုပ်ခဲ့တဲ့ပုံစံအတိုင်းပေါ့။ ဘုရင်ကြီးက ရာမန်ကိုကြည့်ပြီး ဘာဖြစ်တာပါလိမ့်လို့ တွေဝေသွားတယ်။ ပန်းချီဆရာက ရာမန်ကို လှောင်ပြီးရယ်လိုက်တယ်။ "ဟားဟား ... နံရံဖြောင်ကြီးကိုး။ မင်း ဘာမှမဆွဲထားပါလား"ရာမန်က ခုလိုပြန်ပြောတယ်။ "အိုး ... မဟုတ်ဘူးလေ၊ ဒါ ကမ္ဘာမှာအကောင်းဆုံးပန်းချီကားပဲ။ အနုပညာရသကို ကိုယ်ပိုင်ခံစားချက်နဲ့ စိတ်ကူးကောင်းကောင်းနဲ့ ဆွဲထားတာလေ။ ခင်ဗျား ဘာမှနားမလည်ဘူးနဲ့တူတယ်"

The King smiled, for he now knew that Raman had once again used his wit and intelligence to bring out the truth. He turned to the artist and said, "He is right. If you thought that your half

finished painting was perfect, then his blank wall is even better." The artist fell at the King's feet because he knew that his laziness had been exposed. He begged the King for forgiveness and promised to finish the paintings.

အမှန်တရားကို ဖော်ထုတ်ဖို့ ရာမန်က ဒီတစ်ကြိမ်မှာလည်း သူ့ဇဝနဉာဏ်ကိုသုံးလိုက်ပြန်ပြီဆိုတာ ဘုရင်ကြီးကသိတော့ ပြုံးလိုက်တယ်။ ပြီးတော့ ဘုရင်ကြီးက ပန်းချီဆရာဘက်လှည့်ပြီး ခုလိုပြောလိုက်တယ်။ "သူကမှန်တယ်၊ မင်းရဲ့တစ်ဝက်တစ်ပျက် ပန်းချီကားတွေကို မင်းက ကောင်းတယ်လို့ထင်နေရင် သူ့ရဲ့ဇြောင်နဲ့ရံပန်းချီကားကတောင် ပိုကောင်းနေသေးတယ်မဟုတ်လား" ပန်းချီဆရာက ဘုရင့်ခြေတော်ရင်းမှာ ဒူးထောက်လိုက်တယ်။ သူ့ရဲ့ပျင်းရိမှုတွေ၊ တစ်ဝက်တစ်ပျက်ပန်းချီကားတွေနဲ့ ပတ်သက်ပြီး ခွင့်လွှတ်ပေးဖို့ တောင်းပန်သတဲ့။

The King rewarded Raman richly for daring to speak the truth and expose the lazy artist.

ဘုရင်ကြီးကတော့ အမှန်တရားကို ဖော်ထုတ်ပြောဆိုရဲတဲ့၊ ပန်းချီဆရာရဲ့ ပျင်းရိမှုကို ထုတ်ဖော်ပေးခဲ့တဲ့ ရာမန်ကို ဆုချလိုက်သတဲ့ကွယ်။

■

ရာမန်ရဲ့ အိမ်နီးချင်းများ
Raman's Neighbours

Tenali Raman was not only famous for coming to the King's rescue. He would often solve problems that his friends had. And he had the ability to help his neighbours and friends realise their mistakes.

တီနာလီရာမန်ဟာ ဘုရင့်ကို ကူညီကယ်တင်လို့ နာမည်ကျော်ကြားရုံတင်မကဘဲ မိတ်ဆွေများရဲ့ ပြဿနာအဝဝကိုလည်း မကြာခဏ ဖြေရှင်းပေးတတ်သူဖြစ်တယ်။ ပြီးတော့ သူက အိမ်နီးချင်းတွေရဲ့အမှားတွေကိုလည်း ကူညီဖြေရှင်းပေးတတ်သူဖြစ်တယ်။

It so happened that one day a newly married couple moved in to the house near Raman's house.

Everything was fine till one day Raman's wife Lalitha entered the house looking very worried. Raman asked her, "What's wrong Lalitha?" Lalitha replied, "I've been observing our neighbours ever since they came in Raman. The young couple are very lazy. All day they daydream while the old lady in their house, I think she is the boy's mother, goes to the fields to work. And to make matters worse they keep fighting with each other all the time."

တစ်နေ့မှာ ရာမန်ရဲ့အိမ်အနားကို အသစ်စက်စက် ညားခါစ လင်မယားနှစ်ယောက် ပြောင်းလာသတဲ့။ တစ်နေ့မှာတော့ ရာမန်ရဲ့ဇနီးသည် လာလီသာက စိုးရိမ်ပူပန်တဲ့မျက်နှာနဲ့ ပြန်လာသတဲ့။ ရာမန်က ဇနီးသည်ကိုမေးလိုက်တယ်။ "ဘာများဖြစ်လို့လဲ လာလီသာ" လာလီသာက ပြန်ပြောတယ်။ "ညားခါစလူငယ်လင်မယားက တအားပျင်းကြတယ်။ အမယ်အိုကြီးက အိမ်အလုပ်တွေကိုလုပ်နေတဲ့အချိန်မှာ သူတို့ကတော့အလေလိုက်နေကြလေရဲ့။ ကျွန်မထင်တာတော့ ကောင်လေးရဲ့အမေလို့ထင်တယ်။ ပိုပြီးဆိုးတာကလေ သူတို့လင်မယားက တစ်ချိန်လုံး ရန်ဖြစ်နေကြတာပဲ"

Raman decided that he would teach them a lesson as soon as he got the opportunity. He did not have to wait for a long.

ရာမန်က အခွင့်အရေးရရင် အဲဒီလင်မယားနှစ်ယောက်ကို

သင်ခန်းစာပေးဖို့ ဆုံးဖြတ်ထားတယ်။

One afternoon Raman heard a lot of shouting and screaming going on in his neighbour's house. He walked over and found the young wife throwing things at her husband. The husband was standing outside and breaking some pots.

တစ်ခုသောနေ့လည်ခင်းမှာတော့ ရာမန်က သူ့အိမ်နီးချင်း လင်မယားဆီက အော်ဟစ်ဆူညံသံတွေကို ကြားလိုက်ရတယ်။ ရာမန်ဝင်သွားတော့ ဇနီးသည်ငယ်ငယ်လေးက လင်ဖြစ်သူကို ပစ္စည်းတွေနဲ့ ပစ်ပေါက်နေတာ တွေ့လိုက်ရသတဲ့။ လင်ဖြစ်သူက အပြင်ဘက်မှာ မတ်တပ်ရပ်နေပြီး အိုးအချို့ကို ခွဲပစ်နေသတဲ့။

Raman shouted at them, "Hey! Hey! Would you two please calm down and tell me what is going on. Maybe I can help you solve your problem."

ရာမန်က သူတို့ကိုအော်လိုက်တယ်။ "ဟေး ... မင်းတို့နှစ်ယောက်စလုံး စိတ်အေးအေးထားပြီး ဘာဖြစ်တာလဲဆိုတာ ပြောပါဦး။ မင်းတို့ပြဿနာ ငါရှင်းပေးနိုင်တာရှိရင် ရှင်းပေးရအောင်"

The young husband walked up to Raman and said, "It's all her fault." The wife rushed out and shouted, "No! It's all his fault!"

ခင်ပွန်းဖြစ်သူလူငယ်က ရာမန်ဘက်လျှောက်လာပြီး "အဲဒါ

သူ ကြောင့်ဖြစ်တာ"လို့ပြောနေတုန်း ဇနီးသည်ကလေးကလည်း ပြေးထွက်လာပြီး ခုလိုအော်လိုက်ပါတယ်။ "မဟုတ်ဘူး အဲဒါ သူ ကြောင့်ပါ"

The husband continued, "I was dreaming of becoming rich, so I dreamed of buying a cow and selling the milk to make some money." The wife shouted, "I too dreamed that I would help him become rich so I went out and bought four pots for the milk from the cow that he dreamed of buying."

လင်ယောကျ်ားဖြစ်သူက ဆက်ပြီးပြောတယ် "ကျွန်တော်က ချမ်းသာဖို့ စိတ်ကူးယဉ်နေတာ။ နွားတစ်ကောင်ဝယ်မယ်၊ ပြီးရင် နွားနို့ရောင်းပြီး ပိုက်ဆံရှာမယ်" ဒီတစ်ခါ ဇနီးသည်က အော်ပြောပြန်တယ်။ "ကျွန်မကတော့ ချမ်းသာလာရင် သူ့ကိုကူညီမယ်၊ နွားနို့ညှစ်ဖို့ အိုး ၄ လုံးဝယ်မယ်ဆိုပြီး စိတ်ကူးယဉ်တာပါ"

The husband pushed his young wife aside and said, "I asked her why she had bought four pots and she told me that one pot was for the milk, one was for buttermilk one was to be used to store ghee and... you won't believe this ...was to send milk to her sister!!! Just imagine that! Her useless sister, who does nothing but daydream all day! Why should we give her any milk?" The young

wife ignored Raman, turned to her husband and started hitting him with a broom shouting, "That's no reason for you to break the pots! Why did you break the pots!"

လင်ဖြစ်သူက သူ့ဇနီးသည်ကို ဘေးတွန်းပြီး ဆက်ပြောတယ်။ "ကျွန်တော်က သူ့ကိုမေးတယ် ဘာလုပ်ဖို့အိုး ၄ လုံးဝယ်ရတာလဲဆိုပြီးတော့။ သူက ကျွန်တော့်ကိုပြောတာတော့ နွားနို့အတွက်တစ်အိုး၊ ထောပတ်အတွက်တစ်အိုး၊ ဒိန်ချဉ်အတွက်တစ်အိုး၊ အဲဒါ သူ့အစ်မကိုပေးဖို့လုပ်တာလေ စဉ်းစားကြည့်ပါဦး။ သူ့အစ်မလို သုံးမရတဲ့သူကို၊ ဘာမှမလုပ်တဲ့သူကို ဘာကြောင့် နွားနို့ပေးရမှာ လဲ" ဒီတစ်ခါ ဇနီးဖြစ်သူက ရာမန်ကို ဥပေက္ခာပြုပြီး သူ့လင်တော်မောင်ကို တံမြက်စည်းနဲ့ စရိုက်ပါတော့တယ်။ "ရှင်က အိုးကို ခွဲစရာအကြောင်းမရှိဘူး၊ ဘာကြောင့် အိုးကိုခွဲပစ်ရတာလဲ" ဆိုပြီး အော်ပြီးရိုက်တာပေါ့။

Raman could not believe what he was hearing. This couple was fighting over a cow that they had dreamed they would buy! A cow that they had dreamed, would make them rich and give them milk, ghee and money!! Raman decided that he had to teach them a lesson.

ရာမန်က ကြားရတာကို မယုံနိုင်တော့ဘူး။ သူတို့လင်မယားက နွားတစ်ကောင်ဝယ်ဖို့အရေးအတွက် ရန်ဖြစ်နေကြတာကိုး။ သူတို့ဝယ်မယ်ဆိုတဲ့စိတ်ကူးထဲက နွားက သူတို့ကို နွားနို့၊ ဒိန်ခဲ၊

ဒိန်ချဉ်၊ ထောပတ်နဲ့ ပိုက်ဆံတွေလုပ်ပေးမှာလေ။ ရာမန်က အဘက်ဘက်က သုံးသပ်ပြီး လူငယ်လင်မယားကို သင်ခန်းစာပေးဖို့ ဆုံးဖြတ်လိုက်တယ်။

He looked around, picked up a long bamboo stick and started beating them both. The young couple were too stunned to react. The screamed in pain and the husband said, "Hey! Hey! Why are you beating us? Stop beating us please! Why are you beating us?"

ရာမန်က ဝါးလုံးရှည်တစ်ချောင်းကို အနီး နားမှာ ရှာလိုက်ပြီး အဲဒီလူငယ်လင်မယားနှစ်ယောက်စလုံးကိုစရိုက်ပါတော့တယ်။ သူတို့စုံတွဲက ငယ်သံပါအောင်အော်ပြီး "ဟေး ... ခင်ဗျားက ဘာလို့ရိုက်တာလဲ၊ ရိုက်တာကို ရပ်လိုက်ပါ။ ဘာကြောင့် ရိုက်ရတာလဲ"

Raman stopped beating them and said, "Oh! That's simple! I was beating you because I dreamed that the cow you dreamed of buying had eaten the vegetables I planted in my garden!" The husband protested, "Wait a minute, you haven't planted any vegetables in your garden!" Raman replied, "Oh! I dreamed I planted them. If you can dream about a cow and fight over it, I'm sure I have the right to dream about planting vegetables in my garden!"

ရာမန်က ရိုက်တာကိုရပ်လိုက်ပြီး ပြောလိုက်တယ်။ "အိုး... ဒါက ရိုးရိုးလေးပါ။ မင်းတို့ဝယ်မယ့်နွားက ငါ့ပန်းခြံထဲမှာစိုက်ထားတဲ့ ဟင်းသီးဟင်းရွက်တွေကို လာစားသွားတယ်လို့ အိပ်မက်မက်တယ်" ထိုအခါ ယောကျ်ားဖြစ်သူက "ခဏနေပါဦး၊ ခင်ဗျားခြံထဲမှာ ဘာအသီးအရွက်ပင်မှမရှိဘူးလေ" လို့ပြောသတဲ့။ ထိုအခါ ရာမန်က "ငါစိုက်ထားတယ်လို့ အိပ်မက်မက်တာပါဆိုနေ။ မင်းတို့လင်မယားဟောင် စိတ်ကူးထဲကနွားကိုဝယ်ပြီး ရန်ဖြစ်ကြသေးတာ ငါ့ရဲ့ပန်းခြံထဲမှာလည်း ဟင်းသီးဟင်းရွက်စိုက်ထားတာကို အိပ်မက်ခွင့်ရှိတာပေါ့ မဟုတ်ဘူးလား" လို့ ပြောတာပေါ့။

The young couple hung their heads in shame. They realised that they were acting foolish. Thanking Tenali Raman for helping them realise their mistake they promised to stop daydreaming and help their old mother in the filed.

လူငယ်လင်မယားလည်း ရှက်ရွံ့နဲ့ ခေါင်းငုံ့သွားကြတယ်။ သူတို့ရဲ့မိုက်မဲတဲ့အပြုအမူအတွက် သဘောပေါက်သွား ကြပြီလေ။ သူတို့ကိုကူညီတဲ့ ရာမန်ကို ကျေးဇူးတင်စကားပြောပြီး စိတ်ကူးယဉ်အိပ်မက်တာတွေကို နောင်တစ်ချိန် ထပ်မမှားမိစေရပါဘူးလို့ ကတိပေးကြသတဲ့။ သူတို့လင်မယားနှစ်ယောက်စလုံး မိခင်အိုကြီးရဲ့အလုပ်တွေကို ဝိုင်းလုပ်ပေးကြတယ်။

From that day onwards Raman never had a problem with his neighbours. They worked hard and became rich.

အဲဒီနေ့ကစပြီး ရာမန်လည်း အိမ်နီးချင်းလူငယ်လင်မယားရဲ့ပြဿနာကို မကြားရတော့ဘူး။ သူတို့နှစ်ယောက်စလုံးက အလုပ်တအားကြိုးစားကြပြီးတော့ တဖြည်းဖြည်း ချမ်းသာလာကြသတဲ့ကွယ်။

■

ဘာမှမရှိတဲ့ဖလား
The Empty Bowl

King Krishnadevaraya had to fight many battles to keep invaders from destroying his Kingdom. After winning a very important battle, the King decided to celebrate his victory. He said to his courtiers, "This victory would not have been possible without your contribution. Each of you deserves a prize for helping us become victorious."

ဘုရင်ကြီး ခရစ်ရှ်နာဒီဗာရာယဟာ သူ့တိုင်းပြည်ထဲကို ကျူးကျော်သူတွေ မဝင်ရောက်နိုင်ဖို့ တိုက်ပွဲများစွာကို ဆင်နွှဲရ တော့မှာပါ။ အရေးကြီးတဲ့တိုက်ပွဲတစ်ခုကို အောင်နိုင်ပြီးတဲ့နောက် မှာတော့ သူ့အောင်ပွဲကို ခမ်းခမ်းနားနားကျင်းပဖို့ ဘုရင်ကြီးက ဆုံးဖြတ်ထားသတဲ့။ ဒါကြောင့် နန်းတွင်းအရာရှိတွေကို မှာလိုက်

ဘယ်။ "ဒီအောင်ပွဲဟာ ငါ့အရည်အသွေးမပါဘဲနဲ့ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး။ မင်းတို့အရာရှိတွေကလည်း ငါ့ကိုအောင်ပွဲ ရအောင် ကူညီကြလို့ ဆုတစ်ဆုစီ ထိုက်တန်ပါတယ်"

The courtiers were very happy. They clapped loudly for their King. King Krishnadevaraya raised his hands and said, "Calm down. I would like to give everyone of you a prize, but there is one condition. I have kept all the prizes behind this velvet curtain, I want each of you to go behind the curtain and pick up only one gift – that's the condition." Everyone was happy.

နန်းတွင်းသားတွေက အလွန်ပျော်ရွှင်ကြပြီး သူတို့ရဲ့ဘုရင် ကြီးကို လက်ခုပ်လက်ဝါးတီးပြီး ချီးမွှောက်ကြသတဲ့။ ဘုရင်ကြီး ဖြစ်တဲ့ ခရစ်ရှ်နာဒီဗာရာယကလည်း သူ့လက်တွေကို မြှောက်ပြီး "ငြိမ်ငြိမ်လေးနေပေးကြပါ၊ ကျွပ် ခင်ဗျားတို့တစ်ယောက်ချင်းစီကို ဆုပေးချင်လို့ပါ။ တစ်ခုရှိတာက ပေးမယ့်ဆုတွေအားလုံးကို ဒီ ကတ္တီပါလိုက်ကာရဲ့အနောက်မှာ ထားထားမယ်။ ဒီတော့ ခင်ဗျား တို့ တစ်ယောက်ချင်းက လိုက်ကာနောက်ဝင်ပြီး ဆုတစ်ဆုတည်း ကိုသာ ယူရပါမယ်"လို့ ပြောသတဲ့။ လူတိုင်းပျော်ရွှင်သွားကြတာ ပေါ့။

Most of the courtiers were very jealous of Tenali Raman, so they pushed and shoved him around till he was standing last in the row. One by

one the courtiers walked behind the curtain and picked up their prizes. They giggled amongst themselves saying, "Hah! Finally we've managed to trick the great Tenali Raman. We will get the very best prizes while he will be left to choose from the worst."

နန်းတော်အရာရှိအတော်များများကတော့ ရာမန်ကို မနာလို ဖြစ်နေကြတယ်။ ဒါကြောင့် ရာမန်က နောက်ဆုံးအတန်းမှာ ရပ်နေတုန်း သူ့ကိုဝိုင်းပြီးတွန်းထုတ်ကြသတဲ့။ အရာရှိတစ်ယောက်ချင်းစီက လိုက်ကာနောက်ကဆုတစ်ဆုစီကိုသွားယူကြတယ်။ ပြီးတော့ ပြုံးရယ်နေလိုက်ကြတယ်။ "ဟား ... နောက်ဆုံးတော့လည်း ကြိုးမြတ်ပါတယ်ဆိုတဲ့ ရာမန်ကို ငါတို့ လှည့်စားနိုင်ခဲ့ပြီပဲ။ ငါတို့က ဆုအကောင်းစားတွေကိုရတယ်။ သူကတော့ သူများတွေမယူချင်လို့ ကျန်တာကိုပဲရမှာ" လို့ အရာရှိတစ်ယောက်က တွေးသတဲ့။

At last Tenali's turn came to collect his prize. He walked behind the curtain and looked very disappointed. He found that all the prizes had been taken. Only one small empty silver bowl was left. Tenali said to himself, "Those jealous courtiers have left me with the worst prize, but I will teach them a lesson."

နောက်ဆုံးမှာ တီနာလီရာမန် ဆုယူရမည့်အလှည့်ရောက်

လာတယ်။ ဒီတော့ ရာမန်က လိုက်ကာအနောက်ကိုသွားကြည့်တော့ တော်တော်စိတ်ပျက်သွားတယ်။ ဆုအကောင်းတွေကို အရာရှိတွေက အသီးသီးယူသွားကြပြီး ငွေဖလားအလွတ်တစ်လုံးပဲ ကျန်တော့တာကို တွေ့ရသတဲ့။ တီနာလီက သူ့ကိုယ်သူ ပြောလိုက်တယ်။ "အင်း ... ငါ့ကိုမနာလိုကြတဲ့ အရာရှိတွေက မကောင်းတဲ့၊ အညံ့ဆုံးဆိုတာကိုပဲ ထားခဲ့တယ်။ ငါ သင်းတို့ကို သင်ခန်းစာပေးဦးမှပဲ"

When Tenali stepped out from behind the curtain, the King and the other courtier were surprised to find Tenali hiding something under his coat. The King said, "Hey Raman of Tenali. What are you hiding? Are you stealing something from my palace?" Tenali did not say anything. He just smiled shyly and quickly tried to leave the palace. The jealous courtiers shouted, "Stop him O King. He is definitely trying to steal something from your palace." The King shouted out, "Guards! Catch Raman of Tenali and bring him here." The guards did as they were told.

တီနာလီရာမန်က လိုက်ကာအနောက်ကနေ ထွက်လိုက်ချိန်မှာ ဘုရင်ကြီးနဲ့ သူ့အရာရှိတစ်ဦးက ရာမန်အင်္ကျီအိတ်ထဲ တစ်ခုခု ဖွက်လိုက်တာကို တအံ့တသြတွေ့သွားတယ်။ ဘုရင်ကြီးကမေးတယ် "ဟေး ... ရာမန်၊ မင်း ဘာဖွက်လိုက်တာလဲ။ ငါ့နန်းတော်

ထဲက ပစ္စည်းတစ်ခုခိုးတာလား"ရာမန်က ဘာဆို ဘာမှပြန်မဖြေဘူး။ သူက ရှက်တဲ့ပုံစံနဲ့ပြုံးပြပြီး အမြန်ထွက်သွားခဲ့တယ်။ မနာလိုဖြစ်နေကြတဲ့ နန်းတွင်းအရာရှိတွေက အော်လိုက်တယ်။ "မင်းကြီး သူ့ကိုတားပေးပါ။ သူက သင့်နန်းတော်ထဲကပစ္စည်းတစ်ခုခုကို သေချာပေါက်ခိုးယူဖို့ ကြိုးစားနေတာပါ" ဒီစကော့ မင်းကြီးက အစောင့်ရဲမက်တွေကို အော်ပြီး အသိပေးတယ်။ "ရဲမက်တို့၊ ရာမန်ကို ဒီဖမ်းလာခဲ့"ရဲမက်တွေက ခိုင်းတဲ့အတိုင်း ဖမ်းခေါ်လာကြတယ်။

When Tenali was brought before the King he was still hiding something under his coat. The King shouted, "Raman of Tenali! How could you do this to me? Show me what you are hiding under your coat." Tenali looked up at the King and said, "O King! I would not dare steal anything from your palace. I am just hiding the prize that was left for me behind the velvet curtain."

တီနာလီရာမန်က ဘုရင့်ရှေ့တော်မှောက်ရောက်တဲ့အချိန်အထိ သူ့အင်္ကျီထဲကို တစ်စုံတစ်ရာဝှက်နေတုန်းပဲတဲ့။ ဘုရင်က အော်ပြောလိုက်တယ်။ "တီနာလီရာမန်၊ မင်းအင်္ကျီထဲဝှက်လိုက်တဲ့ဟာကို ငါ့ပြစမ်း" တီနာလီရာမန်က ဘုရင်ကြီးကို မော့ကြည့်ပြီး "အိုး ... အရှင်မင်းကြီး၊ သင့်နန်းတော်ထဲက ဘာပစ္စည်းကိုမှ ကျွန်တော်မျိုး မခိုးရဲပါဘူး။ ကျွန်တော်မျိုးက ကတ္တီပါလိုက်ကာနောက်မှာကျန်တဲ့ ကျွန်တော်မျိုးရဲ့ဆုတံဆိပ်ကို ဝှက်ထားလိုက်

တာပါ" လို့ ပြန်ပြောတယ်။

The King looked surprised and said, "What! Show me the prize that was left for you. Was it so bad that you had to hide it?" Tenali took out the empty silver bowl and said, "O King! Your Kingdom and your people see you as a rich and generous man. If they find out that you have given me an empty bowl they will start to wonder whether you have lost all your wealth. In fact they might even want to get a new King."

ဘုရင်ကြီးက တအားအံ့သြသွားတယ်။ ပြီးတော့ "ဘာပြောတယ်၊ မင်းအတွက်ထားခဲ့တဲ့ ဆုတံဆိပ်ကို ငါ့ကိုပြစမ်း။ ဒါကို မင်းက ဝှက်ထားတယ်ဆိုတော့ တော်တော်ဆိုးတာပဲ" လို့ ပြောတာပေါ့။ ရာမန်က ငွေဖလားအလွတ်ကို ဆွဲထုတ်လိုက်ပြီး ခုလိုပြောပြပါတယ်။ "ဘုရင်ကြီး ...၊ သင့်နန်းတော်နဲ့ တိုင်းသူပြည်သားတွေက သင့်ကို အပေးအကမ်းရက်ရောတဲ့ ချမ်းသာသူလို့ မြင်ကြပါတယ်။ တကယ်လို့ မင်းကြီးက ကျွန်တော်မျိုးကို ဒီငွေဖလားအလွတ်ပေးတာကို သိသွားခဲ့ကြရင် လူတွေက ဘုရင်ကြီး စီးပွားဥစ္စာတွေ မရှိတော့ဘူးလို့ ထင်သွားကြမှာပေါ့။ တကယ်တမ်းဆိုရင် သူတို့က နောက်ထပ်ဘုရင်အသစ်ကိုတောင် အလိုရှိနေကြသလား မသိဘူး"

The King looked shocked. He said, "Oh! Raman of Tenali! You are right. I can not give you

an empty bowl as a prize." He then called out to one of the guards and whispered something in his ear. After a short while the guard returned, hiding something under his coat. The other courtiers could not understand what was going on. The guard quickly came close to Tenali Raman and dropped a bag of gold coins, that he was hiding under his coat, into Tenali's empty bowl."

ရာမန်ရဲ့စကားကိုကြားတော့ ဘုရင်ကြီး စိတ်တော်တော် ထိခိုက်သွားသတဲ့။ ပြီးတော့ ရာမန်ကို ပြန်ပြောတယ်။ "ဒီမှာ ရာမန်၊ မင်းပြောတာမှန်ပါတယ်။ တကယ်ဆို ငါမင်းကို ငွေဖလား လွတ်မပေးသင့်ဘူး"ဘုရင်ကြီးက ခဏကြာတော့ အစောင့်တစ် ယောက်ကိုခေါ်ပြီး နားနားမှာတိုးတိုးကလေးကပ်ပြောလိုက်တယ်။ အစောင့်ရဲမက်က အပြင်ကိုထွက်သွားပြီး ခဏနေတော့ ပြန်ရောက် လာတယ်။ အစောင့်က ပစ္စည်းတစ်ခုကို အင်္ကျီထဲဝှက်ပြီး ယူလာ သတဲ့။ တခြားလူတွေက ဘာတွေလုပ်နေတာလဲဆိုပြီး နားမလည် ကြဘူးပေါ့။ အစောင့်ရဲမက်က ရာမန်ရဲ့အနား တိုးကပ်သွားပြီး အင်္ကျီထဲဝှက်ယူလာတဲ့ ရွှေဒင်္ဂါးထုပ်တစ်ထုပ် ထုတ်ပေးလိုက် သတဲ့။ အဲဒီရွှေဒင်္ဂါးထုပ်က ငွေဖလားအလွတ်ထဲ ရောက်သွားတာ ပေါ့။

Tenali proudly walked past the jealous courtiers with his bowl full of gold coins. Once again Tenali had used his wit and intelligence to get the better of them.

တီနာလီရာမန်က ရွှေဒင်္ဂါးအပြည့်ပါတဲ့ ငွေဖလားကိုကိုင်ပြီး မနာလိုဝန်တိုဖြစ်တဲ့သူတွေရဲ့အနားကနေ ဖြတ်လျှောက်သွားသတဲ့။ ဒီတစ်ကြိမ်မှာလည်း ရာမန်က သူ့ရဲ့ဇဝနဉာဏ်ကို အသုံးချပြီး အနိုင်ရရှိသွားပြန်ပါသတဲ့ကွယ်။

■

စိတ်ထားမွန်မြတ်တဲ့ ဦးလေး
The Generous Uncle

One day Tenali Raman's elderly uncle came to spend a few weeks with him. Tenali Raman hadn't see the uncle for a long time, but decided to take him into his house because he was an old man.

တစ်နေ့မှာ တီနာလီရာမန်ရဲ့ဦးလေးဖြစ်သူက ရာမန်ဆီမှာ ရက်သတ္တပတ်အနည်းငယ်အချိန်ဖြုန်းဖို့ ရောက်လာခဲ့တယ်။ ရာမန်က ဦးလေးနဲ့မတွေ့ဖြစ်တာ အတော်ကြာပြီတဲ့။ ဒါကြောင့် အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ဦးလေးဖြစ်သူကို သူ့အိမ်မှာ ခဏနေဖို့ ဆုံးဖြတ်စီစဉ်လိုက်တယ်။

The uncle was very religious. He believed in visiting the temple everyday. As soon as he

reached the temple he would ask one of the beggars to go over to Tenali Raman's house and have breakfast. He believed that this practice would bring him good luck.

ဦးလေးဖြစ်သူက ဘာသာရေး တော်တော်လိုက်စားသတဲ့။ သူက ဘုရားကျောင်းကိုနေ့စဉ်လာပြီး ဝတ်ပြုတတ်သတဲ့။ ဦးလေးက ဘုရားကျောင်းကိုရောက်တာနဲ့ သူတောင်းစားတစ်ယောက်ကိုခေါ်ပြီး ရာမန်ရဲ့အိမ်မှာ ထမင်းစားဖို့ ပြောလိုက်တယ်။ ဒီအလေ့အထဟာ သူ့အတွက် ကံကောင်းခြင်း ဖြစ်စေတယ်လို့ ဦးလေးက ယုံကြည်သတဲ့။

At first Tenali Raman did not mind he was happy to feed the poor beggars. But soon he found that one beggar began visiting his house more often than others. This beggar was a bully. He would fight with the other beggars and insist that he goes to Tenali Raman's house for breakfast everyday. The other beggars were afraid of this bully and allowed him to go.

ပထမတော့ ရာမန်က သူတောင်းစားကို ထမင်းကျွေးရမှာ သိပ်မကြည်ဖြူဘူးတဲ့။ ဒါပေမဲ့ သူတောင်းစားတွေထဲက တစ်ယောက်က သူ့အိမ်ကို ပထမဆုံးအလည်လာတာကိုတော့ ကျေနပ်သွားတယ်။ သူ့အိမ်လာတဲ့ သူတောင်းစားဟာ အခြားသူတောင်းစားတွေအပေါ် နိုင်လိုမင်းထက်လုပ်ပြီး နေ့စဉ်နံနက်စာအတွက်

ရာမန်ရဲ့အိမ်ကို လာရောက်တတ်သတဲ့။ အခြားသူတောင်းစားတွေက သူ့ကိုကြောက်ကြတော့ အမြဲတမ်းဦးစားပေးရတယ်။

Tenali realised what was going on and said to himself, "I have got to teach this fellow a lesson. He is a bully and does not allow the other beggars to come and have a meal."

"ငါတော့ ဒီလိုနိုင်လိုမင်းထက်ပြုတဲ့ သူတောင်းစားကို သင်ခန်းစာပေးရတော့မယ်"လို့ ရာမန်က စဉ်းစားသတဲ့။ ဘာလို့လဲဆိုတော့ အခြားသူတောင်းစားတွေ ရာမန်ရဲ့အိမ်မှာ ထမင်းလာစားတာကို သူက မကြိုက်ဘူး၊ သူပဲလာစားချင်တယ်လေ။

The next day, Tenali's uncle left for the temple early in the morning. As was his normal practice he said to the beggars, "One of you may go over to my nephew's house and have breakfast." The bully beggar jumped up and said, "I will go sir." The other beggars watched silently.

နောက်တစ်နေ့မှာ တီနာလီရဲ့ဦးလေးက နံနက်စောစော ဘုရားကျောင်းကိုသွားသတဲ့။ သူ့ရဲ့ထုံးစံအတိုင်း သူတောင်းစားတစ်ယောက်ကို စမေးလိုက်တယ်။ "ကဲ ခင်ဗျားတို့ထဲက တစ်ယောက် ကျုပ်တူရဲ့အိမ်ကို နံနက်စာထမင်းလိုက်စားပါ" အနိုင်ကျင့်နေကျဖြစ်တဲ့ သူတောင်းစားက ထခုန်ပြီး "ကျွန်တော်လိုက်စားမယ် ဆရာ"လို့ပြောတယ်။ တခြားသူတောင်းစားတွေက နှုတ်

ဆိတ်ပြီး ကြည့်နေရှာတယ်။

The beggar arrived at Tenali Raman's house and said, "Good morning Sir! I have come to have breakfast with you as per your uncle's request." Tenali Raman smiled at the beggar and said, "Ah! Welcome! We have been waiting for you." As soon as the beggar entered the house, Tenali Raman approached him with a long rope and a long stick. The beggar looked shocked and said, "Hey! What is that? What are you going to do?"

ရာမန်ရဲ့အိမ်ကို သူတောင်းစားလည်း ရောက်လာရော စပြီး နှုတ်ဆက်သတဲ့ "မင်္ဂလာနံနက်ခင်းပါဆရာ၊ ခင်ဗျားဦးလေးရဲ့ တောင်းဆိုချက်အရ ကျွပ် နံနက်စာလိုက်စားတာပါ"သူတောင်း စားက ဒီလိုပြောပြီးတော့ ရာမန်က ပြုံးတယ်။ "အား... လာပါ၊ လာပါ၊ ကျွပ်လည်း ခင်ဗျားကိုစောင့်နေတာပါ" လို့ ပြောလိုက် တယ်။ သူတောင်းစားက အိမ်ပေါ်လည်းတက်ရော ရာမန်က တုတ်ရှည်တစ်ချောင်းရယ်၊ ကြိုးရှည်တစ်ချောင်းရယ်ယူပြီး သူတောင်းစားအနားကို ချဉ်းကပ်သွားတယ်။ သူတောင်းစားက ဒါကိုမြင်တော့ ထိတ်လန့်သွားပြီး "ဟေး ... အဲဒါဘာကြီးလဲ၊ ဘာလုပ်မလို့လဲ"လို့ မေးတာပေါ့။

Tenali Raman pretended to look surprised and said, "What! Didn't my uncle tell you? Just like he promised to feed beggars every day, he has

promised to beat one beggar up every ten days. He believes that doing something like that will help him please the gods." The beggar looked very frightened. Tenali said, "Come here. I must tie you up before my uncle comes."

တီနာလီရာမန်က အံ့သြသွားချင်ယောင်ဆောင်လိုက်ပြီး ခုလိုပြောလိုက်တယ်။ "ကျုပ်ဦးလေးက ခင်ဗျားကိုပြောမထားဘူးလား။ သူက သူတောင်းစားတွေအားလုံးကို နေ့တိုင်းထမင်းကျွေးဖို့ရယ်၊ ၁၀ ရက်ကြာတိုင်း သူတောင်းစားတစ်ယောက်ချင်းစီကို ရိုက်ဖို့ရယ် ကတိပေးထားတယ်လေ။ ဒီလိုလုပ်တာဟာ ဘုရားသခင်ကို ကျေနပ်အောင်ပူဇော်တာလို့ သူကယုံကြည်တယ်" သူတောင်းစားက တော်တော်ထိတ်လန့်သွားတယ်။ ရာမန်က သူတောင်းစားကို "ဒီကိုလာ၊ ကျုပ်ဦးလေးမလာခင် ခင်ဗျားကို ကျုပ် ကြိုးတုပ်ထားပေးမယ်"လို့ ပြောလိုက်သတဲ့။

The beggar ran out of the house saying, "Oh! Sorry! Today it is another beggar's turn to receive your uncle's blessings. I will send them at once." Saying that he ran back to the temple.

ဒီတော့ သူတောင်းစားက အိမ်ထဲကနေ ပြေးထွက်သွားပြီး ခုလိုပြောလိုက်တယ်။ "စိတ်မကောင်းပါဘူးဗျာ၊ ဒီနေ့အလှည့် ကျတာ အခြားသူတောင်းစားတစ်ယောက်အလှည့်ပါ။ ကျုပ် အခုချက်ချင်း လွှတ်လိုက်ပါ့မယ်"အနိုင်ကျင့်တဲ့ သူတောင်းစားလည်း ခုလိုပြောပြီး ဘုရားကျောင်းဘက်ကို ပြန်ပြေးတော့သတဲ့။

Tenali's uncle had already finished with his prayers and had gone to a friend's house. When he returned to Tenali's house he asked him, "Did the beggar come and have breakfast?" Tenali said, "Something strange happened uncle. The beggar did come to our house. But he said that he did not want any food. Instead he wanted a rope and a long stick. He said that he wanted it because he was going to buy some cows and he needed some rope to tie them up and a stick to herd them."

ရာမန်ရဲ့ဦးလေးက ဘုရားကျောင်းမှာ ဝတ်ပြုပြီး သူငယ်ချင်းတစ်ယောက်အိမ်ကိုဝင်နေသတဲ့။ ရာမန်ရဲ့အိမ်ကိုရောက်တော့ သူက မေးလိုက်တယ်။ "သူတောင်းစား ထမင်းလာမစားဘူးလား" ရာမန်က "ထူးဆန်းတာတစ်ခုဖြစ်သွားတယ် ဦးလေး။ ဒီနေ့ သူတောင်းစား အိမ်ကိုမလာဘူး၊ ဒါပေမဲ့ သူက ပြောခဲ့ဖူးတယ်။ သူ ဘာအစားအစာမှ မလိုချင်တော့ဘူးတဲ့။ အဲဒီအစား ကြိုးတစ်ချောင်းရယ်၊ တုတ်တစ်ချောင်းရယ်ပဲ တောင်းတယ်။ သူက ဘာကြောင့်တောင်းလဲဆိုတော့ နွားတွေဝယ်ပြီး ကြိုးချည်ဖို့နဲ့ နွားကျောင်းဖို့အတွက် တုတ်လိုတဲ့အကြောင်း ပြောဖူးတယ်လေ။

The uncle said, "Oh! That's fine. Did you give him the rope and the stick?" Tenali said, "No uncle! Since I was not sure, I told him that you would visit him at the temple and give it to

him." The uncle said, "No problem. Give me the stick and the rope and I will go to the temple and give it to the beggar."

ဦးလေးက "အိုး ... ဒါကောင်းတာပေါ့။ ကြိုးနဲ့တုတ်ကို မင်း မပေးလိုက်ဘူးလား" လို့ ရာမန်ကိုမေးလိုက်တယ်။ "မဟုတ်သေးဘူး ဦးလေး၊ ကျွန်တော်ပြောတာ မရှင်းသေးဘူး။ ကျွန်တော်က သူ့ကိုပြောလိုက်တယ်။ ဦးလေးက ဘုရားကျောင်းကိုသွားရင်းနဲ့ သူ့ကိုဝင်ပေးမယ်လို့"

"ကိစ္စမရှိပါဘူးကွာ၊ ငါ့ကို တုတ်နဲ့ကြိုးသာ ပေးလိုက်၊ ငါ သူ့ကို ပေးပေးမယ်"

The beggar was seated outside the temple as usual, bullying the other beggars. Suddenly he heard a voice calling out, "Hey! You! Come here!" It was Tenali Raman's uncle. He was walking towards the temple with a stick and some rope. The beggar thought that the uncle was coming to catch him and beat him up. He screamed out in fear, got up and ran away. The uncle was surprised to see this, so he ran after the beggar shouting, "Hey! Stop! Stop! I want to give you something!" The frightened beggar kept running and never looked back. He never visited the town again.

အနိုင်ကျင့်တဲ့သူတောင်းစားက ဘုရားကျောင်းအပြင်မှာ ထိုင်ပြီး ခါတိုင်းလိုပဲ တခြားသူတောင်းစားတွေကို အနိုင်ကျင့်နေ

သတဲ့။ ရုတ်တရက်ခေါ်သံလိုလိုကြားလိုက်ရတယ်။ "ဟေး ဒီကို လာဦး၊ ငါက ရာမန်ရဲ့ဦးလေးလေ"ဦးလေးက တုတ်ရယ်၊ ကြိုးရယ် ကိုင်ပြီး လျှောက်လာတာပေါ့။ ဒါကို အနိုင်ကျင့်တဲ့သူတောင်းစားက မြင်တော့ သူ့ကိုဖမ်းဆီးကြိုးတုပ်ပြီး တုတ်နဲ့ရိုက်မယ်လို့ ထင်သွားတာပေါ့။ ဒါကြောင့် ကြောက်ကြောက်နဲ့ ငယ်သံပါအောင် အော်ပြီးပြေးတော့တယ်။ ဦးလေးက အံ့သြပြီးကြောင်သွားတယ်။ "ဟေး ... ရပ်စမ်း၊ ရပ်စမ်း။ ငါမင်းကို တစ်ခုခုပေးမလို့ပါ"အနိုင်ကျင့်တတ်တဲ့သူတောင်းစားကတော့ နောက်ကိုလှည့်မကြည့်စတမ်း ပြေးသွားပါတော့တယ်။ သူက နောက်တစ်ခါလည်း အဲဒီနေရာကို ရောက်မလာတော့ဘူးတဲ့ကွယ်။

■

ရာမန်ရဲ့ ကလဲ့စား
Raman's Revenge

Tenali Raman knew that Rajaguru and his friends were constantly plotting to get Raman thrown out of the court. They made good use of every opportunity to try and make Raman look like a fool in front of King Krishnadevaraya. For a long time Raman ignored them for he knew that he could get the better of them. But soon he grew tired of Rajaguru constantly troubling him. So he decided to get his revenge and teach Rajaguru once and for all, not to trouble him.

ရာဂျာဂုရုနဲ့ သူ့အပေါင်းအပါတွေက ရာမန်ကို ဘုရင့်ရှေ့အရှုးဖြစ်ပြီး အရှက်ရအောင်၊ နန်းတော်ထဲကနေ တစ်ပါတည်း ထွက်သွားရအောင် တစ်ချိန်လုံး ကြံစည်နေတယ်ဆိုတာကို ရာမန်

က သိသတဲ့။ ဒါကြောင့် သူတို့က အခွင့်အရေးကောင်းတွေရတိုင်း ရာမန်ကိုလုပ်ကြံဖို့ ကြိုးစားနေကြတာပေါ့။ ရာမန်က အချိန်အတော်ကြာကြာအထိ အဲဒါတွေကို ဥပေက္ခာပြုထားခဲ့တယ်။ ဒါပေမဲ့ ရာဂျာဂုရုက သူ့ကို တရစပ်မကောင်းကြံနေလေတော့ သူ့ကို နောက်ထပ်ဒုက္ခမပေးရဲတော့အောင် လက်စားချေပစ်လိုက်တော့မယ်လို့ ရာမန်က ဆုံးဖြတ်လိုက်တယ်။

Raman knew that Rajaguru followed a strict pattern. He would get up at five o'clock in the morning and go to the river on the outskirts of the city. There he would have a bath, say his prayers and return to the city.

ရာဂျာဂုရုက နံနက် စောစော ၅ နာရီ အိပ်ရာကထပြီးရင် မြို့ပြင်က မြစ်ဆိပ်သွားပြီး ရေမိုးချိုး၊ ဘုရားရှိခိုးဆုတောင်းတာတွေလုပ်ပြီးမှ မြို့တော်ကို ပြန်လာတယ်ဆိုတာ ရာမန်က ကောင်းကောင်းသိတယ်။

One day Raman got up very early and went to the river before Rajaguru could get there. He hid himself behind some bushes before Rajaguru could arrive, and waited. Rajaguru arrived on time. Looking around to see if anyone was in sight Rajaguru took off all his clothes and entered the river, clad only in his underwear. Raman waited for Rajaguru to put his head under water. As soon

as he did this, Raman rushed out, took all Rajaguru's clothes and rushed back to the bush. Rajaguru finished his bath, then as always he said his prayers in the river. When he had finished he left the water and looked around for this clothes. He was shocked to find that his clothes were missing.

တစ်နေ့မှာ ရာမန်က အိပ်ရာကနေစောစောထလိုက်ပြီး ရာဂျာဂုရုမရောက်ခင် မြစ်ဆိပ်ကိုအရင်ရောက်အောင်သွားလိုက်တယ်။ မြစ်ဆိပ်ရောက်တော့ ရာဂျာဂုရုမလာခင် ချုပ်တ်နောက်မှာ ဝင်ပုန်းပြီး စောင့်နေလိုက်တယ်။ ရာဂျာဂုရုက အချိန်မှန်ရောက်လာပါတော့တယ်။ ဘေးပတ်ဝန်းကျင်မှာ သူ့ကိုတွေ့မြင်မယ့်သူရှိ မရှိ ရာဂျာဂုရုက သတိထားကြည့်လိုက်ပြီး သူ့ကိုယ်ပေါ်က အဝတ်အစားတွေကို ချွတ်လိုက်တယ်။ ပြီးတော့ အတွင်းခံသာပါတဲ့ခန္ဓာကိုယ်နဲ့ မြစ်ထဲကိုဆင်းသွားပါတော့တယ်။ ရာမန်က ရာဂျာဂုရုရဲ့ခေါင်း ရေထဲကိုမြုပ်တဲ့အထိ စောင့်နေပြီးမှ ချုပုတ်ထဲကနေထွက်လာတယ်။ ပြီးတော့ ရာဂျာဂုရုရဲ့အဝတ်အစားအားလုံးကို ယူလိုက်တော့တယ်။ ရာဂျာဂုရုက ရေချိုးပြီးသွားပြီဆိုတော့ ဆုတောင်းရွတ်ဖတ်တာတွေ မြစ်ထဲမှာလုပ်လိုက်တယ်။ ပြီးတော့ ရေထဲကတက်လာပြီး သူ့အဝတ်အစားတွေကို ရှာတာပေါ့။ သူထိတ်လန့်တုန်လှုပ်သွားတာကတော့ သူ့အဝတ်အစားတွေ ပျောက်ဆုံးသွားတာပါပဲ။

As Rajaguru looked around helplessly, Raman

appeared from behind the bush. Rajaguru was shocked and ashamed that Raman has seen him in his underwear. He shouted, "What are you doing here? Did you see my clothes? They are missing!"

ရာဂျာဂုရုဟာကူညီရာမဲ့ဘဝရောက်ပြီး သူ့အဝတ်အစားတွေကို အသည်းအသန်ရှာတော့တာပေါ့။ ဒီအချိန် ချုပ္ပတ်နောက်ကနေ ရာမန်ပေါ်လာတယ်။ ရာဂျာဂုရုက ရုတ်တရက် ရာမန်ကိုမြင်တော့ သူ့ပုံစံအတွက် ကြောက်လည်းကြောက်၊ ရှက်လည်းရှက် ဖြစ်နေတာပေါ့။ ရာဂျာဂုရုကစပြီးပြောလိုက်တယ်။ "မင်းကဒီမှာ ဘာလာလုပ်တာလဲ။ ငါ့အဝတ်အစားတွေတွေ့မိသေးလား၊ ပျောက်နေလို့"

Raman laughed and said, "I have them Rajaguru. Do you want them back?" Rajaguru was wild with anger, he shouted, "You, you devil! Give them back to me this minute! How dare you!"

ရာမန်က အားပါးတရရယ်လိုက်တယ်။ "ငါ့ဆီမှာရှိတယ်။ မင်းကို ပြန်ပေးစေချင်လား"လို့ ရာမန်ကမေးတော့ ရာဂျာဂုရုဒေါသထွက်သွားပြီး ခုလိုအော်လိုက်တယ်။ "ဟေ့ကောင် ... လူယုတ်မာ၊ ငါ့ကို ချက်ချင်းပြန်ပေးစမ်း။ မင်း တော်တော်အတင့်ရဲတဲ့ကောင်ပဲ"

Raman laughed once again and said, "Ha! Ha! Imagine, the King's guru walking into the city in his underwear!" Rajaguru shivered at the thought. In those days a person's image was everything.

Rajaguru calmed down and pleaded with Raman, "Please give me back my clothes. I promise never to trouble you again."

ရာမန်က နောက်တစ်ကြိမ်ထပ်ရယ်ပြီး ခုလိုပြောလိုက်ပြန်တယ်။ "ဟားဟား ... ဘုရင့်ရဲ့ပညာရှိကြီးက မြို့တော်ထဲကို အတွင်းခံဘောင်းဘီကလေးနဲ့ လမ်းလျှောက်ဝင်လာမယ်ဆိုတော့မင်း စဉ်းစားကြည့်စမ်း" ရာမန်အပြောကြောင့် ရာဂျာဂုရု တစ်ချက်တွေးကြည့်ရုံနဲ့ ကြက်သီးထသွားသတဲ့။ အဲဒီခေတ်မှာက လူတွေရဲ့အနေအထိုင်၊ အပြုအမူတွေက အရာရာမှာ အရေးပါနေတာကိုး။ ရာဂျာဂုရုက စိတ်ပြေသွားပြီး ရာမန်ကို တောင်းတောင်းပန်ပန်နဲ့ "ကျေးဇူးပြုပြီး ငါ့အဝတ်အစားတွေ ပြန်ပေးပါ။ ငါမင်းကို နောက်တစ်ခါ ဒုက္ခမပေးတော့ပါဘူး"

Raman smiled and said, "Promises, promises! I will give you back your clothes on one condition."

ရာမန်က ပြုံးပြီးပြောလိုက်တယ်။ "ကတိပေးနိုင်သလား။ ကတိပေးတယ်ဆိုရင် မင်းအဝတ်အစားတွေ ငါချက်ချင်းပြန်ပေးမယ်"

Rajaguru was relieved and said, "Oh! Anything, I'll do anything, just give me back my clothes."

ရာဂျာဂုရုက စိတ်သက်သာသွားပြီး ခုလိုပြောလိုက်တယ်။ "မင်းငါ့အဝတ်အစားတွေ ပြန်ပေးရင် ငါဘာပဲလုပ်ရလုပ်ရကွာ"

Raman smiled saying, "It's actually a simple condition, all I want you to do is give me your word that you will carry me on your back into the city."

ရာမန်က ပြုံးပြီးပြောလိုက်တယ်။ "မင်းစကားတည်တယ်ဆိုရင် မင်းက ငါ့ကိုကျောပေါ်တင်ပြီး (ငါက မင်းကိုကုန်းပိုးစီးပြီး)မြို့တော်ရောက်အောင် သယ်သွားရမှာနော်"

Rajaguru was relieved. This was a simple condition he said to Raman, "I give you my word as a man and as a courtier in the great King Krishnadevaraya's court, that I will carry you on my back into the city."

ရာဂျာဂုရုက ပြန်ပြောတယ် "ငါမင်းကို သာမန်လူလိုရော၊ ဘုရင့်နန်းတွင်းအရာရှိလိုရော ကတိပေးတယ်ကွာ။ ငါမင်းကို ကုန်းပိုးပြီးခေါ်သွားပေးပါ့မယ်"

Raman gave Rajaguru his clothes. After dressing up Rajaguru allowed Raman to climb onto his back. He knew that at this part of the morning most people would be sleeping, so they would not notice him carrying Raman on his back. He smiled to himself because he thought that he had outsmarted the great Tenali Raman.

ရာမန်က ရာဂျာဂုရုကို အဝတ်အစားတွေပြန်ပေးလိုက်တယ်။ ရာဂျာဂုရုက အဝတ်အစားပြန်ဝတ်ပြီး ရာမန်ကို သူ့ကျော

ပေါ် တက်ခိုင်းတယ်။ သူက မနက်စောစောဆိုရင် လူတွေအိပ်နေ တုန်းမို့လို့ ဘယ်သူမှမမြင်ဘူးလို့ ထင်လိုက်တယ်။

To his bad luck the King Krishnadevaraya, had decided to take an early morning walk in his garden. From a distance he saw this strange sight, one man carrying another on his back. The King was furious. He believed in equality for all. Who was this man who made another carry him on his back. He called out to his guards, "You there! Go find those two men, beat the one who has made the other poor man carry him and bring them both to me. Go now!" The guards rushed away.

ကံဆိုးချင်တော့ ဘုရင်ကြီးက အဲဒီမနက်စောစောမှာ ပန်းခြံ ထဲ လမ်းလျှောက်ဖို့ အိပ်ရာကနေ အစောကြီးထသတဲ့။ ဘုရင်ကြီး က ခပ်လှမ်းလှမ်းက ထူးဆန်းတဲ့မြင်ကွင်းတစ်ခုကို သွားတွေ့ တယ်။ လူတစ်ယောက် ကျောကုန်းပေါ်မှာ လူတစ်ယောက်တင် လျက်သားပေါ့။ ဘုရင်ကြီး ဒေါပွသွားတယ်။ သူက အားလုံးကို မျှတစေချင်တယ်လေ။ သူက အစောင့်ရဲမက်တွေကိုခေါ်ပြီး "မင်း ဟိုလူနှစ်ယောက်ကို ခေါ်လာခဲ့။ ကျောကုန်းပေါ်ကလူရော၊ အောက်ကနေ သည်တဲ့သူရော" အစောင့်တွေလည်း အဲဒီနှစ် ယောက်ကိုခေါ်ဖို့ ထွက်သွားကြတယ်။

Raman had seen from a distance that the King

had spotted them, but the Rajaguru did not notice. Suddenly Raman hopped off Rajaguru's back and said, "O Rajaguru, I've just realised how bad I have been. I should not have asked you to carry me on your back." Rajaguru was surprised and relieved to have Raman off his back. He said, "I'm glad you realised your mistake, but I will have you punished for this. I will have my revenge."

ဘုရင်ကြီး အဲဒီလိုရပ်ကြည့်နေတာကို ရာမန်က ခပ်လှမ်းလှမ်းကနေ မြင်သတဲ့။ ရာဂျာဂုရုကတော့ သတိမထားမိဘူးပေါ့။ ရုတ်တရက် ရာမန်က ရာဂျာဂုရုကျောပေါ်ကနေ ခုန်ဆင်းလိုက်တယ်။ ပြီးတော့ ခုလိုပြောလိုက်တယ်။ "အိုး ... ရာဂျာဂုရု၊ ကျွန်ုပ် လုပ်ရပ် တအားလွန်သွားပြီဆိုတာ ကျွန်ုပ်သိတယ်။ ကျွန်ုပ် ခင်ဗျားကျောပေါ်မတက်သင့်ခဲ့ဘူး" ရာဂျာဂုရုက အံ့သြသွားပြီး ကျောပေါ်က ရာမန်ဆင်းလိုက်လို့ တော်တော်သက်သာပေါ့ပါးသွားသတဲ့။ ပြီးတော့ ရာဂျာဂုရုက ပြောတယ်။ "ခင်ဗျားအမှားကို ခင်ဗျားသိပြီဆိုလို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ ခင်ဗျားကို ဒီအတွက် အပြစ်ပေးရမှာပဲ"

Raman realised the Rajaguru had not learned his lesson so he quickly came up with a new plan. Kneeling down in front of Rajaguru he said, "O please forgive me Rajaguru, don't punish me. As my punishment I will carry you the rest of the way

to your house." Rajaguru was pleasantly surprised, his back and legs were paining from carrying Raman, so he decided to accept Raman's offer. With an air of victory he said to Raman, "I'm glad you have realised your mistake, I will accept your offer. You may carry me on your back, the rest of the way to my house." He climbed onto Raman's back quiet happily that he had finally humiliated Tenali Raman.

ရာမန်က သူပေးတဲ့သင်ခန်းစာကို ရာဂျာဂုရုက မနာယူနိုင်သေးဘူးဆိုတာ သဘောပေါက်သွားတယ်။ ဒါကြောင့်ပဲ အစီအစဉ်တစ်ခုကို အမြန်ရေးဆွဲလိုက်တယ်။ ရာမန်က ရာဂျာဂုရုရှေ့ကနေ ဒူးထောက်လိုက်တယ်။ "ကျုပ်ကိုခွင့်လွှတ်ပါ ရာဂျာဂုရု၊ အပြစ်မပေးပါနဲ့။ သင့်အိမ်သွားမယ့် ကျန်တဲ့လမ်းတစ်ဝက်ကို ကျုပ်ကျောပေါ်တင်ပြီး ခေါ်သွားပေးပါ့မယ်"လို့ပြောတော့ ရာဂျာဂုရုက အံ့သြကျေနပ်သွားတယ်။ သူ့ကျောကုန်းနဲ့ ခြေထောက်တွေလည်း ရာမန်ကိုသယ်ရလို့ နာကျင်နေတဲ့အတွက် ရာမန်ရဲ့ကမ်းလှမ်းချက်ကို လက်ခံလိုက်တာပေါ့။ "မင်းအမှားကို မင်းသိသွားလို့ ငါမင်းရဲ့ကမ်းလှမ်းချက်ကို လက်ခံလိုက်တာပါ။ ဒီတော့ ငါ့ကို မင်းကျောပေါ်တင်ပြီး ငါ့အိမ်ဘက်ကို သွားပေတော့" ရာဂျာဂုရုက ရာမန်ရဲ့ကျောပေါ်တက်ပြီး တိတ်တစ်ဆိတ် ပျော်ပျော်ရွှင်ရွှင်နဲ့ ပြုံးလိုက်တယ်။ နောက်ဆုံးတော့ သူက ရာမန်ကို အရှက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်နိုင်ခဲ့ပြီမဟုတ်လား။

They walked down a street when suddenly

the King's guards pounced on them. Without waiting to find out who it was, they pulled Rajaguru off Raman's back and began to beat him up Rajaguru fell to the ground shouting, "Stop! Stop! I am the King's courtier Rajaguru! Stop beating me!" The guards stopped beating him and looked very confused. But they had orders from the King. One of them said, "I'm so sorry O Rajaguru, but the King gave us orders to find the man who had made another man carry him on his back and beat him up. Please accompany us to the King and explain yourself."

ရာမန်နဲ့ ရာဂျာဂုရုတို့ လမ်းအတိုင်းဆင်းလာတဲ့အချိန်မှာ ဘုရင့်အစောင့်ရဲမက်တွေက သူတို့အပေါ်ခုန်အုပ်လိုက်သတဲ့။ သူတို့က ရာမန်ရဲ့ကျောပေါ်ကနေ ရာဂျာဂုရုကို ဆွဲချွတ်ပြီး ရိုက်ကြပါတော့တယ်။ ရာဂျာဂုရုက မြေပြင်ပေါ်လဲကျပြီး အော်နေတော့တယ်။ "ရပ်ကြစမ်း၊ ငါက ဘုရင့်ရဲ့အရာရှိကွဲ့၊ ငါက ရာဂျာဂုရုလေ။ ငါ့ကိုမရိုက်ကြနဲ့"ရဲမက်တွေက ရိုက်တာကိုရပ်ပြီး ကြည့်လိုက်တော့ ခေါင်းရွှပ်သွားကြသတဲ့။ ဒါပေမဲ့ ဘုရင့်ရဲ့အမိန့်အတိုင်း ဆောင်ရွက်ရတာဆိုတော့ "စိတ်မကောင်းပါဘူး ရာဂျာဂုရု၊ ဘုရင်ကြီးက ကျုပ်တို့ကို တာဝန်ပေးထားလို့ပါ။ လူတစ်ယောက်ရဲ့ကျောပေါ် အခြားတစ်ယောက်ကတက်နေတာကို ရိုက်ခိုင်းလိုက်တာပါ။ ကျေးဇူးပြုပြီး ကျုပ်တို့နဲ့လိုက်ခဲ့ပါ။ မင်းကြီးကို ခင်ဗျားကိုယ်တိုင်ရှင်းပြလိုက်ပေါ့"

Raman laughed all the way to the King's palace. The King was shocked to see Raman and Rajaguru appear before him. He shouted, "Guards! What is the meaning of this? Why have you brought Raman of Tenali and Rajaguru to me?"

ရာမန်က ဘုရင့်ဆီသွားတဲ့လမ်းတစ်လျှောက်မှာ ရယ်ပါတော့တယ်။ ရာဂျာဂုရုနဲ့ ရာမန် သူ့ရှေ့ပေါ်လာလို့ ဘုရင်ကြီး ထိတ်လန့်သွားတယ်။ "ရဲမက်တို့၊ ဒါဘာအဓိပ္ပာယ်လဲ။ ရာမန်နဲ့ ရာဂျာဂုရုကို ဘာလို့ဒီကိုခေါ်လာရတာလဲ" အစောင့်ရဲမက်တွေက ရှင်းပြလိုက်တော့ ဘုရင်ကြီးက ရာဂျာဂုရုဘက်လှည့်ပြီး "မင်းရဲ့ အပြုအမူနဲ့ပတ်သက်ပြီး ရှင်းပြစမ်းပါဦး။ မင်းလို ပညာရှိက ဒီလို မျိုး မဖွယ်မရာလုပ်ရသလား"

After the guards had explained what they had seen the King turned to Rajaguru and said, "Please explain your actions Rajaguru. How could a wise man like you do something like this?"

ရာဂျာဂုရုက အစောင့်တွေရိုက်ထားလို့ နာကျင်နေတုန်းပဲ တဲ့။ သူက နာကျင်လို့ ညည်းတွားနေရင်း ဘုရင်ကြီးကို အဖြစ်မှန် မပြောဖို့ ဆုံးဖြတ်ထားသတဲ့။ ရာဂျာဂုရုက "ဒါ ရာမန်အပြစ်ပါ မင်းကြီး၊ သူ့ခြေထောက်မှာ အဆူးစူးတယ်လို့ လိမ်ညာပြောပြီး သူ့ကိုကျွန်တော်မျိုးက ကျောပေါ်တင်ခေါ်လာရတယ်။ မင်းကြီးတို့က ကျွန်တော်တို့ကို မြင်တဲ့အခါကျမှ သူ့ကျောပေါ် ကျွန်တော့်ကို တင်ခေါ်တာပါ"လို့ လိမ်ပြီးလျှောက်တင်သတဲ့။

Rajaguru was still suffering from the beating that the guards gave him. Moaning in pain he decide not to tell the King the whole truth. He said, "It's Raman's fault Majesty! He told me that a thorn had pierced his leg and tricked me into carrying him to town. When he realised that you had noticed us he suddenly tricked me by allowing me to climb onto his back." The King could not understand what was going on, but he understood that Raman had once again used his wit to get out of a tight spot. He said to them, "I don't understand the two of you. You have to sort this out among yourselves. But if I ever catch either of you making another carry you I promise you will be punished severely. Go now!"

ဘုရင်ကြီးက ဘာဖြစ်တယ်ဆိုတာကို လုံးဝနားမလည်နိုင်အောင်ဖြစ်သွားတယ်။ ဒါပေမဲ့ ရာမန် ဒီတစ်ကြိမ်မှာလည်း သူ့ရဲ့ဇဝနဉာဏ်ကို အသုံးချလိုက်တာပဲဖြစ်မယ်လို့ ဘုရင်ကြီးက နားလည်လိုက်တယ်။ ဒီတော့ ဘုရင်ကြီးက ခုလိုပြောလိုက်တယ်။ "မင်းတို့နှစ်ယောက်စလုံးကို ငါ နားမလည်တော့ဘူး။ နောက်တစ်ကြိမ် မင်းတို့ တစ်ယောက်ကျောပေါ်တစ်ယောက်သည်တဲ့အခါကျမှပဲ ပြန်ပြီးအဓိဖမ်းတော့မယ်။ မိခဲ့ရင်တော့ ပြင်းပြင်းထန်ထန် အပြစ်ပေးမယ်။ သွားကြတော့"

From that day on Rajaguru kept a safe distance between him and the witty and intelligent Tenali Raman.

အဲဒီနေ့ကစပြီး ရာဂျာဂုရုလည်း ဉာဏ်ရည်ထက်မြက်ပြီး ဇဝနဉာဏ်ကောင်းလှတဲ့ ရာမန်နဲ့ အတတ်နိုင်ဆုံး ခပ်ဝေးဝေးနေသွားပါသတဲ့ကွယ်။

■

From that day on Rajaguru kept a safe distance between him and the witty and intelligent Tenali Raman.

အဲဒီနေ့ကစပြီး ရာဂျာဂုရုလည်း ဉာဏ်ရည်ထက်မြက်ပြီး ဇဝနဉာဏ်ကောင်းလှတဲ့ ရာမန်နဲ့ အတတ်နိုင်ဆုံး ခပ်ဝေးဝေးနေသွားပါသတဲ့ကွယ်။

■

တီချယ်လှိုင်ရဲ့
ကလေးများအတွက်
ရည်ရွယ်ပြုစုဆိုပေးထားတဲ့
အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ
ပုံပြင်စာအုပ်များ
ဆက်တိုက်
ထွက်ရှိလာပါမည်။

ah0020

1500.00 Ks